စိတ်ကူးချိုချိုအနုပညာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

# ရှင်မဟာသီလဝံသ

မောင်ကြည်ရှင် စီစဉ်ခဲ့သည်။



mgyne.com

ဒုတိယအကြိမ်

mgyoe.com

မင်းသုဝဏ်၊

မြကေတု၊

ဦးသော်ဇင်၊

ချောင်းဦး-မောင်စန္ဒာ၊

မေမြို့မိုးကြည်၊

ဦးဆန်းထွန်း၊

မာဃ၊

မောင်ကျောက်တိုင်၊

သုတေသီတစ်ဦး၊

ဘဝင်း၊

ဒေါ်မြင့်သန်း(မဟာဝိဇ္ဇာ)၊

မင်းမဟော်၊

မောင်ကောက်သင်း၊

မောင်ကြည်ရှင်၊......

စသူတို့၏

## ရှင်မဟာသီလဝံသ

စာပေလောကစာအုပ်တိုက်က စီစဉ်ထုတ်ဝေခဲ့သော

## ရှင်မဟာသီလဝံသ

ယခုစာအုပ်အပါအဝင် မြန်မာ့ဂန္ထဝင်စာပေပညာရှင်ကြီး ၉ ဦး၏ စာပေဂုဏ် ပညာသမာဂုဏ်ကို စုစည်းထားခဲ့ကြသော စာ ၉ အုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက် ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။

kls0102

2,700.00 KS

mgyoe.com

ရှင်မဟာသီလဝံသ
မျက်နှာဖုံးပန်းချီ - ကျော်ပြုံးစံ၊
စာမျက်နှာ ၂၁၃+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၀ စာပေလောကစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရှင်မဟာသီလဝံသ

စာပေလောကစာအုပ်တိုက်၏ စာဆိုတော်နေ့ အထူးထုတ်

စီစဉ်သူ – မောင်ကြည်ရှင်

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com
mgyoe.com

mgyoe.com

'အနုပညာ စာပေမှာ
ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း'

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| - | နိဒါန်း | | (က) |
| ၁။ | မည်သို့လက်မှတ်ရေးထိုးပါမည်နည်း | မင်းသုဝဏ် | ၁ |
| ၂။ | နိမိတ်ပုံအသွင်နှင့် စိတ်အာရုံအမြင် | မြကေတု | ၅ |
| ၃။ | ပေလေးပင် ရှင်လေးပါး | ဦးသော်ဇင် | ၁၆ |
| ၄။ | ရှင်မဟာသီလဝံသ၏ မဟာသီလဝံသ | ချောင်းဦး-မောင်စန္ဒာ | ၃၃ |
| ၅။ | ဗုဒ္ဓပ္ပုတ္တိပျို့ ရှင်မဟာသီလဝံသရေးသလော | မေမြို့-မိုးကြည် | ၄၉ |
| ၆။ | မဟာသီလဝံသ | ဦးဆန်းထွန်း | ၅၈ |
| ၇။ | ပါရမီတော်ခန်းပျို့၏ အတိမ်အနက် | မာဃ | ၆၅ |
| ၈။ | တောင်ဖောက် အတွေးအခေါ် | မောင်ကျောက်တိုင် | ၇၃ |
| ၉။ | တောင်တွင်းမှသည် အင်းဝဆီသို့ | သုတေသီတစ်ဦး | ၈၂ |
| ၁၀။ | အင်းဝခေတ် ကျောင်းသားကလေးများ | ဘဝင်း | ၉၁ |
| ၁၁။ | ရှင်မဟာသီလဝံသ အတ္ထုပ္ပတ္တိ | ဒေါ်မြင့်သန်း(မဟာဝိဇ္ဇာ) | ၉၈ |
| ၁၂။ | ရှင်မဟာသီလဝံသ၏ တောင်တွင်းလာပျို့ | မင်းမဟော် | ၁၀၈ |
| ၁၃။ | အမေးအဖြေသစ် | မောင်ကောက်သင်း | ၁၃၇ |
| ၁၄။ | ဗောဓိသတ္တ အင်းဝကြွခန်း | မောင်ကြည်ရှင် | ၁၈၆ |
| - | ရှင်မဟာသီလဝံသ စာစု | | ၂၀၀ |
| - | ရာဇဝသတီခန်း ရတုပိုဒ်စုံ | | ၂၃၅ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

တစ်နေ့သ၌ စာပေလောက ဦးခင်ညွန့်သည် 'ရှင်မဟာသီလဝံသ' အမည်ဖြင့် စာအုပ်တစ်အုပ် ထုတ်မည်ဖြစ်ကြောင်း၊ စာရေးဆရာများ စုပေါင်းရေးသားပေးကြမည်ဖြစ်ကြောင်း၊ သူကိုယ်တိုင် စာမူများ တောင်းခံထားကြောင်း ပြောပြပြီးလျှင် ထိုစာအုပ်အတွက် အကြံဉာဏ် ပေးပါဦးဟု ဆိုလေသည်။

သူ၏ရည်ရွယ်ချက်မှာ သူ၏'ရှင်မဟာသီလဝံသ'သည် ပညာရှင်သုတေသီများအတွက်မဟုတ်၊ စာပေဝါသနာရှင်များ၊ ကျောင်းသူကျောင်းသားများနှင့် အများသော စာဖတ်ပရိသတ်တို့အတွက်သာ ဖြစ်စေရမည်ဟု ကြံရွယ်လေသည်။ ဤစာအုပ်ကို ဖတ်ရုံမျှဖြင့် ရှင်မဟာသီလဝံသ ဘာလဲ၊ ဆရာတော် ဘာရေးသလဲ၊ ဆရာတော်၏ အတ္ထုပ္ပတ္တိသည် မည်သို့ရှိသလဲ၊ ဆရာတော်၏ စာများသည် အနှစ် ၅၀၀ ကျော်တိုင်အောင် ဘာကြောင့် ကျော်ကြားနေရသလဲ စသည်ဖြင့် သိသင့်သိထိုက်သမျှ တစ်စမကျန် ပါရှိစေလိုသည်။ ဖြစ်နိုင်ပါလျှင် ဆရာတော်၏ တစ်ကျမ်းတဖွဲ့မဖြစ်ကောင်းသော ကဗျာ၊ လင်္ကာတို့ကို စုစည်း၍ ပကိဏ္ဏကခန်းအဖြစ်လည်း ပါရှိစေလိုသည်။

စာပေလောက ဦးခင်ညွန့်က ထိုသို့ပြောကြားလေလျှင် မိမိလည်း စိတ်ကူးရသမျှ မည်သို့မည်ပုံ စီစဉ်သင့်ကြောင်း အကြံပေးဉာဏ်ပေးစကား ပြန်ကြားရလေသည်။

စင်စစ် စာပေလောကသည် စာပေအပေါ် သစ္စာသုံးသည်။ စေတနာထားသည်။ စာရေးဆရာများကိုလည်း သံယောဇဉ် ငြိသည်။

mgyoe.com

mgyoe.com

မြန်မာစာပေအတွက် ကျရာတာဝန် ထမ်းသင့်ရာ ဝတ္တရားများကို စာပေမြတ်နိုးသော အရင်းခံစိတ်ဖြင့် ဆောင်ရွက်မြဲ ဖြစ်သည်။ ရှေ့သို့ ကိုလည်း အစဉ်တစိုက် ဆောင်ရွက်လိမ့်ဦးမည် ဖြစ်သည်။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် စာဆိုတော် အထိမ်းအမှတ် အခမ်းအနားများကျင်းပလျက် အထိမ်းအမှတ်စာအုပ် များ ထုတ်ဝေခဲ့သည်မှာ ၁၂ နှစ်တိုင် ရောက်ခဲ့လေပြီ။ စာပေလောက ဦးခင်ညွန့်သည် မြန်စာပြန့်အသင်း၏ ရာသက်ပန် အသင်းသားတစ်ဦး လည်း ဖြစ်လေသည်။ မြန်စာပြန့်၏ လယ်တီပဏ္ဍိတ၊ မြဝတီမင်းကြီး၊ ရှင်မဟာရဋ္ဌသာရစာအုပ်တို့ကို စာပေလောကပင်လျှင် ထုတ်ဝေပေးခဲ့ လေသည်။

မိမိသည် မြန်စာပြန့်အသင်း၏ အတွင်းရေးမှူးအဖြစ်ဖြင့် ဆောင်ရွက်ရလေရာ မြန်စာပြန့်က ထုတ်ဝေသမျှ အထိမ်းအမှတ် စာအုပ်များကို မိမိပင်လျှင် စီစဉ်လုပ်ဆောင် ထုတ်ဝေခဲ့ရသည်။ အသင်း ထုတ် စာအုပ်များကား ၁၁ အုပ်မြောက်သို့ ရောက်ခဲ့လေပြီ။

ယခုစာအုပ်ကား စာပေလောက၌ 'ရှင်မဟာသီလဝံသ' ဖြစ် လေသည်။

ဤစာအုပ်အတွက် စိတ်ကူးရရာ အကြံဉာဏ်ပေးရင်းဖြင့်ပင် စီစဉ်သူအဖြစ်ဖြင့် တာဝန်ယူလုပ်ဆောင်ပေးရန် စာပေလောကသည် မိမိအား လွှဲအပ်လေတော့သည်။ မိမိမှာ လုပ်ဆောင်နေကျ အလုပ်မျိုး ဖြစ်သည်တစ်ကြောင်း၊ ဝါသနာရှိရင်းစွဲဖြစ်သည်လည်းတစ်ကြောင်း၊ စာပေလောကနှင့် စာပေမိတ်ဘက် မေတ္တာသွယ်ယှက်နေသဖြင့် မငြင်း သာသည်လည်းတစ်ကြောင်း ထိုထိုအကြောင်းများကြောင့် 'ရှင်မဟာ သီလဝံသ' စီစဉ်သူအဖြစ် မိမိသည် လက်ခံဆောင်ရွက်ရလေသည်။

ဤ 'ရှင်မဟာသီလဝံသ' ကို စီစဉ်နေချိန်မှာပင် မိမိသည် မြန်စာပြန့်အသင်းအတွက် 'မင်းလက်ဝဲနော်ရထာ' စာအုပ်ကိုလည်း စီစဉ်လျက် ရှိနေလေသည်။ မြန်စာပြန့်သည် အနန္တသူရိယနှစ် ၈၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကို ကျင်းပပြီးနောက် မင်းလက်ဝဲ နော်ရထာ နှစ် ၂၅၀ မြောက် အထိမ်းအမှတ် အခမ်းအနားကျင်းပရန် နှင့် အထိမ်းအမှတ်စာအုပ် ထုတ်ဝေရန်တို့ကို စီစဉ်လုပ်ဆောင်လျက်

mgyoe.com

mgyoe.com



ရှိလေသည်။

ထိုသို့သော ဝန်တာများကြားတွင် ဤစာအုပ်ကို ပူးတွဲ စီစဉ်ရခြင်းဖြစ်ပေသည်။

ဤစာအုပ်ပါ ဆောင်းပါး၊ စာတမ်းများအနက် ချောင်းဦးမောင်စန္ဒာ၊ ဦးဆန်းထွန်း၊ မောင်ကျောက်တိုင်၊ ရှေးဟောင်းစာပေသုတေသီတစ်ဦး၊ ဦးဘဝင်း၊ မင်းမဟော်၊ မောင်ကောက်သင်းတို့မှာ ဤစာအုပ်အတွက် အသစ်အသစ် ရေးသားပေးကြလေသည်။ မိမိလည်း ဗောဓိသတ္တအင်းဝကြွခန်းကို ဤစာအုပ်အတွက် အမီရေးရပေသည်။

ဆရာမင်းသုဝဏ်ကား ဤစာအုပ်အတွက် 'ရှင်မဟာသီလဝံသ မည်သို့ လက်မှတ်ရေးထိုးပါမည်နည်း' ဟု သီးသန့် ရေးပေးလေသည်။ သို့ရာတွင် ဤစာအုပ်မှာ စာမူစုဆောင်းခြင်းတွင် ရက်လရှည်လျားခဲ့လေရကား ငွေတာရီမဂ္ဂဇင်းတွင် ရှေးဦးစွာ ထည့်သွင်းဖော်ပြပြီးမှ 'စာပေလောက' က အသုံးပြုရလေတော့သည်။

ဆရာ မြကေတုကား မြဝတီမဂ္ဂဇင်းတွင် ရေးခဲ့သော 'ရှင်မဟာသီလဝံသ၏ နိမိတ်ပုံအသွင်နှင့် စိတ်အာရုံအမြင်' ကို ပြန်လည်အသုံးပြုခွင့်ပေးခဲ့လေသည်။

ဆရာဦးသော်ဇင်၏ 'ပေလေးပင် ရှင်လေးပါး' မှာ စန္ဒာမဂ္ဂဇင်းတွင် ၃ လ ဆက်၍ ရေးခဲ့သော ဆောင်ပါးဖြစ်လေသည်။

မေမြို့ မိုးကြည်က ဗုဒ္ဓုပ္ပတ္တိပျို့နှင့် သံဝေဂခန်းပျို့အကြောင်း မဂ္ဂဇင်းများတွင် သူရေးခဲ့သော ဆောင်းပါး ၂ စောင်ကို ကြိုက်ရာသုံးပါဟု ပေးအပ်လေရာ ဗုဒ္ဓုပ္ပတ္တိပျို့အကြောင်းစာကို ထည့်သွင်းလိုက်ရပေသည်။

ဆရာမာဃလည်း သူရေးထုတ်ခဲ့သော 'ရှင်မဟာသီလဝံသ' စာအုပ်မှ 'ပါရမီခန်းပျို့၏ အတိမ်အနက်' ကို ထုတ်နုတ်ပေးလေသည်။

ဆရာမ ဒေါ်မြင့်သန်း၏ 'ရှင်မဟာသီလဝံသ အတ္ထုပ္ပတ္တိ' မှာ ဆရာမက ပေးခြင်းမဟုတ်။ ဆရာမ တည်းဖြတ်သုတ်သင်သော 'ပါရမီခန်းပျို့' စာအုပ်နိဒါန်းမှ အတ္ထုပ္ပတ္တိခန်းကို စီစဉ်သူက ရွေးချယ်ထည့်

mgyoe.com

mgyoe.com

သွင်းခြင်း ဖြစ်သည်။ မိမိကလည်း အလုပ်များ၊ ဆရာမကို တွေ့ရန်လည်း မလွယ်လှသဖြင့် ကြိုတင်ခွင့်တောင်းခြင်းပင် မပြုရချေ။ လေးစားသမှုဖြင့် စာအားဖြင့်သာ ထိုစာမူကို ထုတ်နုတ်အသုံးပြုထားပါကြောင်း အသိပေးရင်း ခွင့်တောင်းလိုက်ရသည်။

မောင်ကျောက်တိုင်၊ ရှေးဟောင်းစာပေ သုတေသီတစ်ဦး၊ မင်းမဟော်၊ မောင်ကောက်သင်းတို့ကား စာအုပ်စတင်ရိုက်နှိပ်နေချိန်မှ နှိုးနှောဖလှယ်၍ အချိန်မီ ရေးသားပေးကြရန် တောင်းပန်တိုက်တွန်းသဖြင့် ရေးသားပေးကြခြင်းဖြစ်လေသည်။ သူတို့၏ ရှင်မဟာသီလဝံသနှင့် စာပေအပေါ် အတွေးအမြင်ကား ရဲရင့်ပါဘိတောင်း။ စာကိုးကျမ်းကိုးလည်း လက်လှမ်းမီသမျှ အမိအရ ဆုပ်ကိုင် စိစစ်ကြသည်။ စူးစမ်းကြသည်။ ဆင်ခြင်ကြသည်။ အကိုးအထောက် ရသလောက်အပေါ်တွင်တည်၍ ခိုင်မာသော ကောက်ချက်ကို ပြုကြလေသည်။ မူလကပင်လျှင် စာစု၊ စာမှတ် အားကောင်းသူများ ဖြစ်သဖြင့် ရက်အနည်းငယ်အတွင်း သူတို့၏ စာမူများကို ရေးပေးနိုင်ကြသည်။ ထက်ထက်မြက်မြက် ပြက်ပြက်ထင်ထင်လည်း ရှိပါပေသည်။ အစဉ်အလာအယူဟောင်းကိုပယ်၍ အယူသစ်တင်ပြခြင်းလည်း ပြုနိုင်ကြသည်။ ချဲ့ထွင်မှုများကိုဖယ်၍ ယထာဘူတကျကျ ရှုမြင်ကြလေသည်။ သူတို့သည် အားပါးတရ ထက်ထက်သန်သန် ရေးသားပေးကြလေရာ လျာထားသော စာမျက်နှာထက်ပင် ကျော်လွန်သွားတော့သည်။ နောက်ဆုံးမိမိပင်လျှင် စိတ်ကူးရှိသမျှ မရေးလိုက်ရ၊ ရှင်မဟာသီလဝံသ အင်း၀ရောက်သည်တွင် ဇာတ်ကို သိမ်းလိုက်ရလေသည်။

မူလ စီစဉ်လျာထားသည်မှာ ဆရာတော်၏ ကဗျာလင်္ကာတို့ကို ပကိဏ္ဏကခန်းအဖြစ် ထည့်သွင်းရန်လည်း ပါရှိသည်။ သျှိုသျှားကန်ဘွဲ့ မော်ကွန်း၊ ရတနာဗိမာန် ကျောင်းဘွဲ့မော်ကွန်း၊ ဆုံးမစာလင်္ကာ၊ ရတုအမျိုးမျိုးတို့ကို ရွေးချယ်စီစဉ်ပြီးမှ ချန်လှပ်ခဲ့ရလေတော့သည်။ သို့ရာတွင် ပါ၀င်သမျှ ဆောင်းပါးစုတို့တွင် ဆရာတော်၏ ကဗျာ လင်္ကာများကို ထုတ်နုတ်ကိုးကားနှိုင်းယှဉ် တင်ပြသည်များလည်း အတော်အတန် ပါရှိလေသည်ပင်ဖြစ်၍ ပကိဏ္ဏကခန်း သီးခြားမထည့်သွင်းရသော်လည်း ကျေနပ်မှု ရှိတန်ရာပေသည်။

mgyoe.com

mgyoe.com


အချုပ်အားဖြင့်ကား ဤ 'ရှင်မဟာသီလဝံသ' စာအုပ်တွင် တစ်စုံတစ်ရာ အပြစ်အနာ ချွတ်ယွင်းသမှုရှိပါလျှင် စီစဉ်သူ၏ တာဝန်သာဖြစ်၍ ကောင်းမွန်နှစ်လိုဖွယ်ရာရှိမှု အစုစုတို့အတွက်ကား ဆရာဆရာမ အသီးသီးကိုသာ ချီးမွမ်းပြောဆိုရမည်ဖြစ်ပါကြောင်း။ ။

မောင်ကြည်ရှင်
စာအုပ်စီစဉ်သူ

ရန်ကုန်မြို့၊
၁၃၃၂ ခု၊ တပို့တွဲလပြည့်နေ့။ ။

mgyoe.com

mgyoe.com

# နွားတရထည် တောင်သူ့ပြည်တွင်

ပစ္စန္တရစ်၊ အရပ်ပစ်၌
ဇနပုဒ်ဖြင့်၊ မိုက်မိုက်မဲမဲ
ပြည်မပွဲနှင့်၊ ဝဲမကူးလျှင်း
တောတွင်းပီပီ၊ ဒုဿီတလှစ်
ရှင်ချစ်မြတ်စော၊ ဟောသည်နှုတ်လွှတ်
မုခပါဌ်မှ၊ လက်လွတ်တတွေ
ဘုတ်တဖွေသို့၊ နေ့ရေမခြာ
ပါဏာတိပါတ်၊ မိတတ်သရွေ့
မတွေ့အံ့သည်၊ တမည်သာမြို့
ထိုသို့ ဤသို့၊ ဘွဲ့ဘို့မပြတ်
သတ်ခတ်ညှစ်ရေး၊ အရိုးဆွေးမျှ
သက်မွေးယုတ်မာ၊ မိစ္ဆာဇီဝ
ငယ်ကထက်တိုက်၊ အမှိုက်မြက်စား
နွားတရထည်၊ တောင်သူ့ပြည်တွင်
အကြင်ရောခါ၊ ဖြစ်ချေပါအံ့
သစ္စာပွင့်ငြား၊ ရှင်စောများတို့
တရားပါဠိ၊ ဆိမီးညှိလျက်
မရှိမတိုက်၊ ပြည်ကြီး၌လျှင်
အမြိုက်နိဗ္ဗာန်၊ ထိုခါညွှန်မူ
ရပ်စွန်ပြည်နား၊ တောတွင်းသားမှာ
မပွားကုသိုလ် စရိုက်တည်း။ ။

ဆုတောင်းခန်းပျို့၊ ၁၄၆

mgyoe.com

mgyoe.com

# ရှင်မဟာသီလဝံသ မည်သို့လက်မှတ် ရေးထိုးပါမည်နည်း

မင်းသုဝဏ်

တွံတေး ကွမ်းခြံကုန်း တာလမ်းနှင့် ဒလ တာလမ်းတို့ဆုံရာအနီးတွင် ခပင်းရွာနှင့် စမ်းရွာဟူ၍ ရွာနှစ်ရွာ ရှိပါသည်။ ဤရွာနှစ်ရွာအကြား ကွင်းစပ်တွင် ရှေးဟောင်းစေတီကြီး တစ်ဆူ ရှိပါသည်။ ဤစေတီကြီးကို အရပ်သားများက မောင်ဒီဘုရားဟု ခေါ်ကြပါသည်။ အရပ်သားများ၏ နှုတ်ဖျားတွင် သီးလျက်ရှိသော မောင်ဒီ ရာဇဝင်နှင့် ဤဘုရားသမိုင်းမှာ ဆက်စပ်လျက် ရှိပါသည်။ သို့သော်လည်း သမိုင်းသုတေသီများ ပုဂ္ဂိုလ်များကမူ ဤစေတီကြီးသည် ပုဂံပြည် အနော်ရထာမင်းစော၏ ကောင်းမှုတော်ဖြစ်သည်ဟု ယူမှတ်ကြပါသည်။ အကြောင်းမူကား ဤစေတီတော်ကြီးတွင် အနော်ရထာမင်းစော၏ အမည်တော်ကမ္ပည်းပါသည့် အုတ်ခွက်ရုပ်ပွားဆင်းတုတော်များကို တွေ့ရသောကြောင့်ဖြစ်ပါသည်။ ယင်းအုတ်ခွက်များကို ယနေ့ သွားရောက်လေ့လာ ဖူးမြော်နိုင်ကြပါသည်။

အနော်ရထာမင်းစော၏ အမည်တော် ကမ္ပည်းပါသော အုတ်ခွက်များကို မြန်မာနိုင်ငံ အနှံ့အပြားတွင် တွေ့ရပါသည်။ မင်းကြီး၏အမည်ကို နာဂရီအက္ခရာနှင့် လည်းကောင်း၊ မွန်မြန်မာ အက္ခရာနှင့်လည်းကောင်း၊ ပုံနှိပ်စာနှင့်လည်းကောင်း၊ လက်ရေးစာနှင့်လည်းကောင်း၊ သက္ကတဘာသာတွင် ညှပ်၍လည်းကောင်း၊ ပါဠိဘာသာတွင် ညှပ်၍လည်းကောင်း၊ မွန်ဘာသာတွင် ညှပ်၍လည်းကောင်း တွေ့ရပါသည်။ ပါဠိဘာသာတွင် ညှပ်၍ရေးထိုးထားသော လက်ရေးစာနမူနာတစ်ခုကို ပြရမည်ဆိုပါလျှင် ...

ဧသော ဘဂဝါ

မဟာရာဇ သိရီအနိရုဒ္ဓဒေဝေန ကတော ဝိမုတ္တတ္ထံ သဟတ္ထေ နေဝါဏံ။ ၈။ ဟူ၍ ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ပြန်ဆိုရပါမူ– သိရီအနိရုဒ္ဓဒေဝမင်းကြီးသည်

mgyoe.com

လွတ်မြောက်ခြင်းအကျိုးငှာ ဤအုတ်ခွက်ဘုရားကို မိမိ၏လက်တော်ဖြင့် လုပ်တော်မူသည် ဟူ၍ဖြစ်ပါသည်။ 'မိမိ၏လက်တော်ဖြင့်' ဆိုသောစကားကို ထောက်၍ မင်းကြီးသည် အုတ်ခွက်ဘုရားကို ကိုယ်တိုင်ကိုယ်ကျပ် လုပ်ရုံမျှမက ဤလက်ရေးကမ္ပည်းစာကိုလည်း ကိုယ်တိုင်ကိုယ်ကျပ်ပင် ရေးသားတော်မူသည်ဟု သုတေသီအချို့က ယူမှတ်ကြပါသည်။ မည်သို့ပင်ဖြစ်စေ အနိရုဒ္ဓဒေဝ–ဆိုသော စာလုံးပေါင်းအမည်တော်ကို မင်းကြီး နှစ်သက်တော်မူသည်ဟု ယုံကြည်စရာ အကြောင်းရှိပါသည်။ သို့သော်လည်း အုတ်ခွက်တစ်ခုတွင်ကား နငယ်လုံးကြီးတင်နှင့် အနိရုဒ္ဓမဟုတ်၊ နငယ်တစ်ချောင်းငင်နှင့် အနုရုဒ္ဓ ဟု မူကွဲတွေ့ရပါသေးသည်။ ယခုအခါတွင်ကဲ့သို့ လက်မှတ်ရေးထိုးသော အလေ့အထ ထိုစဉ်အခါက ရှိပါမူ မင်းကြီးသည် ပထမရေးထုံးဖြင့် အရေးအထိုးများလိမ့်မည်ဟု ထင်မှတ်ရပါသည်။

အင်းဝခေတ်ပုဂ္ဂိုလ်ကျော် ရှင်မဟာရဋ္ဌသာရသည်လည်း မိမိ၏ ဘွဲ့တော်ကို မည်သို့ရေးမှတ်ရမည်ဟု ကိုယ်တိုင်ကိုယ်ကျပ် ညွှန်ပြတော်မူခဲ့ပါသည်။ ဆရာတော်သည် သက္ကရာဇ် ၈၈၈ ခုနှစ်တွင် ပြည်မြို့၌ သီတင်းသုံးတော်မူသည်။ ယင်းနှစ်တွင် စတုဓမ္မသာရ ကိုးခန်းပျို့ကြီးကို နိဂုံးချုပ်တော်မူသည်။ ယင်းနိဂုံးတွင် မိမိ၏ ဘွဲ့တော်ကို ပါဠိသဒ္ဒါနည်းဖြင့် ဝှက်ဆိုကာ ဤသို့သံပေါက်ကဗျာ ရေးခဲ့ပါသည်။

သုံးတန်ဖြေစ၊ ရာအဋ္ဌ၊ သာရ ပုဒ်ခွဲလုပ်။

အ–နှောင်း–အာ–ချေ၊ ရ–ကပ်လေ၊ စပ်နေသန္ဓိရုပ်။

ရဋ္ဌ–သာရ၊ ပဒလုံး၊ နှောင်းဆုံး ဖြေတအုပ်။

ဆရာတော်၏ ဆိုလိုရင်းစကားမှာ မိမိ၏ ဘွဲ့မည်တော်သည် 'ရဋ္ဌသာရ' ဖြစ်သည်ဟု မိမိအကြိုက်ရေးထုံးကို ညွှန်ပြခြင်းဖြစ်ပါသည်။ ဤတွင်လည်း ယခုခေတ်တွင်ကဲ့သို့ လက်မှတ်ရေးထိုးရပါမူ ဆရာတော်သည် 'ရဋ္ဌသာရ' ဟု ရေးထိုးလိမ့်မည် ဟူ၍ ထင်မှတ်ရပါသည်။

ရှင်မဟာသီလဝံသ ဆရာတော်ကော ဤသို့ညွှန်ပြခဲ့ပါသလား၊ ညွှန်ပြခဲ့ပါသည် ဟု ဆိုချင်ပါသည်။ သို့သော်လည်း တစ်မျိုးတစ်ဖုံတည်း စံပြု၍ ညွှန်ပြခဲ့သည်မဟုတ်ပါ။ နှစ်မျိုးနှစ်ဖုံရေး၍ ညွှန်ပြခဲ့သည်ကို တွေ့ရပါသည်။ ဆရာတော်သည် မိမိ၏ ဇာတိအရပ်ဖြစ်သော တောင်တွင်းကြီးမှ နေပြည်တော် အင်းဝသို့ တက်ခဲ့ပါသည်။ ထိုတက်ခဲ့သော ခရီးကြောင်းကို တောင်တွင်းလာပျို့ဟူ၍ ခရီးသွား လင်္ကာတစ်စောင် ဖွဲ့ဆိုပါသည်။ ယင်းပျို့၏ နောက်ဆုံးစာပိုဒ်တွင် မိမိ၏ ဘွဲ့အမည်တော်ကို အောက်ပါအတိုင်း ကွယ်ဂှက်ဖွဲ့ဆိုခဲ့ပါသည်။

mgyoe.com

mgyoe.com

မကို အစ၊ ဟကို ဒီဃာ
သမှာ ဤနှင့်၊ စဉ်သင့်ပြီးစွာ၊
လမှာ ရေးထ၊ ဝ၏အထိပ်၊
ဦးခေါင်းရိပ်တွင်၊ တန်ဆိပ်ကဲ့သို့
တင်ပြီးမြို့မှ၊ သကို အဆုံး
နိဒါန်း ကုံး၍...။

ဤကား ယခုခေတ် စကားနှင့်ပြောရပါလျှင် ရှင်မဟာသီလဝံသသည် မိမိစီကုံးသောပျို့အဆုံး၌ လက်မှတ် ရေးထိုးခြင်းဖြစ်ပါသည်။ ဆိုလိုရင်း အဓိပ္ပာယ်ကို ပျို့အဖြေရေးသော ပုဂ္ဂိုလ်က ဤသို့ရှင်းပြထားပါသည်။

မကိုအစဟူသောကြောင့် မရေးချမာကို ဒီဃာဟု ဆိုသောကြောင့် မ–နောင်ဟာ–ရေး၊ သမှာ ဤနှင့်ဆိုသောကြောင့် သီရေး၊ လ–ဟူသောကြောင့် လ–ရေး၊ ဝ၏အထိပ်၊ ဦးခေါင်းရိပ်တွင်၊ တန်ဆိပ်ကဲ့သို့တင်ပြီး၊ မြို့မှ ဟုဆိုရသောကြောင့် ဝရေး၍နိဂ္ဂဟိတ် တင်၊ သကို အဆုံး ဆိုသောကြောင့် သ–ရေး၊ ဤသို့ဆိုပြီးသော အစဉ်အတိုင်းရေးသော် မဟာသီလဝံသ အမည်သည် ဖြစ်၏။

ဤသို့မိမိတွဲ့အမည်တော်ကို ရေးသားရန် အခိုင်အမာ အတိအကျ ဖွဲ့ဆိုညွှန်ပြခဲ့ပါသည်။ သို့သော်လည်း ဆရာတော်၏ မျက်မှောက်တွင်ပင် ရေးထိုးသည်။ ဆရာတော်ကိုယ်တိုင် စီကုံးပေးသည်ဟူ၍ ယုံကြည်လောက်သော ရတနာဗိမာန်ကျောင်းတော်ကျောက်စာကြီးတွင်ကား နှစ်မျိုးနှစ်ဖုံ ရေးထိုးထားသည်ကို တွေ့ရပါသည်။ ကျောက်စာကြီး မျက်နှာဘက်ကြောင်းရေ ၅၂ တွင် 'မဟာသီလဝသံ၊ ထေည်ကိုမ်လျှင်' ဟူ၍ကင်းစီးနှင့် တွေ့ရပါသည်။ ယင်းကျောက်စာကြီး ကျောဘက်ကြောင်းရေ ၁၈ တွင်မူ 'မဟာသီလဝံသ' ဟူ၍ နိဂ္ဂဟိတ် သေးသေးတင်နှင့် တွေ့ရပါသည်။ ဤရေးထုံးမှာ ပါဠိစစ်စစ် ရေးထုံးဖြစ်ပါသည်။

သို့သော်လည်း မြန်မာတို့ကား မြန်မာသံဝဲဝဲဖြင့် ဟံသကို ဟသံ်ာ–ဟု ရွတ်ဆိုကြပါသည်။ ရွတ်ဆိုခဲ့သည့် အတိုင်းလည်း ရေးသားကြပါသည်။ ရာဇဝံသကို ရာဇဝင်ဟုရွတ်ဆိုရေးသားသည်ကိုလည်း အများသိပါသည်။ ကျမ်းမွဲခေါ်သော ပုဂံပြည်ဖြစ် သဒ္ဒါငယ်ကျမ်းဆရာက ဤမြန်မာတို့၏ အလေ့အထကို သတိမူ၍ သ၊ ဟ၊ ယ၊ နှောင်း ရာနိဂ္ဂဟိတ်ကို အေကွရာကဲ့သို့ ရွတ်ရမည်–ဟူ၍ ညွှန်းဆိုခဲ့သည်နှင့် ညီညွတ်ခဲ့သည်ဟုဆိုရန် ရှိပါသည်။

ထို့ကြောင့် ကင်းစီးနှင့် သီလဝသံမှာ မြန်မာဆန်သော စကားပြောသံ ရေးထုံး၊

mgyoe.com

mgyoe.com
နိဂ္ဂဟိတ်နှင့် သီလဝံသမှာ ပါဠိဆန်သော စာပေဟန်ရေးထုံးဖြစ်သည်–ဟု ယူမှတ်ရပါတော့မည်။

သို့သော်လည်း ရှင်မဟာသီလဝံသ ကိုယ်တော်ကြီးသည် တရားဝင်လက်မှတ်ရေးထိုးရမည်ဆိုပါက မည်သည့်ရေးထုံးကို လက်ကိုင်ပြုပါမည်နည်း။ အင်္ဂလိပ်ကဗျာဆရာကြီး ရှိတ်စပီးယားကဲ့သို့ အလှည့်သင့်သလို လက်မှတ်အမျိုးမျိုး ရေးထိုးပါမည်လား။ ဤသို့ မတင်မကျ စဉ်းစားမိရင်း နိဂုံးချုပ်လိုက်ပါကြောင်း။ ။

mgyoe.com

mgyoe.com

# ရှင်မဟာသီလဝံသ၏ နိမိတ်ပုံအသွင်နှင့် စိတ်အာရုံအမြင်

မြကေတု

အချာပဝရ၊ ဌာနအောင်ချက်၊ ဘူမိနက်ဋ္ဌ၊ နိုင်းဘက်တုကင်း၊ ထောင်ပြုခြင်းဝယ်၊ တောင်တွင်းခေါ်မည်၊ တို့ရွှေပြည်ကား၊ ယဉ်ကြည်နက်ဆုံး၊ ကျုံးလည်းသီတာ၊ လပကြာနှင့် သန္တာအတိ၊ စိ၏ဘိသို့၊ မြို့နှင့်တန်ဆောင်း၊ ရဲလောင်းရင်တား၊ တံခါးလေးသွယ်၊ ဖိုင်ဖိုင်ကျယ်၏၊ ခြောက်ဆယ်ထုတ်ဝါ၊ နန်းတော်မှာမူ၊ လယ်ချာမှန်ကင်း၊ မင်းလည်းဆွေစုံ၊ သီလထုံလျက်၊ မွေပုံခြောက်ရောင်၊ အင်းတောင်စည်းခုံ၊ ထူပါရုံက၊ စသည်ဗုဒ္ဓေါ၊ ကျော်စောဘုရား၊ ရေသော်များ၏၊ တရားသံဃာ၊ ရတနာတိ၊ ပည်းမျှရှိသား၊ ဇာတိခေါင်တည်၊ သာမျိုးစည်သည်။ ။ နတ်ပြည်တူတမျှ လှည့်သောဝ်။

နရာပဋ္ဌမ၊ တည်သောစက၊ ဌာနသည်မြေ၊ ချက်မြှုပ်နေ၍၊ ဝေးချေရပ်ထူး၊ မရောက်ဘူးတည့်၊ ရွယ်လူးခင်ညို၊ သွေးကြဉ်းဆိုသော်၊ သံချိုခင်ဦး၊ ပျံ့ပျူးသာယာ၊ ပြန်ပိမ့်နာလော့၊ ပမာထုံးစံ၊ ကြောင်းဝေးလံစွ၊ ငှက်ပျံခေါင်းလောင်း၊ ရေကြောင်းရှာသွား၊ ယောကျ်ားလားသို့၊ ကြက်ကားတတွေး၊ ဒေါင်းတငေးမျှ၊ မဝေးကြဘူး၊ မြေခေါင်ကျူးသား၊ ရပ်ထူးစွန်နှာ၊ တပါးပြည်ရွာ၊ ရှင်တို့မှာသို့၊ လိုက်လာစေကြောင်း၊ မသွေကောင်းခဲ့၊ ရှေးနှောင်းနေတည်၊ စဉ်ဆက်ရှည်သည်။ ။

mgyoe.com

mgyoe.com

မှတ်ရည် ယူမဆလှည့်သောဝ်။

အခါသမယ၊ ရောက်လကလည်း၊ ဌာနဘုရား၊ ကျောင်းကန်သွားသော်၊ ဝတ်စားဆင်ယင်၊ ထမ်းစင်သန့်လျှင်း၊ စီးနင်းတသွယ်၊ အံ့ဘွယ်ရိပ်စက်၊ ကျိုင်းချင်းယှက်မျှ၊ စဉ်ဆက်ဘေးဘိုး၊ ဆောင်ရိုးကုံကြွယ်၊ မိဘဝယ်လည်း၊ လိုမယ်မတ၊ ပြည့်ဘုံလှလျက်၊ ပြည်ပပြည်တွင်း၊ အချင်းခပ်သိမ်း၊ သူစိမ်းသူကျက်၊ ဆံဘက်နီးဝေး၊ အိမ်ဈေးသဘင်၊ စုံအင်ရှစ်မည်၊ မယ်၌တည်လျက်၊ မြရည်ကျိုင်းထွား၊ ရွှေဝသားလျှင်၊ သနားတကိုယ်၊ တူပျော်လိုဟု၊ တွေးဆိုမဆ၊ မြင်ကာမျှကို၊ မိဘအုပ်ချုပ်၊ကျွန်ုပ်ဘယ်မှာ၊ ရှင့်နောက်ပါအံ့၊ မေတ္တာမြဲချည်၊ သီလတည်သည်။ ။

ညွတ်ကြည် မြူမရလှည့်သောဝ်။

အထက်ပါ ရတုသည် တောင်တွင်းဆရာ ပညာကျော်ပုဂ္ဂိုလ်ရှင်မဟာသီလဝံသ စပ်ဆိုတော်မူသော ရတုဖြစ်သည်။ ရတုပေါင်းများစွာ ရေးဖွဲ့ခဲ့သည့်အနက် သိင်္ဂါရ ရတုတည်းဟူသော အချစ်ဦးချိဖြင့်ဖေ့သော ရတုကား ဤရတုတစ်ပုဒ်သာ ရှိသည်။ အင်းဝသား မောင်ခင်ညိုက တောင်တွင်းသူ မခင်ဦးအား အင်းဝပြည်သို့ လိုက်ခဲ့ရန် ခေါ်ဆိုလျက် မခင်ဦးကမူ တောင်တွင်းကိုခွာ၍ မလိုက်လာနိုင်ကြောင်း ငြင်းဆိုသည်။ တောင်တွင်းရွှေပြည်၏ သာယာစည်ပင်ပုံအကြောင်း သူ၏ မိခင်ဖခင်တို့မှာ မျိုးရိုးအလိုက် မည်မျှဂုဏ်သိက္ခာရှိကြောင်း စသည်ဖြင့် ပြောဆိုလျက် အင်းဝရွှေပြည်သို့ သွေးဆောင်ခေါ်ယူနေသည့် ခင်ညိုအား သူ မလိုက်လိုကြောင်း ငြင်းဆန်နေပုံများကို ဤရတု၌ တွေ့ရှိရပေသည်။

စင်စစ်ဆိုသော် ဤရတုသည် ပဟေဠိရတုမျိုးပင် ဖြစ်သည်။ သို့သော် တောင်တွင်းလာပျို့ကဲ့သို့ အနက် အဓိပ္ပာယ်ကို ကွယ်ဝှက်ထားသည် မဟုတ်ပေ၊ အနက်စင်းသော်လည်း အတွင်း၏ ဆိုလိုရင်းကို မိမိရရမတွေးမိပါက ဆရာတော်သည် ဤရတုကို ပေါ့ပျက်ပျက်နှင့် အချစ်ကို ဦးတည်လျက် စပ်ဖွဲ့ထားပါကလားဟူ၍ အထင်မှား အမြင်မှား ဖြစ်ဖွယ်ရှိပါသည်။ ဆရာတော်သည် ရဟန်းဘဝ တစ်သက်ပန်တွင် အချစ်နှင့်ပတ်သက်သော ရတုများကို မည်သည့်အခါမျှ မစပ်ဖွဲ့ဖူးပါပေ။ ဓမ္မအကြောင်းဆန်သော ရတုများကိုသာ စပ်ဖွဲ့ခဲ့ပါသည်။

ဤ 'အချာပဝရ' ချီသော ရတုသည်ကား ရှင်မဟာသီလဝံသ ဆရာတော်၏

mgyoe.com

mgyoe.com
'စိတ်အာရုံ၌ ထင်မြင်လာသော နိမိတ်ပုံအသွင်' မျှသာဖြစ်သည်ဟုဆိုသော် မှားအံ့မထင်။

ဤရတုကို ရှင်မဟာသီလဝံသသည် မည်သည့်အခါက စပ်ဖွဲ့လေသနည်း ဟူ၍ တွေးဆ ဆင်ခြင်သည် ရှိသော်၊ တောင်တွင်းပြည်မှ အင်းဝသို့ မထွက်ကြွလာမီ မိမိ၏၊ ဆရာတော်ထံ ခွင့်ပန်နေသည့်ကာလ အခိုက်အတန့်တွင် စပ်ဖွဲ့မည်ဟုပင် တွေးဆမိပေ သည်။

ဆရာတော်သည် ပါရမီခန်းပျို့ကို သက္ကရာဇ် ၈၄၅ ခုနှစ် ပြာသို၊ တပို့တွဲလ လောက်ကပင် ရေးသား ပြီးစီးပြီဟု ယူဆရပါသည်။ ထို့နောက် ယင်းနှစ် တပို့တွဲလလောက် ကပင် နတ်မီးလင်းဆရာတော်ထံသို့ အင်းဝရွှေမြို့တော်သို့ သွားရန် ခွင့်ပြုပါမည့်အကြောင်း တောင်းပန်ရှာပေလိမ့်မည်။ ဆရာတော်သည် အင်းဝမြို့ကို နတ်ပြည်ကဲ့သို့ ထင်သောကြောင့် အင်းဝသို့ တပ်မက်သောစိတ်ဖြင့် ကြွချီ ထွက်ခွာလိုသဖြင့် ခွင့်တောင်းသည်ဟု တောင်တွင်း လာပျို့အရ သိရှိရပါသည်။ ပထမအကြိမ်၌ ဆရာတော် အနားသို့ရောက်ပြီးမှ ခွင့်မတောင်း ရဲပြန်သဖြင့် မိမိကျောင်းသင်္ခမ်းသို့ ပြန်လာခဲ့ပြန်၏။ ဤကဲ့သို့ပင် အဖန်ဖန် မိမိဆရာတော် ၏ အပါး၌ ကပ်လိုက် ခွာလိုက် ရှိနေလေသည်။ ဆရာတော်ကို ဆန့်လှန်၍ကား မသွားဝံ့၊ ထို့ကြောင့် ဆရာတော်၏အပါးသို့ မျက်စိ မှိတ်ကာ သွားပြီးနောက်...

> "ဆရာတော် အရှင်မြတ်ဘုရား၊ တပည့်တော်အား ရင်ဝယ်သားကဲ့သို့ သနားတော်မူပါလျှင် အင်းဝသို့ သွား၍ ပညာဆည်းပူးခြင်း၊ တတ်ပြီးပညာကို ဖြန့်ခြင်း အခွင့်ကို ပြုပါဘုရား" ဟူ၍ လျှောက်ထားလေသည်။

စင်စစ်သော်ကား ရှင်မဟာသီလဝံသသည် အင်းဝမြို့တော်သို့ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်အမီ ကြွသွားရန် အကြံဖြစ်တော်မူသည်။

နတ်မီးလင်း ဆရာတော်ဘုရားသည် မည်သို့မျှ မိန့်တော်မမူလေဘဲ ဆိတ်ဆိတ် နေတော်မူသည်။ ဆရာတော်ထံမှ သွားခွင့်ကို မရသော်လည်း ရှင်မဟာသီလဝံသသည် သွားလိုသော အာသီသဆန္ဒကို မဖြတ်စွမ်းနိုင်၊ ထို့ကြောင့် ဆရာတော်ထံမှ အခွင့်ကို မရသည့်တိုင် တစ်နေ့သော် မရအရသွားမည်ဟုသာ စိတ်ကိုတင်းလျက် ရှိနေပေသည်။ ထို့ကြောင့် သာမဏေစာသင်သားတို့အား စာပေမသင်ကြားနိုင်၊ ထုတ်ထားပြီးသော ပေစာများကိုလည်း ပြန်သွင်းခဲ့၏။

ထို့နောက် ပါရမီတော်ခန်း ပျို့ကို အပြီးတိုင် ဆက်လက်ပြုစုရာ တပို့တွဲ၊ တပေါင်း လအတွင်း ပြီးစီးလိမ့်မည်ဟု ခန့်မှန်းပါသည်။ ထို့နောက် တောင်တွင်း ပြည်သူ ပြည်သား များအားလည်း ပါရမီတော်ဖြည့်ဆည်းပြီး ဘုရားအဖြစ်သို့ ရောက်တော်မူသည့် ဗုဒ္ဓဖြတ္တိ တရားတော်ကို ဟောကြားတော်မူပါသည်။

mgyoe.com

mgyoe.com 

ထို့နောက် ထပ်မံ၍ ဆရာတော်အပါးသို့ နောက်ထပ်တစ်ကြိမ်ကပ်ပြီး အင်းဝသို့ သွားရန် အခွင့်ကို တောင်းပြန်ပါသည်။ ထိုအခါ ဆရာတော်ကြီးက ဤသို့ မိန့်တော်မူပါ၏။

"အမောင်၊ တောင်တွင်းမှ အင်းဝသို့ သွားရာခရီးလမ်းသည် ရေကို သားသော်လည်း အခြားမထင်နိုင်သကဲ့သို့ ဘေးရန်ဟူသည်လည်း အမှတ်မထင် လာတတ်၏၊ အန္တရာယ်ဟူသည် ဤဥပမာကဲ့သို့ မမြင်နိုင်ခဲ့၊ ထို့ကြောင့် အမောင်မသွားပါနှင့်" ဟု တားမြစ်၏။

ဤသို့ ဆရာတော်ဘုရားကြီးက တားမြစ်ပါသော်လည်း ရှင်မဟာသီလဝံသသည် အားမလျှော့မူသေး၊ တစ်ကြိမ် ထပ်မံ၍ သွားခွင့်ပြုပါရန်ကိုပင် လျှောက်ကြားပြန်သည်။

"အမောင်၊ အမောင်သွားမည့် အင်းဝပြည်ဟူသည်မှာ အနှစ်ပြည့်ပြီးသော ရှားပင်ကဲ့သို့သော သာသနာ့ဝန်ထမ်း ပညာရှိ ရဟန်းများ အလွန်ပေါများလှ၏။ စာသင်သားတို့သည် အမောင်၏ ဂုဏ်သတ္တိကို မသိကြသေးရကား အဝေးရပ်မှ လာသူ ဟူ၍ အသင့်ထံ၌ မည်သူမျှ စာသင် စာတတ် ပြုကြမည် မဟုတ်၊ ထိုအခါ သမုဒ္ဒရာ ပင်လယ်အတွင်း၌ သွားတတ်သော သင်္ဘောကြီးသည် သဲပြင်စည်းခုံပေါ်၌ တင်နေသည်နှင့် တူချိမ့်မည်၊ ထို့ကြောင့် အမောင်မသွားလင့်" ဟူ၍ ဆရာတော်ကြီးသည် တားမြစ်ပြန်လေသည်။

ရှင်မဟာသီလဝံသသည် ဆိတ်ဆိတ်တစ်ဖန်နေပြန်၏။

"အမောင်၊ အင်းဝ ရွှေမြို့တော်၌ အနှစ်ပြည့်သော ပုဂ္ဂိုလ်အလွန်ပေါများလှစွာ၏။ အမောင်သည် တရုတ်ပြည်သို့ အပ်ရောင်းသွားသော ယောကျာ်းနှင့်တူလှစွာ၏။ တရုတ်ပြည်၌ အပ်ကောင်းများ ရှိနေပေရာ တခြားရပ်ရွာပြည်ရွာဌာနမှ အပ်ကို ဝယ်ယူကြမည်မဟုတ်၊ ထို့ကြောင့်လည်း အမောင်သည် အင်းဝသို့ သွား၍ အကျိုးကျေးဇူး ရှိမည်မထင်၊ စာသင်သားတို့သည် အမောင့်ထံ၌ မည်သူမျှ စာပေသင်ကြားလိမ့်မည် မဟုတ်"

ဤသို့သော ဆရာတော်ဘုရားကြီး၏ မိန့်ခွန်းတော်မြွက်ကို ရှင်မဟာသီလဝံသသည် နာခံရသည်ရှိသော် ကြောက်ရွံ့တုန်လှုပ်ခြင်း ပြင်းစွာဖြစ်၏။ စိုးရိမ်ပူပန်ခြင်း၊ နှလုံးမသာယာခြင်းသည်လည်း လွန်ကဲလှစွာ၏။

သက္ကရာဇ် ၈၄၅ ခု၊ တပေါင်းလသည် လွန်စွာပူပြင်းသော ရာသီပင်ဖြစ်၏။ ရှင်မဟာသီလဝံသ၏ စိတ်၌ကား ထက်ကောင်းကင်မှ နေမင်းကြီးပူသကဲ့သို့ပင် ပူနေဘိ၏။ ဆရာတော်၏ မြစ်တားချက်ကို လွန်ဆန်လျက် အင်းဝသို့ ကြွမြန်းလေ့ရသော်

mgyoe.com

mgyoe.com
ကောင်းလေအံ့လောဟု တွေးတော ကြံစည်မိ၏။ ဆရာတော်သည်ပင် မိမိ၏ အမိသဖွယ်၊ အဖသဖွယ် မျက်စိ၌ ထင်လာ၏။ သို့သော် အင်းဝသို့သွားလိုစိတ်ကိုသော်ကား ချိုးနှိမ်၍ မရနိုင်ပါတကား။

ရှင်မဟာသီလဝံသသည် မိမိ စာသင်သား ကျောင်းသားဘဝက ပျော်မွေ့ရာ မောင်ဥက္ကာနှင့် အတူယှဉ်တွဲ၍ အောက်ချင်းငှက်များ၏အကြောင်း ကဗျာစပ်ဆိုခဲ့ရာ ကျည်းပင်၊ လက်ပံပင်များရှိရာ ကန်စောင်းသို့ ခေါင်းကို ငိုက်စိုက်ချလျက် လျှောက်လာနေမိသည်။

'မဟုတ်ဘူး မောင်ဥက္ကာ၊ အောက်ချင်းရင်သွေး၊ ဥကမွေးသည်၊ ကွေးလေး နုနယ်၊ သနားဘွယ်ဆိုတော့ ကာရန်ကတော့ ကောင်းပါရဲ့၊ အနက်မကောင်းလှသေး၊ အောက်ချင်းရင်အောက်၊ ဥကပေါက်သည်၊ တောင်ရောက်နုနယ်၊ သနားဘွယ်ဆိုမှ ကောင်းမယ်ထင်တယ်' ။ ယခုအခါ မောင်ဥက္ကာကလည်း မရှိတော့၊ တောင်ငူပြည် အရှေ့ဘက် နွားဝန်တင်စခန်းသို့ ကြွမြန်းသွားသည်မှာ ကြာလေပြီကော။

ဤသို့အားဖြင့် ရှင်မဟာသီလဝံသသည် ကန်နံဘေးရှိ ကျည်းပင်ကြီးတစ်ပင် အောက်တွင် မိမိကိုယ်ကို ပစ်လှဲလျက် ထိုင်ချလိုက်သည်။ ညနေစောင်းပြီဖြစ်၍ လေသည် ငြိမ်သက်နေသည်။ ကန်အတွင်းရှိ လှိုင်းဂယက်များကမူ လှုပ်ရှားဆဲ ဖြစ်သည်။ ရှင်မဟာသီလဝံသ၏ စိတ်ထဲ၌လည်း ဤလှိုင်းဂယက်များ၏နည်းတူ လှုပ်ရှားနေသည်။ သူသည် သူ့စိတ်ကို ဖြေပါသည်။ မဖြေနိုင်ခဲ့ပါ။ အင်းဝသို့ မသွားရပါမူ ဤလှိုင်းဂယက်များ၏ အကြား၌ပင် သူ့ကိုယ်ကို မြုပ်နှံသင်္ဂြိုဟ်လိုက်ခြင်းက ကောင်းလိမ့်မည်ဟု သူထင်နေသည်။ သူမအိပ်နိုင်ခဲ့သည်မှာလည်း ငါးညပင် ရှိချေပြီ။ အမိသဖွယ်ကဲ့သို့သော ဆရာတော်ဘုရားကြီး၏ မျက်နှာကိုလည်း သူ မြင်နေမိသည်။ သူ့နားထဲ၌မူ 'အင်းဝ၊ အင်းဝ' ဟူ၍ အသက်ရှုလိုက်တိုင်း မြည်နေသည်ဟု သူထင်မိသည်။ အင်းဝမြို့ကြီး၏ သာယာပုံ၊ ခမ်းနားကြီးကျယ်ပုံများကို သူ့မျက်စိထဲ၌ အကွင်းသား မြင်နေမိသည်။ သူ့စိတ်ကို သူ ဖြေဖျော်ပါသည်။ ငါတို့ တောင်တွင်းမြို့ကြီးသည်လည်း နန်းနှင့်မြို့နှင့် ကျုံးမြောင်းတွေနှင့် သာယာသည်ပင်၊ သူ့ကိုယ်သူပင်ကိုလည်း ဆုံးမမိပြန်သည်။ 'ဟဲ့...ညီို နင် ဘာပြု၍ အင်းဝကို သည်လောက်ပင် ငမ်းငမ်းတက် သွားချင်နေရသည်နည်း၊ ငါတို့ တောင်တွင်းပြည် ကို ကြည့်ပါလေဦး၊ တောင်တွင်းထက် ဘာများ သာပါလေသနည်း၊ တောင်တွင်းပြည် ဟူသည် မြင့်မြတ်သော အချက်အချာ မြေဗဟိုဖြစ်သည်။ ဘူမိနက်သန်လည်း မှန်သည်၊ စစ်သားစုဆောင်းရာ၌ စစ်သားတစ်ထောင်မျှ စုဆောင်းပေးနိုင်သော မြို့ဖြစ်သည်။ ရှေးရှေးသော ကာလက ဤမြို့သည် ဒုဋ္ဌာပူရပြည်တွင်ခဲ့သည်။ သက္ကရာဇ် ၁၁၃ ခုနှစ်တွင်

mgyoe.com
သရေခေတ္တရာပြည်၌ ဒွတ္တဘောင်မင်း အုပ်စိုးစဉ်အခါ ဝေသာလီပြည်မှ မင်းပြောင်၊ မင်းယောင်၊ မင်းနောင်၊ မင်းနဂါးဟူသော မင်းညီနောင်လေးပါးသည် ဒွတ္တဘောင်မင်းထံ၌ မြေနေရာတောင်းခဲ့သည်။ ၎င်းမင်းညီနောင်တို့သည် ကန် (၃၀) ကို တစ်နေ့တည်း တူးခဲ့သည့်အကြောင်းကြောင့် ကန်တူးမင်းညီနောင်ဟု ခေါ်တွင်သည်။ မြို့တည်ရန် နတ်ယကာပွဲပေးရာ၌ မြွေကြီးတစ်ခုသည် နတ်ယကာပွဲကို ရစ်ပတ်ပြီး တောင်ကို ထွင်း ဖောက်ထွက်သွားသဖြင့် တောင်ထွင်းကြီး တွင်သည်။ တောင်တွင်းမှ စီးသွားသည့် ရေ အယာဉ်သည် မြို့၏ အနောက်ဘက်သို့ တောင်ကြီး ဖိလာဆီး၍ မသွားသာသည်ကို နတ်တို့သည် ချက်ချင်း တောင်ကို ပေါက်အောင် ထွင်းပေးသဖြင့် ရေသည် တောင်ကို ဖောက်ထွင်းစီးသွားသည်။

ဤတောင်တွင်းပြည်၌ နရာသဘမင်းသည် ရှေးဦးစွာ အုပ်ချုပ်ခဲ့သည်။ နန်းမြို့ တော်ကိုလည်း တည်သည်၊ ထိုအခါ ဟသာ်ညီနောင်တို့သည် ဤတောင်ကို ဖောက်ထွင်း လျက် ပျံသွားကြကုန်သည်။

ဤသို့ ရှင်မဟာသီလဝံသ၏ စိတ်အမြင်တွင် တောင်တွင်းမြို့ တည်ဆောက်ပုံ ကို နိမိတ်အသွင်ဖြင့် မြင်လာပါသည်။ 'နရာသဘ၊ တည်သောစက၊ ဌာနသေဉ်မြဲ' ဟူသော ကဗျာတို ကဗျာစကလေးကို သူရွတ်မိသည်။ ဤပြည်ကို နရာသဘမင်းက စ၍ တည်ခဲ့ သည်။ ကျုံးကြီးကိုလည်း သူမြင်သည်။ ကျုံးအတွင်းရှိ ကြာများကိုလည်း သူမြင်သည်။ ကုမုဒြာကြာများက ဖြူဖွေးလှပေသည်။ ပြာသာဒ်များမှာကား သင္ကာကျောက်ကို စီ၏ဘိ သို့ နီရဲလျက်၊ ရဲလောင်း ရင်တားများနှင့် တံခါးများကလည်း အလွန်ကျယ်လှသည်။ နရာသဘမင်း၏ အနွယ်တော်များ အဆက်ဆက် အုပ်စိုးလာပြီးနောက် သက္ကရာဇ် ၆၄၀ ခုနှစ်တွင် သီဟပတေ့သည် ဤနန်းတော်ကြီးကို ပြင်ဆင်မွမ်းမံသည်။ နန်းတော်၏ ထပ်ကြီးများမှာ အချို့အတောင် (၆၀) မျှပင် ရှည်လျားသည်။ တောင်တွင်း သီဟပတေ့ ကြီး နတ်ရွာစံပြီးနောက် တောင်တွင်းသီဟပတေ့ငယ်၊ ၎င်းနောက် သခ်သူ စောနောင်၊ ထို့နောက် မင်းဆက်ပြတ်ပြီး ယခုအခါ သီဟသူစောနောင်၏ အနွယ်တော် မင်းဇေယျ ကျော်ထင် အုပ်စိုးလျက်ရှိသည်။ အင်းဝ ဒုတိယမင်းခေါင်၏ လက်အောက်ခံ မြို့စားကြီး ပင် ဖြစ်သော်လည်း ထီးပြိုင်နန်းပြိုင်သဖွယ် တောင်တွင်းမြို့ကို တစ်ထီးတစ်နန်း အုပ်စိုး လျက် ရှိသည်။ တောင်တွင်းမြို့တွင် တန်ခိုးကြီးဘုရားများ ဖြစ်ကြသော ရွှေအင်းတောင် ဘုရား၊ ရွှေစည်းခုံဘုရားများလည်း ရှိကြသည်။ ဤသို့သော ဘုရားများမှာ မရေမတွက် နိုင်အောင် ပေါများလှသည်။ ရတနာသုံးပါး၏ အရောင်သည်လည်း ပွင့်လင်းစည်ပါ သည်။ စင်စစ်ဆိုသော် တောင်တွင်းပြည်သည်လည်း သာယာခြင်း အခေါင်အဖျား
mgyoe.com

mgyoe.com
ရောက်လျက် နတ်ပြည်နှင့် ယိုးမှားဖွယ် ရှိလှသည်။

ဤသို့အားဖြင့် ရှင်မဟာသီလဝံသသည် တောင်တွင်းပြည်၏ သာယာပုံကို နတ်ပြည်တမျှထား၍ အင်းဝအပေါ် မက်မောနေခြင်း၏ စိတ်အာရုံကို ဖြေဖျောက်တော်မူသည်။ 'ဟဲ့...မောင်ညို၊ အသင် အဘယ်ကြောင့် အင်းဝ သွားလိုပါသနည်း။ တောင်တွင်းပြည်သည် အင်းဝလောက် မသာယာ၍ပေလော။ ဤပြည်၌လည်း ထီးနှင့်နန်းနှင့် ဘုရားနှင့် ရတနာသုံးပါးနှင့် နတ်ပြည်တမျှ သာယာလှသည် မောင်ညို၊ ဆရာတော်ဘုရား ကြီး၏ ဂုဏ်ကျေးဇူးများကို ငဲ့ညှာ ထောက်ထားပေဦး။

ရှင်မဟာသီလဝံသသည် စိတ်ကိုမထိန်းနိုင်၊ အင်းဝသို့ သွားသင့်၊ မသွားသင့် ဟူသော အတွေးသည် သူ၏ ဦးနှောက်ထဲ၌ လွန်ဆွဲနေကြဆဲပင်၊ သူ မူးမိုက်၍လာသည်။ သူ၏ခေါင်းကို မဖော်နိုင်လောက်အောင်ပင် နှောက်ကျိုကျို ဖြစ်လာသည်။ အိပ်ပျက်လာခဲ့သည်မှာလည်း လေးငါးရက်မျှပင် ရှိနေပြီ။ ကန်နံဘေးရှိ ကျည်းပင်ကြီးကိုမှီရင်းပင် သူ မေ့ခနဲ ဖြစ်သွားသည်။

သူ့ရှေ့တွင် ကောင်းစွာ ဝတ်စားထားသော မိန်းမပျိုလေးတစ်ဦး ရေခပ်လာသည်ကို သူတွေ့လိုက်ရသည်။ ချုံတစ်ခုကကွယ်နေ၍ သူ့အား ဤမိန်းကလေးက တွေ့မည် မထင်။ မကြာမီ မြင်းခွာသံသဲ့သဲ့မျှ ကြားလိုက်ရပြီး မြင်းဖြူကြီးတစ်ကောင် အပေါ်မှ သားနားစွာ ဝတ်စားထားသည့် လူပျိုကာလသားကလေးတစ်ဦး ဆင်းလာသည်။

"ခင်ဦးရေ...ခင်ဦး"

ဟူသော အသံနှင့်အတူ မိန်းမပျိုကလေး၏အနီးသို့ ယောကျ်ားပျို ရောက်လာသည်။ မိန်းမပျိုသည် ရေခပ်ရာမှ ကြောက်လန့်သောအမူအရာဖြင့် နောက်သို့ လှည့်ကြည့်လိုက်ပြီး...

"ဩော်... ကိုခင်ညို၊ ကိုခင်ညို အင်းဝက ဘယ်တုန်းက ပြန်လာပါသလဲ" သူတို့သည် ယခင်ကပင် ရင်းနှီးနေကြသူများ ဖြစ်ဟန်တူသည်။ မြင်းဇက်ကြိုးကိုဆွဲ၍ မောင်ခင်ညိုက ခင်ဦးရေခပ်နေရာအနီးရှိ သစ်ပင်ခွ၌ မြင်းဇက်ကြိုးကို ချိတ်ထားလိုက်သည်။

"အဖြေပေးပါတော့လား မခင်ဦးရယ်၊ အင်းဝက လာရပေါင်းလည်း များလှပါပြီ၊ မောင်တို့နေရာ အင်းဝကို လိုက်မယ်မဟုတ်လားကွယ်၊ ဟိုရောက်လျှင် မခင်ဦး ပျော်မှာပါကွယ်၊ မောင့်မိဘများကလည်း လိုက်လာစေချင်ကြပါတယ်"

"အို...ကိုခင်ညိုကလည်းရှင်၊ ဒီတောင်တွင်းကြီးဆိုတဲ့မြို့ဟာ ကျွန်မရဲ့ ချက်မြှုပ်ရာ ဒေသပါ၊ ဒီအရပ်ကနေပြီး ခပ်ဝေးဝေးဆိုလို့ ခင်ဦးတစ်ခါမှ မသွားဖူးပါဘူး၊ ခင်ဦး
mgyoe.com

mgyoe.com
ပြောပါရစေ ကိုခင်ညို၊ မိန်းကလေးဆိုတာက ဣန္ဒြေရှိရပါတယ်၊ သိက္ခာရှိရပါတယ်၊ ကိုယ့်အရပ်ကနေပြီး ဝေးလံတဲ့အရပ်ဆိုလို့ ငှက်တစ်ပျံလောက်ဝေးတဲ့ အရပ်ပဲဖြစ်ဖြစ်၊ ခေါင်းလောင်းသံထိုးတဲ့အခါ ကြားရသလောက်ဝေးတဲ့ အရပ်ပဲဖြစ်ဖြစ်၊ ဘယ်လောက်နီးနီး၊ ဘယ်လောက်ဝေးဝေး၊ မသွားတတ်ကြပါဘူး၊ ရေကြောင်းခရီးဖြင့် သွားလာနေကြသည့် တံငါများပင်သော်မှ သိပ်ဝေးဝေး သွားကြတာ မဟုတ်ပါဘူး။ ငှက်တွေး ကြက်တွေးမှ အချိန်အခါလောက် ဒေါင်းတင်မှ အချိန်အခါလောက် ကြာအောင်မှပင် အဝေးဆိုလို့ သွားကြရတာ မဟုတ်ပါဘူး ကိုခင်ညိုရယ်၊ ဒါနဲ့များ အခေါင်အဖျား အလွန်ဝေးလှသည့် တစ်ပါးပြည်ရွာဖြစ်သည့် ရှင်တို့အင်းဝသို့ လိုက်လာပါလို့ ရှင် သွေးဆောင်ပြီး ခေါ်နေတာများ အံ့သြပါရဲ့ရှင်၊ ကျွန်မ၏ ဇာတိမြေပြင်ရာ ရှေးကပင်နေလာသည့် ဤနေရာမျိုးကို ခွဲခွာပြီး အင်းဝကို လာလိမ့်မယ်များ ကိုခင်ညို ယူဆနေပါသေးသလား ရှင်..."

ရှင်မဟာသီလဝံသသည် မခင်ဦး၏ အဖြေစကားကို ကြားနေသည်၊ အင်မတန်လိမ္မာသည့် မိန်းကလေး၊ ကြည့်စမ်း၊ သည်မိန်းကလေးထက်ပင် ငါမိုက်နေပါပေါ့လား၊ ရဟန်းဆိုသည် ဤမိန်းကလေးလိုပင် သိက္ခာ ရှိရပေမည်။ ဆင်ခြင်ရပေမည်၊ ရဟန်းဆိုပြီး တစ်နေရာမှ တစ်နေရာ ကူးပြောင်းသွားလာနေလို့ တော်ပါလေမည်လော၊ ယောကျ်ားကလေး၏ နာမည်ကလည်း ခင်ညိုဆိုပေလား၊ ငါ့ငယ်စဉ်က အမည်ကလည်း ခင်ညို၊ အင်း...မောင်ညို စင်စစ်တော့ မင်းက အင်းဝသွားဖို့ လိုက်ဖို့ ငါ့ကို သွေးဆောင်နေပြီပေါ့၊ ငါက ဆရာတော်ကြီး၏ တပည့်ဦးဖြစ်တဲ့ ခင်ကြီးရဟန်းပေပေါ့၊ သြော်... ခင်ဦး ခင်ဦး။

မောင်ညို...ဆရာတော်ဘုရားကြီး၏ မျက်နှာကိုလည်း ငါထောက်ထားသင့်ပေသည်။ ဆရာတော်ကြီးသည် ငါ့မိဘသဖွယ်ပင် ဖြစ်ပေသည်။ အခါကြီးရက်ကြီး၊ အတာလ၊ ဝါဆိုလ၊ တန်ဆောင်ကထိန်လ၊ တပေါင်းလ သဲပုံစေတီပူဇော်သည့်လများ၌ ငါ့မယ်တော်နှင့်တူသည့် ဆရာတော်ဘုရားကြီးသည် ရွှေထမ်းစင်ကိုစီး၍ ကျိုင်းများထီးများက အရိပ်ချင်းဆက်နေသလောက် မိုးလျက် သွားလာကြွမြန်းရပေသည်။ ဆရာတော်ဘုရားကြီးသည် ဤလောက၌ အဘယ်အရာမျှ လိုသည်ဟူ၍ မတရလောက်အောင်ပင် ကြွယ်ဝလှပေသည်၊ ပြည်တွင်းပြည်ပ အဝေးအနီး ဆက်ဆံပုံများကလည်း အလွန်အံ့ဖွယ်ကောင်းလောက်အောင် ရှိလှပေသည်။ 'ဤမခင်ဦး၏ မိဘများမှာလည်း ငါကဲ့သို့ပင် ပြည့်စုံမည်မှာ မလွဲတော့ပေ။'

ထို့နောက် ရှင်မဟာသီလဝံသသည် အင်းဝသားကလည်း အပြောကောင်း၊ အသွေးဆောင်ကောင်း၊ မခင်ဦးကလည်း ငြင်းချက်သားကောင်း၊ တစ်ဖက်သား၏ စကားကို ဒက်ခနဲ ဒက်ခနဲနေအောင် ပြန်ဖြေတတ်သည်။ လေးလံ မှုန်မှိုင်းသော မျက်စိများဖြင့်
mgyoe.com

mgyoe.com
ရှင်မဟာသီလဝံသသည် ခင်ဦးရှိရာသို့ စူးစိုက်ကြည့်လျက် နားစွင့်နေမိသည်။

"ကျွန်မ နောက်ဆုံးစကားပြောပါ့မယ်၊ ကိုခင်ညို၊ ကျွန်မလို မိဘတိုးဘွားကစပြီး ပြည့်ပြည့်စုံစုံနဲ့ ရှိနေသည့် မိန်းကလေးကို အင်းဝသို့လိုက်ခဲ့ပါ၊ သနားလှပါတယ်၊ တူပျော် ပျော်နေချင်လှပါတယ်ဆိုပေမယ့် မိဘအုပ်ချုပ်နေသည့် ကျွန်မလို မိန်းကလေးမျိုးဟာ ဘယ်မှာ ရှင့်နောက်ကို လိုက်လာနိုင်ပါ့မည်လဲရှင်၊ ရှင်စောစောက မတွေးမိပါဘူးလားရှင်၊ ကျွန်မသည် မိဘအပေါ်၌ မေတ္တာများကလည်း မြဲလှပါသည်။ သီလတရားကိုလည်း ဖြူစင်စွာထား၍ မြဲသူဖြစ်ပါသည်။ ဒါကြောင့် ပြန်ပေဦးတော့ ကိုခင်ညို၊ ကျွန်မကိုဖြင့် သာသာကလေးနှင့် မြှူ၍ မရဘူးဆိုတာကိုတော့ မြဲမြဲစွဲစွဲ မှတ်လိုက်ပါပေတော့နော်..."

မိန်းကလေးသည် ရေအိုးကိုရွက်ပြီး ထမီကို စွန်တောင်ဆွဲလျက် ဆောင့်ကာ အောင့်ကာဖြင့် ယောကျ်ားပျို၏ အနီးမှ ထွက်သွားလေတော့သည်။ ထိုအခိုက် ညနေ စောင်းပြီဖြစ်၍ ကျည်းပင်များအပေါ်ရှိ လင်းဝက်များ အောက်ချင်းငှက်များက လန့်လျက် ရုတ်ရုတ်သဲသဲ ပျံထွက်သွားကြသည်။

ရှင်မဟာသီလဝံသသည် ရုတ်တရက် အိပ်ပျော်သွားသလိုလို ရှိရာမှ လန့်နိုး လာပါသည်။ ထို့နောက် အင်းဝသို့ မသွားတော့ပါဟူသော စိတ်သည် စိတ်အာရုံတွင်းသို့ တစ်မုဟုတ်ချင်း ဝင်လာသည်။ သူ၏နှုတ်မှလည်း 'ခင်ဦး' 'ခင်ညို' 'အင်းဝသား...'။

ခင်ဦးသည် အလွန်လိမ္မာသည့် ကလေးမပေပဲဟု ရေရွတ်ရင်း သူ၏ ကျောင်း သင်္ခမ်းသို့ ရောက်လာသည်။ ထို့နောက် သူသည် ဦးဆောင်းပါး၏ အစ၌ တင်ပြခဲ့သော 'အချာပဝရ' အစချီသည့် ရတုတစ်ပုဒ်ကို ပုရပိုက်တစ်ခုပေါ်၌ ရေးသားနေမိတော့သည်။

ကဆုန်လသို့ တဖြည်းဖြည်း ဝင်ရောက်လာချေပြီ၊ သူဖျောက်ဖျက်မရနိုင်သော ချင်ခြင်းသည် ဝင်ရောက်လာပြန်ပါချေပြီ၊ ထို့ကြောင့် ဖြစ်လိုရာဖြစ်တော့ဟူ၍ သွားခွင့်ပန် ရန် ဆရာတော်ဘုရား၏ ကျောင်းတော်သို့ ရှေးရှုရောက်လာပြန်သည်။

"အရှင်ဘုရား ယခုအချိန်ကား သစ်ပင် ရေမြေ တောတောင်တို့သည် သာယာ ခြင်းမက သာယာနေကြပါပြီဘုရား၊ တပည့်တော်အား သနားသောအားဖြင့် အင်းဝပြည်သို့ သွားအံ့သောအကြောင်းကို ခွင့်ပြုတော်မူပါဘုရား"

ဟူ၍ ခေါင်းကိုငုံ့ပြီး လျှောက်ထားလိုက်သည်။

"အမောင်...အင်းဝသို့ သွားလိုပါက အမောင်တစ်ဦးတည်း အဖော်မပါ တစ်ကိုယ် တည်းသွား၍မဖြစ်၊ လေးယောက်တန်သည် ငါးယောက်တန်သည် ခြောက်ယောက် တန်သည် စသည်ဖြင့် အဖော်ရလျှင်ကား ငါကြည်ဖြူစွာ ခွင့်ပြု၏" ဟူသော စကားကို ကြားလျှင် ရှင်မဟာသီလဝံသသည် ထ,ခုန်လုမတတ် ဝမ်းမြောက်သော ဝမ်းမြောက်ခြင်း

mgyoe.com

mgyoe.com
ဖြင့် သူ၏နှုတ်သည် တဖျတ်ဖျတ် လှုပ်ရှားနေ၏။

"အင်းဝသို့သွားမည့်သူများမှာ ကြယ်ကဲ့သို့ပင် မိုးဝဌ် ပြုနေသကဲ့သို့ များပြားလှပါပေ၏ဘုရား" ဟူ၍ လျှောက်ထားပြီးနောက် အပါးမှ ထွက်ခွာလာခဲ့ပေသည်။

ထိုအခါကား သက္ကရာဇ် ၈၄၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ ပေတည်း၊ ရှင်မဟာသီလဝံသသည် ပါရမီတော်ခန်း လင်္ကာကို ပိုက်လျက်၊ လိုအပ်သော ရဟန်းအသုံးအဆောင်တို့ကို လွယ်ပြီးလျှင် နံနက်စောစော ကျောင်းသင်္ခမ်းမှ ထွက်ကြွတော်မူလာသည်။ ဒကာ ဒကာမ, များကမူ နောက်တော်မှလိုက်၍ အင်းဝသို့ မကြွမြန်းပါရန် တောင်းပန်ကြတုန်းပင် ရှိနေသေးသည်။ ရှင်မဟာသီလဝံသသည် ဆိတ်ဆိတ်နေ၍၊ အဖော်များနှင့်အတူ အင်းဝမြို့ရှိရာအရပ်ကို မျှော်မှန်းလျက် ကြွချီတော်မူသည်။

ရှင်မဟာသီလဝံသ ကြွချီတော်မူရာ လမ်းသည် ရှေးယခင်အခါက အင်းဝသတိုးမင်းဖျား တောင်တွင်းသို့ ချီတက်လာဖူးသည့် လမ်းဖြစ်သည်။ မင်းကြီးစွာစော်ကဲလက်ထက်တွင်လည်း ဤလမ်းကိုပင် ချဲ့ထွင်၍ စစ်လမ်းကြောင်းအဖြစ် တောင်တွင်းကိုတိုက်ခိုက်ရန် ချီတက်လာဖူးပေသည်။ ရှေးပုဂံမင်းများ လက်ထက်တော်အခါကပင် တောင်တွင်းနှင့် ပုဂံတို့ လမ်းပေါက်လျက်ရှိကြသည်။ ပုဂံမင်းခွေးချေးလက်ထက် ပုဂံကနေပြီး တောင်တွင်းဘက်သို့ စစ်ချီတိုက်ခိုက်ဖူးလေသည်။ တောင်တွင်းကနေ၍ အင်းဝတိုင်အောင်သော် အင်္ဂလိပ် မိုင်အားဖြင့် ကျိုးကန်းပျံတိုင်းသော် မိုင်ပေါင်း (၁၆၀)ခန့် ရှိမည်။ တောင်တွင်းကနေ၍ အင်းဝသို့ ခြေကျင်သွားလျှင် ရက်ပေါင်း (၂၀)ခန့် သွားရပေမည်။ ယခုမူ ရှင်မဟာသီလဝံသသည် ခြေကျင်ချည်း သာမဟုတ်၊ တစ်နေရာမှ တစ်နေရာသို့ လှည်းဖြင့်လည်း ကူးဟန်ရှိပါသည်။ ထို့ကြောင့် တောင်တွင်းရွှေပြည်မှ သက္ကရာဇ် ၈၄၅ ခု၊ ကဆုန်လပြည့်နေ့ အင်္ဂါနေ့ နံနက်စောစော ထွက်ကြွရာဝယ် ပင်းယမြို့သို့ (၇) ရက်မြောက်သော တနင်္လာနေ့တွင် ရောက်ပါသည်။ ပင်းယ၌ လူအများ၏ အပူဇော်ခံယူပါသည်။ ဘုရားလောင်းကြွလာသည်ဟုပင် ဥက္ကောဒေယျ ဖြစ်ပါသည်။ ပင်းယ၌ (၆)ရက်မျှ နေတော်မူ၍ အင်းဝဘက်သို့ ကူးတော်မူပါသည်။ အင်းဝဘက်၌လည်း ဘုရားအလောင်း ကြွလာတော်မူသည်ဟူ၍ လူအများ အုတ်အာသောင်းသဲ ဖြစ်နေကြပါသည်။ ပါရမီတော်ခန်း လင်္ကာကို ရင်ဝယ်ပိုက်လျက် အင်းဝရွှေစည်းခုံ ဘုရားတန်ဆောင်း၌ ခိုဝင်နားတော်မူပါသည်။

ထိုအခါ ရှင်ရဋ္ဌသာရ၏ ဆရာတော်ဖြစ်သော သီဟိုဠ်ရောက် ဆရာတော်သည် ရှင်မဟာရဋ္ဌသာရအား ရွှေစည်းခုံဘုရားသို့ စေလွှတ်၍ စုံစမ်းတော်မူစေပါသည်။ အင်းဝတံတားဦးအရပ်၌ ရှင်မဟာသီလဝံသကိုတွေ့၍ ရှင်မဟာရဋ္ဌသာရသည် ဤသို့ မေးမြန်း
mgyoe.com

mgyoe.com
လျှောက်တင်ပါသည်။

"ငါ့ရှင်...အဘယ်အရပ်မှ ကြွလာတော် မူပါသနည်း။ အင်းဝဟူသည် အနှစ်ရှိသော ရှားကဲ့သို့ ဆရာတော် ပညာရှင်များ ပေါများလှပေသောကြောင့် လာရောက်ခြင်းဖြစ်ပါသလော"

ထိုအခါ ရှင်မဟာသီလဝံသက ဆိုသည်။

"ငါရှင်... ငါသည် တောင်တွင်းပြည်က လာသည်။

မှန်ပေသည်၊ ငါ့ရှင်... ပညာဆည်းပူးရန် ငါလာပါသတည်း"

ရှင်မဟာသီလဝံသ၏ စကားကို ကြားလျှင် ရှင်မဟာရဋ္ဌသာရသည် ဤသို့ဆို၏။

"ငါ့ရှင်...တောင်တွင်းပြည်၌ မိုးလေဝသ ကောင်းပါလေ၏လော၊ သီးနှံများလည်း ဖွံ့ဖြိုးပါ၏လော"

"တောင်တွင်းပြည်၌ မိုးလေဝသသည်လည်း ကောင်းပါသည်၊ သီးနှံများလည်း ဖွံ့ဖြိုးလှပါသည်။ ငါ့ရှင်တို့၏ အင်းဝပြည်၌ ရဟန်းတို့သည် တမုတ်ဆိုး၊ တိမ်းညက်ဆိုးသင်္ကန်းများကို တန်ဆာဆင်၍ သီတင်းသုံးကြပါသလော" ဟူ၍ ရှင်မဟာသီလဝံသသည် ဖြေရင်းမှ တုံ့ပြန်၍ မေးတော်မူသည်။

ရှင်မဟာရဋ္ဌသာရကား မည်သို့မျှ ဖြေတော်မမူ။ ဆိတ်ဆိတ်နေတော်မူလျက် ရှင်မဟာသီလဝံသ အပါးမှ ထွက်ခွာကာ ပြန်ကြွသွားတော်မူပါသည်။

အဋ္ဌာရသမျိုး (၁၈)ပါးတွင် ရှင်မဟာသီလဝံသသည် ဣတိဟာသ အတတ်ကို ကောင်းစွာတတ်မြောက်သည်ဟု ဆိုရပေမည်။ သူတစ်ပါးက မိမိအား စကားဖြင့် ချိုးနှိမ်သည်ကို မိမိက စကားဖြင့်သာ ပြန်လှန်၍ အနိုင်ယူလိုက်ခြင်းကို ဣတိဟာသအတတ်ဟုခေါ်သည်။ ရှင်မဟာရဋ္ဌသာရသည် မြို့ကြီးသားဖြစ်၍ ရှင်မဟာသီလဝံသအား 'တောတွင်းသား' 'တောင်သူကြီးသား' ဟု ချိုးချိုးဖွဲ့ဖွဲ့ စကားတင်စီး၍ ခေါ်လိုသည်။ ထို့ကြောင့် တောင်တွင်းကြီး၌ စပါးသီးနှံ သစ်သီးဝလံတို့သည် ဖွံ့ဖြိုးပါ၏လောဟုမေးခြင်းဖြစ်သည်။ ရှင်မဟာသီလဝံသကလည်း မြို့ကြီးသားခေါ်သူတို့သည် ဘုရားမကြိုက်သည့် တိမ်းညက်ဆိုးသင်္ကန်းကို ဝတ်ဆင်လျက် ယောင်ပြုသလွှင် နေထိုင်ကြပါသလားဟု တုံ့ပြန်မေးခြင်းဖြင့် စကားကို စစ်ထိုးအနိုင်ယူလိုက်ခြင်းဖြစ်သည်ဟု မှတ်ရာပါသတည်း။ ။

mgyoe.com

mgyoe.com

# ပေလေးပင်–ရှင်လေးပါး

ဦးသော်ဇင်

ဘုရားရှစ်သောင်း၊
လေးထောင်ဆောင်း၍
ကိန်းအောင်းစံရန်၊ ဓမ္မခန်သည်
သံတောင်ဖြိုးမြင့်–စွင့်လိမ့်လေး။
အကိုက်လေးဖော်၊
မြေမှပေါ်သည်
ရှင်ကျော်လေးဦး–ခူးလိမ့်လေး။
ခူးလည်းခူးလတ္တံ့၊
ကူးလည်းကူးလတ္တံ့၊
စူးလည်းစူးလတ္တံ့၊
မြူးလည်းမြူးလတ္တံ့၊
ရန့်ငယ်ကြိုင်လှိုင်၊
မွှေးပျံ့ဆိုင်
နှစ်ခိုင်ပွင့်လန်း–ပြည်သူ့ပန်း။

မိုးညှင်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၈၀၀ပြည့်နှစ် တောင်တွင်းကြီးမြို့တွင် ပေါ်ပေါက်နေသော တဘောင်ဖြစ်၏။ တဘောင်ကို ယခုအခါတွင် ပြည်သူတို့၏ လိုလားတောင့်တချက်ဟု ဆိုနိုင်ပါသည်။ ရှေးအခါကမူ နတ်ပြောပြဆောင် တဘောင်

mgyoe.com

mgyoe.com
စံနည်းဟု ဖွင့်ဆိုကြသည်။ ရှေးအခါက မြန်မာတို့သည် တစ်စုံတစ်ရာ ထူးထူးဆန်းဆန်း မြင်ရသော်လည်းကောင်း၊ ကြားရသော်လည်းကောင်း၊ တိုင်းပြည်တွင် တစ်မျိုးတစ်ဖုံ ဖြစ်ပျက်မည်ကို နတ်တို့က လူတို့တွင် ကပ်မိုး၍ ရှေးပြေးနိမိတ်ပြသည်ဟု ယုံကြည်ကြ၏။ ထို့ကြောင့် မဃဒေဝတွင် "တိုင်းပြည့်အခင်း၊ မင်း၏အတွက်၊ ထိုနှစ်ချက်တို့၊ ဖြစ်–ပျက်ခါနီး၊ လူ့နှုတ်သီး၌၊ ကပ်မိုးရောယောင်၊ နတ်တို့ပေါင်၍၊ တဘောင်နိမိတ်၊ ကောင်းဟိတ်ဆိုးမှု၊ ပြလာပြုလျက်၊ ပြည်သူ့လေ့လာ၊ များတတ်စွာ၏" ဟု စပ်ဆို၏။ ယင်းတဘောင်နိမိတ်ကို ပြောဆိုသူတို့ကိုလည်း "ကလေးတမည်၊ သဘင်သည်တဦး၊ အရူးခေါ်ရိုး၊ ဤသုံးမျိုးတို့၊ ကောင်းဆိုး တဘောင်၊ နိမိတ်ကောင်းတည့်" ဟု ဆို၏။

ထိုအခါက တောင်တွင်းကြီးမြို့၌ ကလေးသူငယ်တို့သည် အဆိုပါ တဘောင်ကို အများအပြား သီဆိုနေကြ၏။ ကြားရဖန်များသော် လူကြီးများ စဉ်းစားကြ၏။ ငါတို့ ပြည်တွင် တစ်စုံတစ်ရာပြုပြင် ပြောင်းလဲမည့် အတိတ်နိမိတ်ပဲဖြစ်မည်။ အဖြစ်လော၊ အပျက်လော၊ ကောင်းမည်လော၊ ဆိုးမည်လော၊ တဘောင်မှာ ဘုရားရှစ်သောင်းနှင့်စ၍ ပြည်သူ့ပန်းနှင့် အဆုံးချထားသောကြောင့် မကောင်းဖြစ်မည့် နိမိတ်မဟုတ်နိုင်။ နှစ်သက်ဖွယ် အကောင်းဖြစ်ဖို့ရှိသည်။ သို့ရာတွင် မည်သို့သော အကောင်းမျိုး ဖြစ်လာမည်နည်းဟု သူတို့ ကြိုတင်ပြီး သိချင်ကြသည်။ ထို့ကြောင့် ရှေ့နောက်မြော်မြင် ဆင်ခြင်တတ်သော ရတနာ့ဗိမာန်ကျောင်း နတ်မိုးလင်း ဘုန်းတော်ကြီး အရှင်သီလာစာရာဘိဓဇထံ သွား၍ မေးလျှောက်ကြ၏။ ဘုန်းတော်ကြီးသည် တဘောင်၏ အနက်အဓိပ္ပာယ်ကို ဆင်ခြင်၍ သူ၏ အမြင်ကို ရှင်းပြ၏။ အချုပ်မှာ ဤသို့တည်း...။

ဘုရားရှစ်သောင်း၊ လေးထောင် ဆောင်း၍–ဟူသည်မှာ ဘုရားပေါင်း ရှစ်သောင်း လေးထောင်ဖြစ်မည်။ စင်စစ် မြတ်စွာဘုရားဟောကြားသော တရားမှာ တရား အစုအပုံ ဖြစ်သော ဓမ္မက္ခန္ဓာ အားဖြင့် ရေတွက်ပါသော် ရှစ်သောင်းလေးထောင် ရှိ၏။ ယင်းကို တင်စားသောအားဖြင့် စာတစ်လုံး ဘုရားတစ်ဆူ ဆိုသကဲ့သို့ ဘုရား ရှစ်သောင်းလေးထောင် ဟု ဆိုခြင်း ဖြစ်ရာသည်။ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကို ဘုရား ရှစ်သောင်း လေးထောင်ဟု တင်စားပြီးဆိုခြင်းဖြစ်မည်။

**ကိန်း အောင်း စံ ရန်၊ စမ္ပခဏ်သည်**–ဟူသည်မှာ အဆိုပါ ဓမ္မက္ခန္ဓာ တည်းဟူသော ဘုရားရှစ်သောင်းလေးထောင်တို့ ကိန်းအောင်းစံပယ်ရာ နေရာဖြစ်မည်။ ယင်းတို့ တည်နေရာမှာ ပေရွက်ဖြစ်သည်။ ထိုစဉ်အခါက သူတို့သည် စာကို ပေပေါ်မှာ ကညစ်ဖြင့် ရေးကြသည်။ စမ္ပခဏ် ဆိုသည်မှာ ပါဠိဘာသာ စမ္ပခဏ္ဍ ဖြစ်သည်။ ယင်းအနက်မှာ သားရေနယ်ပိုင်းဖြစ်၍ ရဟန်းတို့၏ စမ္ပခဏ်ဟု ခေါ်ကြသည်။ ရှေးအခါက ရဟန်းတော်
mgyoe.com

mgyoe.com

တို့သည် သားရေနယ်ပိုင်းကို သွားလေရာယူဆောင်သွားပြီး တစ်နေရာတွင် ထိုင်သော အခါမှာ ခင်းကြသည်။ နောင်အခါ မြတ်စွာဘုရား ရုပ်တုတော် စံပယ်သော နေရာကိုလည်း စမ္မခဏ်ဟု ခေါ်ကြသည်။ ဓမ္မက္ခန္ဓာတည်းဟူသော ဘုရားတို့ ကိန်းအောင်စံပယ်ရာမှာ ပေရွက်ဖြစ်သည်။

သံတောင်ဖြိုးမြင့်၊ စွင့်လိမ့်လေး–ဟူသည်မှာ ထိုစမ္မခဏ်ပေပင်သည် အတောင် ပေါင်းများစွာမြင့်လိမ့်မည်ဟု ဆိုလိုဟန်ရှိသည်။ အတောင်ကို ရှေးအခါ သံတောင်ဟု ခေါ်ကြ၏။ တံတားဦးတည် မော်ကွန်းတွင် "အလျားအနံ၊ သံခုနစ်တောင်" ဟု စပ်ဆိုချက် ရှိသည်။ ယင်းသံသဒ္ဒါသည် "သက်ရှိသက်မဲ့တို့၏ အသံ, သွေးသံ, ပတ္တမြား ကျောက်သံ, မောင်းမမိသံ, သံတောင် ဆိုသော အရာတို့၌ ထင်၏ဟု ဝေါဟာရတ္ထ ပကာသနီ၌ ဆိုသည်။

အကိုက်လေးဘော်၊ မြေမှပေါ်သည်–ဟူသည်မှာ အဆိုပါ ပေပင်ပေါက် အစို့ အညှောက် လေးခုတို့ မြေမှ ထွက်ပေါ်လာမည်ဟု ယူဆဖွယ် ရှိသည်။ အကိုက်မှာ ရှေးသုံးပေါရာဏ စကားဖြစ်သည်။ ယခုခေတ် စကားဖြင့်ကား အစို့အညှောက် အပင် ပေါက် ဖြစ်သည်။ "သူမွန်ရသေ့၊ ဖွားသည့်နေ့၌၊ အကိုက်အညှောက်၊ မြေကပေါက်၍" ဟု စပ်ဆိုချက် ရှိသည်။

ရှင်ကျော်လေးဦး၊ ခူးလိမ့်လေး–ဟူသည်မှာ အဆိုပါ ပေလေးပင်မှ ပေရွက်တို့ ကို ရှင်ကျော်လေးဦးတို့ ခူးယူကြလိမ့်မည်ဟု ယူဆနိုင်သည်။

ခူးလည်းခူးလတ္တံ့–ဟူသည်မှာ ထိုရှင်ကျော်လေးဦးတို့သည် ထိုပေလေးပင်မှ ပေရွက်တို့ကို ခူးလည်းခူးကြမည်ဟု ဆိုနိုင်သည်။ ခူးသဒ္ဒါသည် "ယူခြင်း အနက်၌ ဖြစ်သော်လည်း ကြည်သာရှင်လန်းစွာ အလွယ်တကူ အညွန့်အဖျားကို ယူဆောင်အရာ၌ သာထင်၏" ဟု ဝေါဟာရတ္ထပကာသနီ၌ ဆိုသည်။

ကူးလည်းကူးလတ္တံ့– ဟူသည်မှာ အဆိုပါ ရှင်ကျော်လေးဦးတို့သည် စာပေ ကျမ်းဂန်တွင် တစ်ဖက်ကမ်းရောက် ကူးမြောက်သော ပါရဂူတို့လည်း ဖြစ်မည်ဟု ယူဆ နိုင်ဖွယ်ရာ ရှိသည်။

စူးလည်းစူးလတ္တံ့–ဟူသည်မှာ ထိုရှင်ကျော်လေးဦးတို့သည် ဉာဏ်ပညာ ထက်မြက်စူးရှကြမည်။ သို့မဟုတ် သူတို့၏ စာပေတို့သည် ထက်မြက်စူးရှသော အနက် အဓိပ္ပာယ်ကိုလည်း ဆောင်မည်ဟု ယူဆနိုင်သည်။

မြူးလည်း မြူးလတ္တံ့– ဟူသည်မှာ ထိုစာပေတို့မှာ ရွှင်မြူးကြည်နူးဖွယ်ရာတို့ လည်း ဖြစ်မည်ဟု ဆိုနိုင်စရာရှိသည်။

mgyoe.com

 mgyoe.com 

ရန့်ငယ်ကြိုင်လှိုင်၊ မွှေးပျံ့ဆိုင်–ဟူသည်မှာ ထိုကြည်နူးဖွယ်စာပေတို့သည် ပန်းမာလာကဲ့သို့ ရနံ့မွှေးပျံ့ ကြိုင်လှိုင်မည်ဟု ဆိုနိုင်စရာ ရှိသည်။

**နှစ်ခိုင် ပွင့်လန်း၊ ပြည်သူ့ပန်း**–ဟူသည်မှာ ထိုရှင်ကျော်လေးဦးတို့အနက်မှ ရှင်ကျော်နှစ်ဦးတို့သည် သို့မဟုတ် ထိုရှင်ကျော်နှစ်ဦး၏ စာပေတို့သည် ပြည်သူ့ပန်း မာလာ ဖြစ်လိမ့်မည်ဟု မှန်းမျှော်နိုင်သည်။

ထို့နောက် သက္ကရာဇ် ၈၁၅ ခုနှစ်သို့ ရောက်သောအခါ တောင်တွင်းကြီးမြို့ မြောက်ဘက် မြို့လုလင်ရွာအနီး ပေတောမှာ လုံးပတ်ထွာဆိုင်ခန့်ရှိသော ပေဖူးကြီး လေးဖူး ထူးထူးခြားခြား ထွက်ပေါ်လာ၏။ ထို့နောက် မကြာမီပင် နောင်အခါ ရှင်ကျော်လေးဦး အဖြစ် ထင်ရှားမည့် သတို့သားလေးယောက် ရှေ့နောက် ဖွားမြင်ပေါ်ပေါက်လာကြသည်။

၁။ မြို့လုလင်ရွာ အရှေ့ပိုင်းမှ ဦးသောကြာနှင့် မယ်နှင်းဆီတို့တွင် သတို့သား တစ်ယောက် ဖွားမြင်သည်။ အမည် မောင်ဥက္ကာဖြစ်၍ နောင်အခါ ရှင်ဥတ္တမကျော် ဟု ထင်ပေါ်သည်။

၂။ ထိုမြို့လုလင်အရပ်တွင်ပင် ဦးကြည်နှင့် မယ်ထွေးတို့မှာ သတို့သားတစ်ယောက် ဖွားမြင်သည်။ အမည်မှာ မောင်ညိုဖြစ်၍ နောင်အခါ ရှင်မဟာသီလဝံသ ဟု ထင်ရှားသည်။

၃။ သတိုးထမ်း အမည်ရှိသော ရွာ၌လည်း မောင်အုန်းညိုကို ဖွားမြင်သည်။ နောင်အခါ ရှင်အုန်းညို အမည်ဖြင့် ထင်ရှားသည်။ အမိ–အဖ အမည်နှင့် သူ၏ ရဟန်းဘွဲ့ကို မသိရပါ။

၄။ မန်ကျည်းတော ရွာမှာလည်း သတို့သားတစ်ယောက် ဖွားမြင်သည်။ ထိုသတို့သား၏ ငယ်မည်နှင့် မိဖအမည်ကိုလည်း မသိရပါ။ နောင်အခါ ရှင်ခေမာအမည်ဖြင့် ထင်ရှားသည်။

ဤသို့လျှင် ဘုရားရှစ်သောင်း အစချီသော တဘောင်အားလျော်စွာ တောင်တွင်း ကြီးမြို့တွင် ပေ လေးပင်–ရှင် လေးပါး ပေါ်ထွန်းခဲ့သည်။

ထိုတွင် မောင်ဥက္ကာနှင့် မောင်ညိုမှာ တစ်ရပ်တည်းသား အိမ်နီးချင်း ဖြစ်ကြ သည်။ သဘာဝချင်းလည်းတူ၍ ခင်မင်ရင်းနှီးကြသည်။ တစ်နေ့တွင် သူတို့ နှစ်ယောက် တည်း ရတနာဗိမာန်ကျောင်းအောက်သို့ သွား၍ ကစားကြသည်။ မောင်ဥက္ကာသည် မြေကြီးကို တူး၍ ခဲရသောအခါ...

"ဟေ့–မောင်ညို ငါ မြေကြီးကို တူးတာ ခ–အဲရသမောင်" ဟု ပြော၏။

မောင်ညိုကလည်း စူးတစ်ချောင်းကို ပြကာ....

mgyoe.com

mgyoe.com
"ကျုပ်လည်း ကျောင်းတိုင်ခေါင်း ထဲက စ–ဦး တစ်ချောင်း ရသယ်အကို" ဟု ဆို၏။

သူတို့နှစ်ယောက် အချင်းချင်းပြောသောစကားကို ကျောင်းပေါ်မှ စကြ်လျှောက်နေသော နတ်မိုးလင်းဘုန်းကြီး ကြားသဖြင့် လွန်စွာအံ့ဩနေ၏။ တစ်ဦးက ခဲကို ခ–အဲ ဟုလည်းကောင်း၊ နောက်တစ်ဦးက စူးကို စ–ဦးဟုလည်းကောင်း၊ ပုဒ်ခွဲဖြတ်ကာ ပြောသည်။ ယင်းသို့ ပုဒ်ကို ခွဲခြင်းမျိုးကို သဒ္ဒါကျမ်းအတတ်ကို သင်ကြားတတ်မြောက်မှ ခွဲနိုင် ဖြတ်နိုင်မည်။ ယခုမူ ကစားသည့်အရွယ် ကလေးငယ်နှစ်ယောက်တို့ အချင်းချင်း ပုဒ်ခွဲ… ပုဒ်ဖြတ်ကာ ပြောဆိုနေကြသောကြောင့် ဖြစ်သည်။ ဘုန်းကြီးသည် ဆက်လက်၍ စကြ်လျှောက်နေ၏။ အတန်ကြာသောအခါ ကျောင်းဝင်းအတွင်း ညောင်ပင်ကြီးမှ ကျေးငှက်တို့အသံ စီစီ–ညံညံ ကြားရ၍ ထိုသို့ စိတ်ရောက်သွားသည်။ အစာရှာ၍ ပြန်လာကြသော အောက်ချင်းမများသည် သူတို့၏ သားသမီးများကို ထွေးအန်ကာ အစာကျွေးနေကြသည်။ ဘုန်းကြီးသည် ငှက်ကလေးတွေကိုကြည့်ပြီး ကဗျာစပ်ဆိုလိုက်၏။

အောက်ချင်းရင်သွေး
ဥကမွေးသည်
ကွေးလေးငှက်ငယ် သနားဖွယ်။

ဘုန်းကြီးစပ်ဆိုသော ကဗျာကို ကစားနေရင်း ကြားရသော မောင်ဥက္ကာက ရုတ်တရက်ပင် ကာရန်ခွဲပြီး ထပ်၍ တစ်မျိုး စပ်ဆိုလိုက်၏။

အောက်ချင်းခေါ်ငှက်
ဥကထွက်သည်
နည်ကြက်အတောင်ရောင်။

× × ×

ထိုအခါ မောင်ညိုကလည်း ထိုအကြောင်းကိုပင် ကာရန်ပြောင်း၍ တစ်မျိုး ထပ်၍ စပ်ဆိုလိုက်ပြန်သည်။

အောက်ချင်းငှက်အောက်
ဥကပေါက်သည်
တောင်ရောက်နှနယ် သနားဖွယ်။

သူငယ်နှစ်ယောက် အသီးသီး ကောက်ကာ ငင်ကာလိုက်၍ စပ်ဆိုသောကဗျာတို့ကို ဘုန်းကြီးကြားရသောအခါ ပိုပြီး အံ့ဩကာ တပည့် ပဥ္စင်းငယ်တစ်ဦးကိုခေါ်ပြီး…
mgyoe.com

mgyoe.com

"ကျောင်းအောက်က သူငယ်နှစ်ယောက် ဘယ်သူ့ သားမြေးများနည်း" ဟု မေး၏။ တပည့်ပဉ္စင်းငယ် ဆင်း၍ မေးသောအခါ သူတို့အား အပြစ်ပေးမည်အထင်နှင့် အိမ်ပြန်ပြေးရင်း ရှေးဦးစွာ မောင်ဥက္ကာက မောင်ညိုဘယ်သူ့သားဖြစ်ကြောင်းကို ဖြေဆိုသည်။

"စာစပ်ကယ်ပလီ–မယ်နှင်းဆီသား"

ထိုအခါ မောင်ညိုကလည်း မောင်ဥက္ကာ မည်သူ့သားဖြစ်ကြောင်းကို ဖြေဆိုသည်။

"တောင်ဆီရှောင်ခွာပြေး–မယ်ထွေး၏သား"

ထို့နောက် သူငယ်ချင်းနှစ်ယောက်သည် လက်တွဲကာ ပြန်သွားကြလေသည်။

ကဝိသေနင်္ဂဗျူဟာကျမ်းကို မှီငြမ်းပြုပြီး အဆိုပါအကြောင်းကို ရေးသားခြင်း ဖြစ်သည်။ အဘယ်မျှမှန်ကန်သည်ကို ဝန်ခံရန် အခြား ပမာဏမြောက်သော အထောက်အထား မရှိသော်လည်း စိတ်ဝင်စားဖွယ် မနည်းလှပါ။ ဤတွင် ရှေးအခါက မြန်မာတို့၏ အတွေးအမြင် ထုံးတမ်းစဉ်လာတို့ကို တွေ့နိုင်သည်။ တစ်စုံတစ်ယောက်၏ ကြံဖန်စီစဉ်ချက်ဖြစ်သည့်တိုင်အောင် အခြေခံ အချက်အလက်နှင့် ဆက်စပ်လျက်ရှိသည်။ ရှင်လေးပါးတို့၏ စွမ်းဆောင်ချက်တို့မှာ ထိုသို့ စိတ်ကူးယဉ်နိုင်လောက်အောင် ပြောင်မြောက်နေသည်။

၁။ ရှင်ဥတ္တမကျော်၏ ဆောင်ရွက်ချက်မှာ–

'စက်ဆယ့်နှစ်လီ' အစချီသော မြတ်စွာဘုရား ကပ္ပိလဝတ်ပြည်သွား တောလားဖြစ်သည်။ ကုသိုလ်ဆိုတာ ယူတတ်လျှင် ရသည်ဟု ရှေးလူကြီးများ ပြောကြားကြ၏။ မှန်ပါသည်၊ အကယ်၍ ယူတတ်လျှင် ငွေမကုန်လူမပန်းဘဲ ကုသိုလ်ရနိုင်ပါသည်။ ရှင်ဥတ္တမကျော်၏ တောလားမှာ ထိုဆောင်ပုဒ်၏ ပြယုဂ်သဖွယ် ဖြစ်မည်။

နတ်သုဒ္ဓါသို့၊ ချိုစွာသဘော်
ငှက်ပျောသခွါး၊ သဖန်းခါးနှင့်
ရှစ်ရှားသံပုရာ၊ ဩဇာသရက်
ဖက်သက်တရော်၊
မြတ်ရှင်တော်ကို
ပူဇော်အံ့ငှာ–သီးကြရှာ၏။

တောလမ်းခရီးတွင် အလိုအလျောက်သီးသော သစ်သီးတို့သည် မြတ်စွာဘုရားကို ပူဇော်ရန်အတွက် သီးနေကြသည်ဟု သူမြင်သည်။ သစ်ပင်တို့တွင် သစ်သီးများ

mgyoe.com

mgyoe.com
အဘယ်မျှ များပြားစွာ သီးနေကြပါသနည်း။ ထိုအချက်ကိုလည်း ဤသို့ လေးနက်စေသည်။

သုံးလူ့ဆွေကို၊ ရှိသေလှစွာ
လူ့ပမာသို့၊ ကမ္ဘာလိုလိုက်
စရိုက်အားကိုး၊ ညွှန့်ညွှန့်ဖြိုးသည်
သီးမျိုးခိုင်ညှာ ပြွက်လတည်း။

ထိုခေတ် ထိုအခါက ကဗျာဆရာတို့သည် ကဗျာအချမှာ လ–အက္ခရာနှင့် အလှ–အပ ချတတ်ကြ၏။ သို့ဖြင့် ပိုပြီး သာယာနာပျော်ဖွယ် ကောင်းသည်ဟု ယူဆကြ၏။ ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်း ပျို့တွင် "ချွတ်လွတ်ကြုံတွေး–ငေါ်လတည်း။ သောင်းသောင်း ဤသို့– ကျော်လတည်း။ ကြည်ညိုရှိပူ–ဇော်လတည်း" စသည်ဖြင့် ချသည်ကို တွေ့နိုင်ပါသည်။ ထို့အတူ ရှင်ဥတ္တမကျော်လည်း "သီးမျိုးခိုင်ညှာ–ပြွက်လတည်း" စသည်ဖြင့် ချခြင်း ဖြစ်လိမ့်မည်။ ရှင်မဟာသီလဝံသ၏ ပျို့အချမှ လအက္ခရာတို့ကို နေရာပြောင်းလဲလိုက်ပါလျှင်လည်း ရုန့်ရင်းသော အနက်များ ထွက်လာလိမ့်မည်။ ရှင်ဥတ္တမကျော်ကို အရညဝါသီ တောရပ်မှီသောပုဂ္ဂိုလ် ဖြစ်သည်ဟုလည်း ဆိုကြသည်။ ထို့ပြင် သူသည် သဘာဝလောကကြီးကို အကောင်းဘက်က လှပချောမောစွာ ရှုမြင်ဆင်ခြင်တတ်သည်။ ယင်းတို့ဖြင့် သုံးလူ့ဆွေကို ရှိသေလှစွာ ပူဇော်လေရာ အဘယ်သို့ ရုန့်ရင်း ကြမ်းတမ်းစေပါမည်နည်း။

မဟာလေ့ကား၊
ဆတ်သွားရင်ခတ်၊
ခိုင်ညွတ်ကုံ့ကော်၊
ထိုထိုသော်လည်း၊
တော်သက်ြဝင်၊ သည်သဘင်၌
ညွှန့်ရှင်လုလု၊ ဂုဏ်တင်းပြုလျက်
မင်းထက်မင်းဖျား၊ တို့ဘုရားကို
ညွတ်တွားသဒ္ဒါ–ဖူးပွင့်လာ၏။

ယင်းသို့လျှင် ပန်းမာလာတို့ဖြင့် သဘာဝလောကကြီးက ပူဇော်ပုံကိုလည်း အာရုံစေသည်။ သူ၏အတွေးအမြင်တို့မှာ– လွန်စွာ ယဉ်ကျေးသိမ်မွေ့၍ ချမ်းမြေ့ဖွယ် ကောင်းလှပါသည်။
mgyoe.com

mgyoe.com

တိမ်ပျံတိမ်စု၊ တဂုဏ်လုလျက်
ကျေးဥအရောင်၊
မိလ္လာဘောင်ဝယ်၊
တိမ်တောင်စက်သွား၊
တိမ်ရထားနှင့်
ကိုးပါးနဝရတ်၊
တိမ်ပြာသာဒ်လည်း
လူ့ထွတ်ပရမေ၊ သုံးလူ့ဆွေကို
ညွတ်ခွေဦးတင်–ရှိပန်ဆင်ခဲ့။

ဤသို့လျှင် တိမ်တောင်တိမ်လိပ်တို့၏ ပူဇော်ဟန်ကိုလည်း တွေးကြံသည်။ စင်စစ် သဘာဝလောကသည် ကဗျာနှင့်တူသည်။ ကဗျာကောင်းတစ်ပုဒ်သည် ရှုသူ၏ အလိုအားလျော်စွာ တွေ့မြင်ခံစားနိုင်သကဲ့သို့ သဘာဝလောကသည်လည်း ထို့အတူ ဖြစ်သည်။

တွင်းရွှေဂူဟာ၊
လိုဏ်နန်းသာက
ကက္ကဋ္ဌာမွန်၊ ရွှေပုဇွန်လည်း
အားသွန်ညွတ်ခ၊ သုံးလူ့ဖကို
ဖူးကြသောဟန်– ရေနန်းစံခဲ့။

ရာသီဥတုအားလျော်စွာ ပုစွန်များ တွင်းကထွက်ပြီး ရေသို့ဆင်းကြသည်ကို ဘုရားဖူးဟန် မြင်ပြန်သည်။ "ဖူးကြသောကြဲ–ရေနန်းစံခဲ့" ဟု ရှိပါလျှင် အစပ်ကာရန် မှန်သွားမည်။ သို့ရာတွင် ထိုစဉ်အခါက တောင်တွင်းဆရာတို့ကို သတ်စပ်ကာရန် မှန်စွာ မစပ်မဆိုကြသေး။ ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့တွင် "ဗောဓိမဏ္ဍိုင်၊ ခန်းဝါ ပိုင်က၊ ချက်ရိုင်ပြည့်စုံ။ နဝဂုဏ်တည့်" စသည်ဖြင့် မ–သတ်နှင့် န–သတ် ဖက်၍ စပ်ဆိုချက် ရှိသည်။

ဒေဝယက္ခာ၊ သာတာဂိရိ
မည်ရှိစိုးမှူး၊ နတ်ဘီလူးတို့
သုံးဦးပရမေ၊ ဂုဏ်မြုတေကို
ဖူးလေတုံမြောက်၊
လက်ပမ်းပေါက်ဖြင့်

mgyoe.com

ဝမ်းမြောက်ဝမ်းသာ၊
စေတနာနှင့်
သဒ္ဓါရှင်မြူး၊ ကြည်ညွတ်နူးသည်
ဘီလူးသွားကို–ဖြလတည်း။

ဤတွင် "ဘီလူးသွားကို–လဖြတည်း" ဟု လ–အက္ခရာကို နေရာပြောင်းလိုက်ပါက ဝမ်းမြောက်ဝမ်းသာစေတနာနှင့် သဒ္ဓါရှင်မြူး ကြည်ညွတ်နူးသော စကားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သွားနိုင်သည်။ မြတ်စွာဘုရားကိုလည်းကောင်း၊ ရှင်ဥတ္တမကျော်ကို လည်းကောင်း သရော်သကဲ့သို့ ဖြစ်မည်။

ဘုန်းစည်ပရမေ၊
ဗျာဒိတ်ချွေသား
သပြေကျွန်းသာ၊
နောင်သောခါဝယ်၊
သညာသမုတ်၊ ပညတ်ထုတ်၍
ဥတ္တမကျော်၊
ထေရ်မြတ်သော်လည်း
ညီတော်မုန်စွာ၊ ငါ့ရိုက်ရာတွင်
အနာဝရဏ်၊ ပွင့်အုံ့တုံဟု
ကိုးဂုဏ်ရှင်ပင်၊ အုံ့ချီးတင်သည်
ငါလျှင်လည်းကောင်း၊
ဗောဓိလောင်းဟု
ငြိမ့်ပြောင်းတံဆိပ်၊
ရွှေဗျာဒိတ်ဖြင့်
ခတ်နှိပ်သေချာ၊
နှုတ်ဩဘာသည်
မြဲစွာဖြစ်လိမ့်–မှန်းလတည်း။

တောလားနိဂုံး ပတ္တနာဖြစ်သည်။ ရှင်ဥတ္တမကျော်သည် ကိုးဂုဏ်ရှင်အား တောလား ကဗျာကိုးပုဒ်ဖြင့် ပူဇော်ပြီး အရိမေတ္တယဘုရားရှင်ထံ ဗျာဒိတ်ခံဟန် ကြံဖန်ထားသည်။ သူသည် ဤတောလား ကဗျာကိုးပုဒ်မျှဖြင့် မြန်မာစာပေတွင် တစ်နေရာ ရရှိခဲ့၏။ အချို့က ရှင်ဥတ္တမကျော်သည် ထိုမှတစ်ပါး ပါဠိတော် နိဿယများ ပြန်ဆိုခဲ့

mgyoe.com

mgyoe.com
သေးသည်ဟု ဆိုကြ၏။ သို့ရာတွင် ယခုတိုင် ထိုနိဿယများကို မပြနိုင်ကြပါ။ ရှေးအခါက ပိဋကတ်စာပေကျွမ်းကျင်သူတို့ နိဿယရေးမည်မှာ ယုံမှားဖွယ် မရှိတန်ရာ။ အကြောင်းကား ယခုအခါကဲ့သို့ ပုံနှိပ်စာအုပ်များ မရှိသဖြင့် လက်ရှိတပည့်များနှင့် နောင်လာနောက်သားတို့အတွက် မိမိစူးစိုက် လေ့လာချက်တို့ကို ရေးထားတတ်ကြသည်။ ထိုတွင် အချို့မှာ ပေါ်လွင်၍ အချို့မှာ အကြောင်းအမျိုးမျိုးတို့ကြောင့် တိမ်မြုပ်သွားကြပါသည်။ ထို့ကြောင့် ထိုမထင်ရှားသော ပါဠိတော် နိဿယဆိုသည်များကို သူ၏ စာပေတစ်ရပ်အနေဖြင့် စူးစမ်းနေခြင်းမှာ အချည်းနှီးသာဖြစ်မည်။ တောင်တွင်းဆရာတော် ခင်ကြီးဖျော်ကမူ "ရှင်ဥတ္တမကျော်မှာ ကျမ်းဂန်ပါဠ် ပါဠိမပြု၊ နရပတိရေလား လင်္ကာတစ်စောင်သာ ပြုသည်" ဆိုသည်။

၂။ ရှင်မဟာသီလဝံသ သည်ကား–

ရှင်လေးပါးတို့တွင် အထင်ရှားဆုံးနှင့် မြန်မာမှုတွင် အကျိုးအပြုဆုံးသော ပြည်သူ့ပန်း ဖြစ်သည်။ သူသည် ပါရမီတော်ခန်းပျို့၊ တောင်တွင်းလာပျို့၊ ဆုတောင်းခန်းပျို့၊ တံတားဦးတည်မော်ကွန်း၊ ပါရာယန ဝတ္ထု၊ ရာဇဝင်ကျော် အစရှိသော ကဗျာလင်္ကာစကားပြေအားဖြင့် စာမျိုး အတန်စုံလင်စွာ ပြုစုခဲ့သူ ဖြစ်သည်။ သူ၏စာပေတို့ မြန်မာမှုတွင် အဘာယ်မျှ အကျိုးပြုသည်ကို မြန်မာမှု လေ့လာသူတိုင်း ကောင်းစွာသိကြသည်။ ထိုစကား ထင်ရှားစေရန် အချို့သော ပြယုဂ်ကို ဖော်ထုတ်ပြပါမည်။

ဘီလူးကို ရှေးသူဟောင်းတို့က 'ဥပါ' ဟု ခေါ်ကြသည်။ ထို့ကြောင့် ပါရမီခန်း၌ ဥပါခက်ဟု၊ ရမ္မက်မကြွင်း၊ ဆဲ့နှစ်သင်းသား၊ အပြင်းဖမ်းကြုံး၊ တောဘီလူးကို" ဟူ၍ စပ်ဆိုတော်မူသည်။

စကြာရတနာနှင့် ပတ်သက်၍ စကြာရတနာကို စကြာမင်းသည် မစီးရ၊ စကြာရတနာရှေ့က သွားလျှင် စကြာရတနာ၏ အာနုဘော်ဖြင့် ဗိုလ်ပါပရိသတ်နှင့်တကွ ကောင်းကင်ခရီးဖြင့် စကြာမင်းသည် စကြာရတနာ၏နောက်၌ လိုက်သည်။ သည်ကို ရည်၍ ပါရမီခန်း၌...

"ပုဗ္ဗကမ္မ။ ရှေးကပြုသား၊ ကောင်းမှုထဲနှီး၊ ဘုန်းတန်းကြီး၍၊ မင်းမီး ဖြစ်လောက်၊ ဖွားလတ်မြောက်က၊ ထိတ်ကြောက်အန္တရာယ်၊ ရှင်းရှင်းပယ်၍၊ မချယ်စိုးစိ၊ မမှေးငြိတည့်၊ တိတိလက္ခဏာ၊ ကြန်ရစာဖြင့်၊ စကြာရှေးရိုး၊ လေးကျွန်းစိုးသား" ဟု စပ်လေသည်။ စကြာရှေးရိုးဆိုသည်ကား စကြာရတနာ ရှေ့ကသွားသည်။ စကြာမင်းနောက်မှလိုက်သည်ဟု ဆိုလိုသည်။

ခြသေ့်ကွန့်မြူး ခုန်လွှားသောအခါ ရဲရဲနီသော မှင်ဆံကြောင့်တစ်ကြောင်း၊ လျှပ်မြန်
mgyoe.com

mgyoe.com
သောကြောင့်တစ်ကြောင်း အမိုက်တိုက်၌ မီးစကို ပတ်လည်သကဲ့သို့ လျှပ်ပြက်သကဲ့သို့ ထင်ရသည် ဟူ၍ ကျမ်းတို့၌ ဆိုသည်။ သည်ကိုရည်၍ ပါရမီခန်း၌...

"ရပ်ကြွံတည့်တည့်၊ မလှည့်ဦးခေါင်း၊ နံတောင်းနောက်ဖီ၊ ခုန်မီမမြဲ၊ လျှပ်ခြည်ဝဲသို့" ဟူ၍ စပ်ဆိုသည်။

ကျမ်း၌ ထူးခြားကွဲပြားခြင်းဟု ဆိုအပ်သော ဝေမတ္တရှစ်ပါးကို ဆုံးဖြတ်ရာ၌ ပလ္လက်ဝေမတ္တ၏ အရကို ထက်ဝယ်ကို ဆုံးဖြတ်သည်မဟုတ်၊ နေရာပလ္လင်ကို ဆုံးဖြတ်သည်။ ပါရမီခန်း၌လည်း ဝေမတ္တရှစ်ပါးကိုပင်ရည်၍...

"ပလ္လင်နိမ့်မြင့်၊ အကျင့်ကိုရှည်၊ ဆိုစသည်တုံ၊ တရည်တည်းပင်၊ တူချင်မဲ့လဲ၊ ကွဲလွဲထူးခြား၊ ရှစ်ပါးလောက်စင်၊ ဟောရေးဖြင်လည်း" ဟူ၍ စပ်သည်။ ထို့ကြောင့် ပါရမီခန်းဆရာမှာ ပလ္လင်တော် အစောက်အမြင့်ကိုပင် နှစ်သက်၍ စပ်တော်မူသည်။

ယခု သာသနာတော်၌ အနာဂါမ်ရှိသေးလျက်အကြောင်း ပါရမီသည် ခဲယဉ်းလှသောကြောင့် နိဗ္ဗာန်မဂ်ဖိုလ် မရရှိနိုင် ရှိချေသည်။ ထို့ကြောင့် ဆုတောင်းခန်း၌...

"ခါးပိုက် ဥစ္စာ၊ ထုပ်သည့်ငှာမျှ၊ မကြာစကောင်း၊ ရလွယ်ရှောင်းလျက်၊ အကြောင်းသာတည်း၊ ခက်စွာသည်း၍" ဟု စပ်လေသည်။

ဇေတဝန်ကျောင်းတော်သည် သာဝတ္ထိပြည်၏ မည်သည့်အရပ်တွင် ရှိသည်ဟု အဋ္ဌကထာဆရာတို့ မဖွင့်ကြသော်လည်း သုတ်မဟာဝါ အဋ္ဌကထာနှင့်အညီ တောင်မျက်နှာဟု ယောဇနာသင့်သည်။

ထို့ကြောင့် "နည်းမှီရှေးညွှန်၊ ဇေတဝန်၏ သေန်မြောက် ရှိ၊ သာဝတ္ထိသို့" ဟု အရှင်သီလဝံသ တံတားဦးတည် လင်္ကာ၌ စပ်ဆိုသည်။

မြန်မာဝေါဟာရဖြင့် အာဓာရ အနက်ကို တွင်–ဟူ၍လည်းကောင်း၊ ဝယ်– ဟူ၍လည်းကောင်း၊ မှာ–ဟူ၍လည်းကောင်း၊ ၌–ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။ ထိုတွင် တွင်–ဟူသော ဥဒါဟရဏ်ကား...

"အသေချော်ချေ၊ ကဲဆရေလည်း၊ ဆုံးလေမရှိ၊ ထိုသို့ထိတွင်၊ ဗောဓိမာရ်အောင်၊ ဉာဏ်တန်ဆောင်ကို၊ ညှိထောင်ပွဲမှောက်၊ တွင်သာ ဆောက်၍" (အရှင်သီလဝံသ တံတားဦးတည်လင်္ကာ) ဤ၌ ရှေ့ 'တွင်' ကား နိဒ္ဒါရဏ နောက် 'တွင်' ကား အာဓာရ၊ "ပြည်ကျော်နဂို၊ ရာဇဂြိုလ်၊ ရောက်တုံချင်မှ၊ ဖူးမြင်လာ ရှောင်း" ဆုတောင်းခန်း။

ရှင်မဟာသီလဝံသ၏ စာပေတို့သည် ဤသို့ စသည်ဖြင့် မြန်မာမှုအစုစုတို့ကို အကျိုးပြုခဲ့ကြသည်။ အကယ်၍ သူသာ ဤကဗျာလင်္ကာတို့ကို မစပ်မဆိုခဲ့ပါက မြန်မာ စာပေသည် ဘယ်သို့ နေမည်နည်း၊ ရှင်ရဋ္ဌသာရ စသူတို့ ရှိပါသေးသည်။ သို့ရာတွင်
mgyoe.com

mgyoe.com
အထောက်အထားတစ်ရပ်ကား လစ်လပ်နေပေမည်။ ယခုမူ သူ၏ အဆိုအမိန့်တို့ကား ပညာရှိများ ပိုမိုအရေးထားပြီး လေးစားကြသည်။ သို့ကြောင့် သူ့ကို "သဒ္ဒါတွင် ရှင်ကစ္စည်း၊ ကဗျာတွင် ရှင်သီလဝံသဟု မော်ကွန်းတင်ကြခြင်းဖြစ်သည်။ သူ၏ ပါရမီခန်းပျို့ကိုလည်း "ပါရမီ–မသီနှင့်" ဟု ဆိုရိုးပြုကြသည်။ ရှင်ကစ္စည်းသည် သဒ္ဒါတွင် မယှဉ်သာသောသူ ဖြစ်သည်။ ထို့အတူ ကဗျာတွင် ရှင်သီလဝံသသည် မယှဉ်သာသူ ဖြစ်၏။ သူ၏ ပါရမီခန်းကိုကား မသီလေနှင့်၊ အဝေးကြီးက ကျန်ရစ်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ပါရမီခန်းနှင့် ဆုတောင်းခန်းပျို့နှစ်စောင်မှာ ဗုဒ္ဓဝင်ပါဠိတော်မှ သုမေဓာ ရှင်ရသေ့ ဘုရားဆုပန်ခန်းနှင့် ပါရမီဖြည့်ကျင့်ခန်းကို ပြန်ဆိုသော ပျို့နှစ်စောင်ဖြစ်သည်။ ဗုဒ္ဓုပ္ပတ္တိခေါ် ဘုရားဖြစ်ခန်းပါမှ ပြည့်စုံမည်။

တောင်တွင်းလာပျို့မှာ ရှင်သီလဝံသ တောင်တွင်းကြီးမှ အင်းဝသို့သွားသော ကဗျာဖြစ်သည်။ ထိုကဗျာမှာ အများအားဖြင့် ပဟေဠိသဖွယ် အသိခက်သော အချက်အလက်တို့နှင့် ပြည့်နှက်နေသည်။ အကယ်၍ ခက်ခဲအောင် ကြံဆောင်မနေဘဲ မိမိတွေ့ကြုံ ခံစားချက်တို့ကိုသာ ရိုးရိုးဖွဲ့ဆိုခဲ့ပါလျှင် နောင်လာနောက်သားတို့ ရှေးဟောင်းအဖြစ်အပျက်တို့ကို သိကြရမည်။

တံတားဦးတည် မော်ကွန်းမှာ တံတားဦးအရပ်တွင် ဒုတိယ မင်းခေါင် တည်သော မင်္ဂလာစေတီတော်ဖွဲ့ ဖြစ်သည်။ ထိုအကြောင်းကို လက်ဝဲနော်ရထာ လျှောက်ထုံး၌ တောင်တွင်းဆရာတော် ခင်ကြီးဖျော်က...

"သုံးဆဲ့နှစ်ပါး၊ ထင်ရှားလက္ခဏာ ချီသည့် တံတားဦးတည်ကို ရှင်ရဋ္ဌသာရ အလျှင်လုပ်သည်။ ရှင်သီလဝံသလည်း ရှင်ရဋ္ဌသာရ လုပ်ကြောင်းကို မသိ၍ ကြားပိမ့်ကျက်သရေ၊ အောင်မြင်စေအံ့၊ ချီသည့် တံတားဦးတည် ကို လုပ်သည်။ တဆဲ့နှစ်ပုဒ်ခန့် ပြီးနှင့်သည်" စသဖြင့် ဖြေဆိုထား၏။

ရာဇဝင်ကျော်မှာ မဟာဝင်ကျမ်းမှ မဇ္ဈိမရာဇဝင်နှင့် သီဟိုဠ်ရာဇဝင်ကို ပြန်ဆို အခြေခံပြီး မြန်မာရာဇဝင် မင်းစဉ်မင်းဆက် အချို့ကို သာမန်ဖော်ပြထားသော စကားပြေကျမ်း ဖြစ်သည်။ မြန်မာရာဇဝင်မင်းစဉ်မှာ ဒွတ္တဘောင်မင်းမှ အင်းဝ မဟာသီဟသူရမင်း အထိသာဖြစ်၏။

ထို့ပြင် ရှင်သီလဝံသသည် ပါရာယနဝတ္ထုနှင့် ဓမ္မနီတိပါဠိ နိဿယကိုလည်း ပြုစုခဲ့သည်။ ပါရာယနဝတ္ထုမှာ ပိဋကတ်မှ ဇာတ်ဝတ္ထုကောက်နုတ်ချက်ဖြစ်ပြီး ဓမ္မနီတိမှာ ပါဠိသက္ကတ စသည်တို့မှ ကောက်နုတ်၍ လူတို့လိုက်နာ ကျင့်သုံးဖွယ်တို့ကို အစီအစဉ်
mgyoe.com

mgyoe.com
အလိုက် စုပေါင်းဖော်ပြခြင်းဖြစ်သည်။ တောင်တွင်းဆရာတော် ခင်ကြီးဖျော်ကမူ...

"ရှင်သီလဝံသသည် ကျမ်းဂန်ပါဠိ ပါဠိမပြုခဲ့။ ပါရမီခန်း၊ ဆုတောင်းခန်း၊ တံတားဦးတည်၊ ပြည်စုန်၊ ပြည်ဆန်၊ နန်းဖွင့်၊ ဓမ္မပါလပျို့အစ တဆယ့်နှစ်ပိုဒ်၊ တောင်တွင်းလာ– သည် စာများကိုသာ ပြုခဲ့သည်" ဟု ဆိုသည်။

၁–ရှင်အုန်းညို–လည်း ဂါထာခြောက်ဆယ် ပျို့တစ်ထောင်ဖြင့် မြန်မာစာပေတွင် တစ်နေရာ နေရခြင်းဖြစ်၏။ မြတ်စွာဘုရားသခင် ဘုရားအဖြစ်သို့ ရောက်သောအခါ ရာဇဂြိုလ်တွင် ဝါဆိုနေ၏။ ထိုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ကပိလဝတ်သို့ ကြွလာပါရန် ဖွားဖက်တော် ကာဠုဒါယီ အမတ်ကို စေလွှတ်လိုက်၏။ ကာဠုဒါယီသည် တောတောင်ဖွဲ့ ဂါထာခြောက်ဆယ်ဖွဲ့ဆိုပြီး မြတ်စွာဘုရားအား လျှောက်ကြား၏။ ယင်းဂါထာခြောက်ဆယ်ကို ရှင်အုန်းညို မြန်မာကဗျာ ပြန်ဆိုခြင်းဖြစ်၏။

သိခက်ခဲလှ၊ မဂဓကို
မြန်မာ့ဘာသာ၊ ပျို့လင်္ကာဖြင့်
ဆိုစပါတုံ၊ လျှောက်ပတ်ရုံလျှင်
မွမ်းထုံဓမ္မာ၊ ဒေသနာသည်
ဂါထာခြောက်ဆယ်
ပြီး၏တည်း။

ဤကား ဂါထာခြောက်ဆယ် ပျို့နိဂုံးကောက်နုတ်ချက်ဖြစ်သည်။ သို့ရာတွင် ပါဠိလျှောက် တိတိကျကျ ပြန်ဆိုခြင်းကား မဟုတ်။ မြန်မာမှုကို ဦးစားပေးပြီး ပြန်ဆိုသွားသည်ကို တွေ့ရသည်။

ဤအခါကား၊
ဟေမာချမ်းဆောင်း
လဲကြွပြောင်းသား၊
တပေါင်းနွေလ
ဂိမာနဟု၊ သာလှပျော်မှု
သည်ရတုနှိုက်၊ ညွန့်နုဆဲဆဲ
မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်
တောကုန်အောင်လည်း၊
ပွင့်ရောင်တိချည်း
ဖြင်ပေါ်ပြည်း၏၊

mgyoe.com

mgyoe.com

ခမည်းတော်ကောင်း
ပြည်တော်ဟောင်းသို့၊
ဖူးပေါင်းစိမ့်ငှာ
တောင်းပန်ထွာသည်..
သွားခါကာလ တန်ပြီတည်း။

ဤပျို့တွင် အခြားပျို့ထက် ထူးခြားဆန်းသစ်သော အလှမှာ ယမကတို့ဖြင့် ချီခြင်းချခြင်းတို့ပင်ဖြစ်၏။ ယမကဟူသည် အစုံအစုံ ဖြစ်၏။ ပါဠိဂါထာတို့တွင် အစ၌ အက္ခရာ အစုံအစုံချီခြင်းကို အာဒိယမက ဟုခေါ်သည်။ အဆုံး၌ အက္ခရာအစုံအစုံပြု၍ ချခြင်းကို အန္တယမကဟု ခေါ်၏။ ရှင်အုန်းညိုသည် ထိုနည်းကို မှီး၍ မြန်မာကဗျာ၌ ယမက စပ်ဆို၏။

မျှော်ရှု–မျှော်ရှု၊ မြော်ဆု–မြော်ဆု
ဖော်စု–ဖော်စု၊ ပျော်မှု–ပျော်မှု
ပေါ်လု–ပေါ်လု၊
ယော်နု–ယော်နု
စရိုက်–စရိုက်၊ အလိုက်–အလိုက်
အမြိုက်–အမြိုက်၊ အမိုက်–အမိုက်
အထိုက်–အထိုက်၊
အကြိုက်–အကြိုက်။

ဤသို့စသော ယမကတို့ဖြင့် ကဗျာကို အစချီသည်။ သို့ဖြင့် အခြားပျို့တို့ထက် လည်း တစ်မူဆန်းသစ်သည်။ သာယာနာပျော်ဖွယ်လည်း ကောင်းသည်။ အဓိပ္ပာယ် လည်း လေးနက်သည်။ ယင်းအချီကို ပါဠိအာဒိယမကနှင့် နှိုင်းယှဉ်နိုင်ပါသည်။ ယင်းသို့ အာဒိယမကနှင့် အန္တယမကနှင့် ချသော ကဗျာများလည်း အများအပြားပင် ပါဝင်သည်။

ခိုင်ချင်းဖြိုကာ–ဖြိုကာတည်း၊
ချင်းချင်းနိုကာ–နိုကာတည်း၊
လှမ်းဆွတ်မီကာ–မီကာတည်း၊
ပင်ခိုင်မှိုကာ–မှိုကာတည်း၊
ပင်ရောက်ညီကာ–ညီကာတည်း၊
ဖြင်ပေါ်သီကာ–သီကာတည်း၊
ကွန်းထောက်ချီကာ–ချီကာတည်း၊

mgyoe.com

mgyoe.com

ဤသို့စသော ယမကဖြင့်လည်း အဆုံးချသည်။ ပါဠိဘာသာဖြင့် ဂါထာခြောက်ဆယ်ဖွဲ့ဆိုသူမှာ ကာဠုဒါယီ ဖြစ်သည်။ ကာဠုဒါယီ၏ အဓိပ္ပာယ်မှာ ညိုသော ဥဒါယီဖြစ်၏။ သို့မဟုတ် ဥဒါယီညို ဖြစ်၏။ ယင်းဂါထာတို့ကို မြန်မာပြန်ဆိုသူလည်း ရှင်အုန်းညို ဖြစ်သည်။ တိုက်ဆိုင်ခြင်းပင်လော၊ သို့မဟုတ် ကာဠုဒါယီဟူသော အမည်ကိုပါ ဘာသာပြန်ခြင်းလော။

၄။ ရှင်ခေမာ အား ရှင်ကျော်ဖြစ်စေသည့် စာပေကျမ်းဂန်ကား မတွေ့ရပါ။ သို့ပါလျက် သူသည် ရှင်ကျော်လေးဦးတွင် ပါဝင်နေသည်။ ပါဝင်နိုင်ပါသည်။ အလင်္ကာကျမ်းတွင် "အကြင်သူသည် သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်းတို့ကို တတ်မြောက်ကျွမ်းကျင်၏။ အမြဲမပြတ် လေ့လာနေ၏။ ထိုသူသည် ပညာရှိဟုသိမှတ်ကြောင်း တစ်စုံတစ်ရာ စာပေကျမ်းဂန် မရေးသော်လည်း ပညာရှိတို့တွင် ပါဝင်၍မနံ့သော ကျော်စောခြင်းကို ရနိုင်သည်သာတည်း" ဟု ပြဆို၏။

အလင်္ကာဆရာ၏ အလိုအရ စာပေတွင် မဏ္ဍိုင်လေးခု ရှိသည်။ ယင်းတို့မှာ (၁) သဒ္ဒါ, (၂)အဘိဓာန်, (၃)အလင်္ကာနှင့် (၄)ဆန်း ဖြစ်သည်။ သဒ္ဒါဆိုသည်မှာ ကံ၊ ကတ္တား၊ ကြိယာ စသည်တို့ မှန်ကန်စေရန် ညွှန်ပြသော ကျမ်းဖြစ်သည်။ စင်စစ်သဒ္ဒါကျမ်းကို သင်ကြား၍ဖြစ်စေ၊ အကြားအမြင် ဗဟုသုတဖြစ်စေ တတ်မြောက်ကျွမ်းကျင်ပါမှ စာရေး၍ ဖြစ်မည်။ အဘိဓာန်ဆိုသည်မှာ ပေါရာဏ ဝေါဟာရ အစရှိသော စကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ပြသော ကျမ်းဖြစ်သည်။ အကယ်၍ အဘိဓာန်ကိုသာ မကျွမ်း ကျင်ပါက စာရေးဖို့ မဆိုထားနှင့် စကားပြောဖို့ပင် ခက်မည်။ သို့ကြောင့်ယခုအခါ မြန်မာသဒ္ဒါနှင့် အဘိဓာန် အမြန်ဆုံး ပေါ်ထွက်စေရန် ကြိုးပမ်းနေခြင်းဖြစ်၏။

အလင်္ကာသည်ကား စာပေတွင် အနုပညာမြောက်အောင် ပို့ဆောင်သော ကျမ်းဖြစ်၏။ ရိုးရိုးလူတို့၏ စာပေနှင့် စာရေးဆရာတို့၏ စာပေတွင် ခြားနားချက် ရှိသည်။ ရိုးရိုးလူတို့၏ စာပေမှာ ရိုးရိုးပင်ဖြစ်သည်။ စာရေးဆရာတို့၏ စာပေကား ရိုးသားခြင်းမရှိပါ။ သူတို့ပြောလိုသော အချက်ကို တစ်ခါတစ်ရံ တင်စားပြီး ညွှန်ကြားလေ့ ရှိသည်။ ယင်းကို ဝင်္ကဝုတ္တိအလင်္ကာဟု ခေါ်၏။ ဝင်္ကဝုတ္တိဟူသည်မှာ မရိုးမသား လှည့်ဖြားခြင်းပင် ဖြစ်၏။ ထို့ကြောင့် အလင်္ကာသည် စာပေ၏အင်္ဂါတွင် ပါဝင်နေခြင်းဖြစ်၏။

တတိယမြောက် စာပေ၏အင်္ဂါမှာ ဆန်းဖြစ်သည်။ ဆန်းကျမ်းမှာ ကဗျာလင်္ကာဖွဲ့ဆိုနည်းတို့ကို ညွှန်ပြသောကျမ်းဖြစ်၏။ အောင်မြင်သော စာရေးဆရာကြီးတို့သည်အများအားဖြင့် ကဗျာတွင် ကျွမ်းကျင်လိမ္မာကြသည်။ သူတို့သည် ကဗျာမစပ်ကြသော်လည်း၊ သို့မဟုတ် ကဗျာဆရာ အမည်မခံကြသော်လည်း ကဗျာအကြောင်း ကောင်းစွာ

mgyoe.com

mgyoe.com

သိကြသည်။ ယင်းသည် ဆန်းကျမ်း၏ အရှိန်အဝါပင်ဖြစ်သည်။

ဤကျမ်းလေးကျမ်းကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်ပါသော် တစ်စုံ တစ်ရာ စာပေကျမ်းစာ ရေးသားခြင်းမရှိသော်လည်း ကျမ်းပြုပုဂ္ဂိုလ်၊ သို့မဟုတ် စာရေး ဆရာတို့တွင် ပါဝင်နိုင်သည်ဟု အလင်္ကာဆရာ မိန့်မှာခြင်းဖြစ်သည်။ ရှင်ခေမာကား ထိုသို့သော ရှင်ကျော်ဖြစ်နိုင်ပါသည်။ ဤစကားကို သမန္တစက္ခု ဒီပနီကျမ်းတွင် မုံရွေး ဆရာတော် မိန့်ကြားသော စကားဖြင့် ကိုးကားချင်ပါသေးသည်။

ကျမ်းဂန်တတ် ဆရာတော်လေးဦး ဟူသည်ကား...

၁။ ကျမ်းလည်းတတ်၏။ ကျမ်းလည်းပြု၏။ ကျမ်းလည်းသေချာ၏။ ကျမ်းလည်း ပြီး၏။ သဒ္ဒနီတိကျမ်းကို ပြုစုစီရင်သော ပုဂံအရှင်အဂ္ဂပဏ္ဍိတ လည်း တစ်ပါး။

၂။ ကျမ်းလည်း တတ်၏။ ကျမ်းလည်း ပြု၏။ ကျမ်းလည်း သေချာ၏။ ကျမ်းကား မပြီး၊ မဏိဒီပကျမ်းကိုပြုသော အင်းဝ အရှင်အရိယဝံသလည်း တစ်ပါး။

၃။ ကျမ်းလည်း တတ်၏။ ကျမ်းလည်း ပြု၏။ ကျမ်းကား မသေချာ၊ ကျမ်းလည်း ပြီး၏၊ ဝိနယာလင်္ကာရ ဋီကာသစ်ကို ပြုစီရင်သော အင်းဝ တိပိဋကာလင်္ကာရ တောင်ဖီလာ ဆရာတော် တစ်ပါး။

၄။ ကျမ်းကား တတ်၏၊ ကျမ်းကား မပြု၊ ကျမ်းပြုသမျှကား သေချာ၏။ မဏိကုဏ္ဍလ ဝတ္ထုကို ပြုစီရင်သော ဝရာဘိသံဃနာထမထေရ်လည်း တစ်ပါး။

ဤဆရာတော်လေးပါးကို ကျမ်းဂန်တတ်ပုဂ္ဂိုလ်လေးဦးဟု အထူးချီးမွမ်း၍ ရှေးရှေးသော ကျမ်းတတ်ဆရာတော်ကြီးများ ဥဒါန်းစကား ထားခဲ့သည်။

မုံရွေးဆရာတော် ဆိုလိုသော ကျမ်းဂန်မှာ ပါဠိကျမ်းဂန် ဖြစ်၏။ ပါဠိဘာသာ ဖြင့် ကျမ်းစာစီရင် ရေးသားခြင်းကို ဆိုလို၏။ ထို့ကြောင့် ဝရာဘိသံဃနာထ ဆရာတော် ကို ကျမ်းမပြုဟု ဆိုခြင်းဖြစ်၏။ စင်စစ် ထိုဆရာတော်သည် ယခုအခါ လွန်စွာ နာမည် ကြီးသော မဏိကုဏ္ဍလဝတ္ထုကို စီရင်ခဲ့သည်။ ရှင်ခေမာကား "ကျမ်းကား တတ်၏၊ ကျမ်းကား မပြု" စာရင်းတွင် ပါဝင်နိုင်၏။

ဤကား 'ပေလေးပင် ရှင်လေးပါး' တို့၏ အကြောင်းအမြွက် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အကျော်–အမော်တို့ အများအပြားပင် ထွက်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ဘယ်တိုင်း ဘယ်နိုင်ငံတွင်မှ ဤကဲ့သို့ တစ်မြို့တစ်ရွာတည်းမှ အကျော်အမော် လေးဦး

mgyoe.com

mgyoe.com
တစ်ပြိုင်နက် ထွက်ပေါ်ဖူးသည် မရှိကြ၊ တစ်မြို့တစ်ရွာတွင် ဖြစ်သော်လည်း ခေတ်ကာလ အချိန်အခါအားဖြင့် ကွာခြားပြီး ပေါ်ထွက်လေ့ရှိသည်။ တောင်တွင်းရွှေပြည်မှာကား တစ်ပြိုင်နက်တည်းလိုလိုပင် ပေလေးပင် ရှင်လေးပါး ပေါ်ထွက်ခဲ့ပါသည်။ ။

mgyoe.com

mgyoe.com

# ရှင်မဟာသီလဝံသ၏ မဟာသီလဝံသ

ချောင်းဦး-မောင်စန္ဒာ

ရာသီစက်ဝန်းကား ပေါက်လဲစီ၍၊ သရဖီအင်ကြင်း သင်းခွဲလေပြီ။ ကံ့ကော်လှိုင်၍၊ စကားလည်း ကြိုင်လှိုင်လေပြီ။ ဤရာသီ ဤကာလ အတွင်း၌ ရဟန်းငယ်၏ ဆန္ဒတော်ကား ပြင်းပြလှဘိ၏။

ခွင့်တောင်းပန်ထွာ

ရဟန်းငယ်သည် လေးစားစွာဖြင့် ဥပဇ္ဈာယ် ဆရာမြတ်ထံ ခွင့်ပန်၏။ ဆရာကား လေသံမျှမမိန့်၊ ဆိတ်ဆိတ်သာ နေတော်မူသဖြင့် အခွင့်မရ၊ သို့သော် ရဟန်းငယ်ကား စိတ်ဓာတ်မကျ။ အရွယ်တူ ရဟန်းတစ်ပါးကလည်း ဖေးမ၏။ တစ်ကြိမ်။

ရှင်လူ အချို့က ရဟန်းငယ်ကို 'ကဗျာသည်ကြီး' ဟု ကဲ့ရဲ့ ပြောင်လှောင်ကြ၏။ ရဟန်းငယ်ကမူ သည်းခံ၏။ အရေးမမှု မြေအထု။

ရဟန်းငယ်သည် မြတ်နိုးစွာဖြင့် ဆရာရင်း ဆရာမြတ်ထံ ခွင့်ပန်ပြန်၏။ ဆရာကား အခွင့်မပေး ဖြည်းလေးစွာ ဤသို့မိန့်၏။

"ငါ့ရှင် သွားလိုသော အဝခရီးသည် တရုတ်ပြည် အပ်ရောင်းသွားသည်နှင့် တူနေပေမည်၊ အရေးအရာမထင် သမုဒ္ဒရာ ရေအပြင်၌ တုတ် ဓားတို့ဖြင့် ရေးခြစ်သကဲ့သို့သာ ရှိမည်" ဟု မိန့်တော်မူ၏။ သို့သော် ရဟန်းငယ်ကား စိတ်ဓာတ်မကျ။ အရွယ်တူ ရဟန်းတစ်ပါးကလည်း အမြဲပင် ဖေးမ၏။ နှစ်ကြိမ်။

ရှင်လူ အချို့က ရဟန်းငယ်ကို 'မင်းနေပြည်တော် ကြွမည့် သာချင်းသည်ကြီး' ဟု ရှုတ်ချ သရော်ကြ၏။ ရဟန်းငယ်ကမူ မေတ္တာစိတ် ရှိ၏။ လုံးဝ မတုန်လှုပ်။ ကျောက်ရုပ်။

mgyoe.com

mgyoe.com

ရဟန်းငယ်သည် မိမိ၏ စွမ်းရည် သတ္တိ ဗျတ္တိတို့ကို ယုံကြည်တော်မူ၏။ ထို့ကြောင့် သုံးကြိမ်မြောက် ရှိသေစွာဖြင့် ငယ်ဆရာဖြစ်သော ဆရာမြတ်အား ဤသို့ လျှောက်ထားဝံ့ပြန်၏။

"ဆရာမြတ် ဆရာမတားမြစ်ဘဲ ခွင့်ပြုသည်ရှိသော် ခြောက်ရက် ခုနစ်ရက်သာ ဆိုင်းငံ့ပြီး သွားပါတော့အံ့။ အကြာ မငံ့ပြီ၊ ဆရာသူမြတ်သည် တပည့်ကို ဆန့်ကျင်ခြင်း မရှိသဖြင့် ခွင့်ပြုတော်မူပါ" ဟု လျှောက်ထားလေသည်။

ဆရာတော်သည် မတားမြစ်သာတော့သဖြင့်–

"ငါ့ရှင်သင်သည် ကိုယ် နှုတ် နှလုံး သုံးပါးတို့ဖြင့် အပြစ်မရှိ၊ စင်ကြယ်စွာ ငါ ခွင့်ပြု၏။ သင်္ကာမရှိနှင့် အခွင့်ငါက ပေးလွှတ်၏" ဟု မိန့်၏။

ထိုအခါ ရဟန်းငယ်သည် ဆရာမြတ် ခြေအစုံကို ဦးတိုက်ခွင့်ရခဲ့၏။ လက်အုပ်ချီမြှောက်လျက် နောက်ဆုတ်ခဲ့၏။ မျက်နှာလည်း ရွှင်ကြည်လာ၏။ ဖေးမသော သီတင်းသုံးဘက်မိတ်ဆွေကောင်း ရဟန်းကလည်း ကူညီလာ၏။ ၎င်းနောက် ကျောင်းပေါက်ဝ အထိ ရောက်အောင်လည်း လိုက်ပါ ပို့ဆောင်တော်မူရှာ၏။

အဝနေပြည်တော်သို့ သွားခွင့်ပန်လျှောက်သော ရဟန်းငယ်ကား နောက်တစ်ချိန်တွင် 'ကမ္ဘာ့ပါရဂူ' အဖြစ် တိုင်းပြည်နှင့် နိုင်ငံအဝှမ်း ဝှန်ဆူကျော်စောတော်မူမည့် 'အရှင်မဟာသီလဝံသ'၊ ဖေးမကူညီသော သီတင်းသုံးဘက် ရဟန်းတော်ကား 'အရှင်ဥတ္တမ'။ (နောင်တွင် 'ရှင်ဥတ္တမကျော်')၊ အတန်တန် လျှောက်ထားပြီးမှ သွားခွင့်ပြုတော်မူသော ဆရာမြတ်ကား 'အရှင်သီလဝံသ' ၏ငယ်ဆရာ တောင်တွင်းကြီးမြို့ နတ်မှီးလင်း ကျောင်းတိုက်ကြီး၏ ဦးစီးနာယက 'အရှင်သီလာစာရာဘိဓဇ' မထေရ်တို့ပင်တည်း။

## တောင်တွင်းရွှေပြည်

အရှင်မဟာသီလဝံသသည် နတ်မှီးလင်းကျောင်းတိုက်ကြီးကို တစ်ချက်ငဲ့၍ ကြည့်ရှုတော်မူသည်။

"ငါ၏မိဘများသည် ငါ့အား လူမမယ် 'ငညို' အဖြစ်၌ စတင်ပညာသင်ကြားစေသော ကျောင်းတိုက်ကြီးပေတည်း" ဟူသော အသိက ပေါ်လာသည်။

မှန်သည်။ နတ်မှီးလင်းကျောင်းတိုက်ကြီးသည် စာသင်သားတို့၏ ပညာရင်နို့ သောက်စို့ရာ ဌာနကြီးဖြစ်သည်။ ပျော်မွေ့ဖွယ်ရာ စာသင်တိုက်ကြီး ဖြစ်သည်။ တောင်တွင်း ရွှေမြို့၏ ပရိယတ္တိ ရိပ်မွန်ကြီးပေတည်း။ နေ့ရော ညဉ့်ပါ စာချ စာတတ်၊ စာကျက် စာအံ၊ စာကြံ စာရေး၊ စာဆွေးနွေးသံ စာဝါနှိုးသော 'သစ်စည်သံ' တို့ဖြင့်သာ ဆူညံနေ

mgyoe.com

mgyoe.com
သည်။ စာသံတဝေါဝေါ စာဟောအသီးသီးတို့ဖြင့် မြည်ဟည်းနေမြဲဖြစ်သည်။

ကျောင်းတိုက်ကြီး၏ စာညည်းသံ တို့သည် "မွေပုံ–ခြောက်ရောင်၊ အင်းတော်စည်းခုံ၊ ထူပါရုံက၊ စသည်ဗုဒ္ဓေါ၊ ကျော်စောဘုရား၊ ရေသော်များ" သည့် စေတီပုထိုးများမှ လွင့်ထွက်လာသော ဆည်းလည်းသံ ကြေးစည်ခေါင်းလောင်းသံတို့နှင့် အနိုင်အထက် အပြိုင်အဆိုင် မြည်ဟည်းလျက် ရှိနေကြသည်။ အရှင်မဟာသီလဝံသ ပညာရင်နို့ ဝလင်သော ကျောင်းတိုက်ရှင်းပေးတည်း။

ဇာတိခေါင်တည်၊ သာမျိုးစည်သည့်၊ နတ်ပြည်တူတမျှ ဖြစ်သော မိခင် မြို့တော်ကိုလည်း "တောင်တွင်းခေါ်မည်၊ တို့ရွှေပြည်မူ၊ ယဉ်ကြည်နက်ဆုံး၊ ကျုံးလည်းသီတာ၊ လပကြာနှင့်၊ သန္တာအတိ၊ စိ၏ဘိသို့၊ မြို့နှင့်တန်ဆောင်း၊ ရဲလောင်းရင်တား၊ တံခါးလေးသွယ်၊ ဖိုင်ဖိုင်ကျယ်၏၊ ခြောက်ဆယ်ထုပ်ဝါ၊ နန်းတော်မှာလည်း၊ လယ်ချာမှန်ကင်း၊ မင်းလည်းဆွေစုံ၊ သီလထုံလျက်" ဟု သုံးသပ်ဆင်ခြင်တော်မူမိပြန်လေသည်။

ထိုအခိုက် အရှင်မဟာသီလဝံသ၏ အနီးသို့ တောင်တွင်းသား ဒကာ ဒကာမများက ဝိုင်းအုံ လျှောက်ထားကြ၏။ အဝသို့ ကြွတော်မမူဘဲ တောင်တွင်း၌သာ သီတင်းသုံးတော်မူပါရန် လျှောက်ကြ၏။ အရှင် မဟာသီလဝံသကား နှုတ်ပြန် မမိန့်၊ ဆိတ်ဆိတ်သာ မေတ္တာ၊ ဥပေက္ခာ ကမ္မဋ္ဌာန်းနှင့် ရှေ့ဆက်လှမ်းကြွတော်မူခဲ့လေသည်။

ထိုအချိန်မှစ၍ "တောင်တွင်းဆရာ အရှင်မဟာသီလဝံသ မထေရ်မြတ်သည် ဉာဏ်မီးတောက်စ ဆယ်ဝါရသော သက်တော် ၃၀ အရောက် (သက္ကရာဇ် ၈၄၅ ခုနှစ် ကဆုန်လပြည့်နေ့) တွင် တောင်တွင်းမှ ရတနာပူရ အဝနေပြည်တော်သို့ ကြွတော်မူသည်" ဟူသော ကမ္ပည်းမော်ကွန်းသည် တောင်တွင်းရှင်လူတို့၏ နှလုံးသား၌ စွဲကျန်ရစ်ခဲ့တော့၏။ အရှင်မဟာသီလဝံသ၏ ဆုံးမသံ တစ်ပိုင်းတစ်စကိုလည်း နားဝ၌ ကြားယောင်မိကြ၏။

"တတ်သိလိမ္မာ ပညာရှိသည်မှန်စေ
ရေးကြီးခွင့်ကျယ်ရှိက တတ်မြောက်နိုင်ခဲသည်"
"နေ့ညဥ့်မပြတ် အဖန်တလဲလဲ
အမြဲဆည်းကပ် မပြတ်သွားလာရသည်မှန်စေ
မင်းစိတ် မင်းရိပ်ကို သိခဲသည်"
"ပညာကိုလိုသော် မပျင်းနှင့်"
"စကားဆိုသော မတင်းနှင့်"
"ဥစ္စာလိုသော် မငြင်းနှင့်"

(အရှင်မဟာသီလဝံသစကားပုံ)

mgyoe.com

mgyoe.com
အဝနိုင်ငံသို့

အရှင်မဟာသီလဝံသမထေရ်မြတ်သည် မိမိ၏သပိတ် ပရိက္ခရာကိုလွယ်လျက် အချော ရေးကူး သုတ်သင် တည်းဖြတ် ပြီးစဖြစ်သော "ပါရမီတော်ခန်းလင်္ကာ" ကမ္ပလေ့ ပေထုပ်ကို ထမ်းပြီး အရှေ့မြောက်ထောင့် (သေန်) အရပ်ရှိ အဝရွှေမြို့တော်သို့ မျက်နှာမူလျက် ကြွတော်မူ၏။

တောင်တွင်းလာလမ်းတစ်လျှောက်တွင် သစ်ပင်ရိပ်ကြီးတို့သည် ထီးသို့ မိုး၏။ သရက်၊ ပိန္နဲ၊ နဖွဲ၊ ထောက်ရှာ၊ မာလကာ၊ ရှောက်ချို၊ ပင်ပိုကြက်ပျော၊ တောခရမ်းပိန့် အစရှိသော သီးမျိုးပင်တို့သည် သူအလျင် ငါအလျင် လှူလိုချင်ဖြင့် တိုးဝင်ဦးညွတ်ကြ၏။ ထေရ်အရှင်ကား အနိမ္ဘေဇဒ္ဓ၊ အဓိဝိတ၊ ဥတုဇအစုစု၊ ပါစိတ်ဝတ္ထုတို့ကို ငဲ့ရှုရုံမှတစ်ပါး ဘုရားသားတော်ပီသစွာ အလှူခံတော်မမူရှာပေ။ ထို့နောက် ပန်းစုံပြည်လျှမ်း၊ နံ့သာဆမ်းလျက်၊ ကမ်းနှင့်ရေညီ၊ အေးကြည်ရိပ်ကောင်း၊ "တပွတ်ချောင်း၌"၊ လျောင်းစက်နားနေ အပန်းဖြေတော်မူ၏။

အရှင်မဟာသီလဝံသ မထေရ်မြတ်သည် တပွတ်ချောင်းမှ ထတော်မူ၍ တောင်တွင်းလာခရီးကို ဆက်ကြွတော်မူခဲ့၏။ နေရီညိုမှ၍ ဆည်းဆာလည်း ပြိုခဲ့၏။ ညလမ်းခရီး၌ ရံခါ အမှောင်ထုက ကာဆီးလာသည်။ ထိုအခါ အဖော်မမှီး ကိုယ်ထီးကြွတော်မူလာသော အရှင်သည် အားကိုးရာအစစ်ဖြစ်သော ရတနာမြတ်သုံးပါး၏ သရဏဂုံကိုသာ စိတ်၌ထုံလျက် နှလုံးသွင်းတော်မူသည်။ ထိုသရဏဂုံ၏ အကျိုးကြောင့်လည်း တောနက်ခရီး၌ ကြောက်လန့်ဖွယ် ဘေးတို့သည်လည်းကောင်း၊ ကိုယ်လက်ခက်ထရော်ခြင်းတို့သည်လည်းကောင်း၊ ကြက်သီးမွေးညင်းထခြင်းတို့သည်လည်းကောင်း မဖြစ်မရှိစေဘဲ ဘေးမဲ့တောသာ ဖြစ်ရလေ၏။

ပန်းယမြို့၌ တစ်ထောက်နား

ချောင်းမြောင်း ချိုင့်ဝှမ်း၊ တောတန်းစိမ့်မြိုင်၊ ဂနိုင်ကျော်ဖောက် ခရီးလျှောက်တော်မူသော မထေရ်မြတ်သည် ညချမ်းအချိန် ပန်းယမြို့သို့ ရောက်တော်မူခဲ့သည်။

နောက်တစ်နေ့တွင် ပန်းယမြို့တွင်း၌ ဘုရား အလောင်းလျာ ကြွတော်မူလာသည်ဟူသော သတင်းသည် အုတ်အုတ်ကျက်ကျက် ပျံ့နှံ့သွားလေသည်။ လူအပေါင်းတို့သည်လည်း ဆည်းကပ် ပျပ်ဝပ်ကြ၏။ လှူဒါန်းပြုစုကြ၏။ ရင်းနှီးစွာလည်း လျှောက်ထား ဆွေးနွေးကြ၏။

မထေရ်မြတ်လည်း မိမိ၏ တောင်တွင်းလာ ခရီးစဉ်ကို မိန့်ဟတော်မူ၏။ နိဝါတ
mgyoe.com

mgyoe.com
မင်္ဂလာကို မြတ်နိုးတော်မူသော အရှင်သည် "အဝနေပြည်တော်သို့ ကျမ်းကြီးကျမ်းမသင်ကြားရမည် အမှတ်တည်၍ ရောက်ပါသည်" ဟုသာ ဒကာများ အမေးကို ဖြေတော်မူ၏။ ၎င်းပြင် မိမိ၌လည်း နတ်ရွာလားကြောင်း ကောင်းသော လူ့အကျင့် တရားအနှစ်တို့ စုရာဖြစ်သော ပါရမီခန်းတစ်စောင်သာ ပါခဲ့ကြောင်း မိန့်တော်မူပြီး...

"ဤငါတို့ခန္ဓာသည် ပျက်ခြင်းသဘော၊ ဘေးအစုသဘော၊ အနှစ်မဲ့သောသဘောတို့သာ ဖြစ်၏။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာ အစရှိသည်တို့ကို ကြိုးစားအားထုတ်ကြကုန်" ဟု မိန့်တော်မူပြီး အဝနေပြည်တော်သို့ ဆက်လက်ကြွချီတော်မူလေသည်။

## အဝနေပြည်တော် တုန်လှုပ်ခြင်း

ထိုအချိန်တွင် အဝနေပြည်တော်၌ သက္ကရာဇ် ၈၄၂ ခုနှစ်တွင် "သိရိသုဓမ္မရာဇာဓိပတိ" ဟူသော ဘွဲ့တော်ဖြင့် နန်းတက်တော်မူသော "ဒုတိယမင်းခေါင်" (၁၄၈၀–၁၅၀၁၊ အေဒီ) နန်းစံလျက်ရှိ၏။

အရှင်မဟာသီလဝံသ အဝနေပြည်တော်တွင်းသို့ ကြွတော်မူလာသောအခါ ဆင်ဖြူတော်တစ်စီး ဝင်လာသကဲ့သို့၊ တစ်မြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ "စတုပါရိသုဒ္ဓိသီလဂုဏ် စသော ဝိနည်း သိက္ခာပုဒ်တော်နှင့် ပြည့်စုံညီညွတ်သော အရှင်မဟာသီလဝံသမထေရ်သည် ထူပါရုံစေတီတော် ရင်ပြင်ရှိ ဇရပ်ကြီးတန်ဆောင်း၌ သီတင်းသုံးနေတော်မူသည်" ဟူသော သတင်းသည် မြို့တွင်းမြို့ပြင် ပျံ့သင်း၍ သွားတော့၏။

အရှင်မဟာ သီလဝံသ မထေရ်မြတ်၏ ကျော်စောသော သတင်းသည် အဝဘုရင် ဒုတိယမင်းခေါင်၏ ရွှေနားတော်သို့လည်း ပေါက်လေသည်။ ထို့ကြောင့် မှူးမတ်များကို လွှတ်၍ စူးစမ်းလေ၏။ အကျင့်သိက္ခာ ကောင်းမွန်သော ကျမ်းဂန်တတ် သူတော်စင်ဖြစ်ကြောင်း သိရလေ၏။

ထို့အတူ နေပြည်တော်၏ စာဆိုတော်ဖြစ်သော ရှင်ရဋ္ဌသာရ၏ဆရာ သီဟိုဠ်ရောက် ဆရာတော်ကြီးကလည်း ရှင်ရဋ္ဌသာရအား တွေ့ဆုံစူးစမ်းစေ၏။ ရှင်ရဋ္ဌသာရသည် အရှင်မဟာသီလဝံသထံနိုး၌ ရှိသေစွာ ချဉ်းကပ်၍ ဤသို့လျှောက်ထားမေးမြန်း၏။

"နေရာဝတ်ဖြည့်၊ ဧည့်သည်ပမာ၊ နေကာရပ်ချုပ်၊ တုံလှုပ်မသွေ့၊ ဘယ်ရပ်မြေက၊ ကြွလာသနည်း" ဟု မေးလျှောက်၏။

အရှင်မဟာသီလဝံသလည်း...

"သာမောလှသည်၊ တောင်တွင်းပြည်က၊ ရောက်ပါသည်သြ" ဟု ဖြေဆို၏။
mgyoe.com

mgyoe.com

တစ်ဖန် "တောင်တွင်းပြည်ကား၊ ယာလည်ထွန်တူး၊ ပြောင်းလူးဆပ်က၊ စသည်ဖြင်ပည်း၊ မိုးလည်းကောင်းထွေ၊ ရှိပါလေလော" ဟု မေးလျှောက်ပြန်ရာ...

"နေ့ရေမခြား၊ ကောင်းပါသည်သြ" ဟု ဖြေကြားတော်မူ၏။

ထို့နောက် အရှင်မဟာသီလဝံသက မေးပြန်၏။

"တကြောရပ်စည်၊ ရွှေနန်းပြည်ကား၊ ထူးလည်မရှုတ်၊ တမုတ်နယ်နှ၊ ပန်းဆိုးမှုနှင့်၊ ယောင်ပြုသလွှင် ဆိုးပါကျင်စံ့" ဟု မေးသဖြင့်...

ရှင်ရဋ္ဌသာရသည်...

"သံငေါ်မဟ၊ တုံအလျက်ပင်" အဖြေမတင်တော့ဘဲ လျင်စွာ သီဟိုဠ်ရောက် ဆရာထံရင်းသို့ ပြန်ကြွတော်မူခဲ့သည်။

## အရှင်မဟာသီလဝံသ၏ ကဗျာအရည်အသွေး

အရှင်မဟာသီလဝံသ ဂုဏ်သတင်းကား အဝနေပြည်တော်တွင်း၌ နေ့ချင်းညချင်း ကြီးမားလာခဲ့သည်။ စာပေကျမ်းဂန်အရာ၌ သူမတူအောင် ကျနလှသည်။ ကဗျာ၊ လင်္ကာ သီကုံးရာ၌လည်း အထူးလျင်မြန်လှသည်။

"ကျမ်းဂန်ထွက်ညီ၊ လင်္ကာစီသား၊ ပန်းချီရေးချက်၊ ဆေးမစက်သို့၊ ပဒက္ခရ၊ ဝဏ္ဏမတြာ၊ ဂါထာဆန်းဂိုဏ်း၊ ကရိုဏ်ပယတ္တ၊ အန္တယနှင့်၊ ဝဏ္ဏာပရိစ္ဆေဒ၊ ကမ္မရဒ္ဓ၊ ပသာဒ ဟု၊ ဒေါသလွတ်မှု၊ ကျိုးပြစ်ရှု၍" နုနုသန့်သန့် စာခန့်စာမွန်များကိုသာ သီကုံးဖွဲ့ဆိုတော်မူတတ်ကြောင်းကြားသိနေရ၏။

တစ်နေ့တွင် ဘုရားဒါယကာ စာနာသူတစ်ယောက်သည် အရှင်မဟာသီလဝံသ ထံမှ စာနာကြားခဲ့ပြီး "ပါရမီခန်းလင်္ကာ" အစဆုံးပိုဒ်ကို ကူးယူခဲ့ကာ ရှင်ရဋ္ဌသာရ၏ ဆရာ သီဟိုဠ်ရောက် ဆရာတော်သို့ ပြသ၏။ အဓိပ္ပာယ် ရှင်းလင်းရန်ကိုလည်း လျှောက်ထား၏။ ဆရာတော်သည် ကဗျာဉာဏ်၌ မကျွမ်းသဖြင့် ပထမတွင် တွန့်ဆုတ်မှုဖြစ်မိ၏။ နောက်မှ အကြိမ်ကြိမ် ဖတ်မိသောအခါ အဓိပ္ပာယ်အနက် ဤသို့ထွက်လာခဲ့သည်။

"ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်တည့်"

'ဗောဓိ' သဒ္ဒါသည် ပါရာဇိကဏ်အဋ္ဌကထာ၌...

(၁) ဂေါတမဘုရားရှင် ပွင့်တော်မူရာ ညောင်ပင်ကိုလည်း ဗောဓိဟု ဟောသည်။

(၂) အရဟတ္တမဂ်ဉာဏ်ကိုလည်း ဗောဓိဟု ဟောသည်။

(၃) နိဗ္ဗာန်ကိုလည်း ဗောဓိဟု ဟောသည်။

mgyoe.com

mgyoe.com

(၄) သဗ္ဗညုတဉာဏ်တော် ဖြစ်သော အနာဝရဏ ဉာဏ်တော်ကိုလည်း ဗောဓိ ဟု ဟောသည်။

ထိုလေးပါးသော ဗောဓိတို့တွင် ဤအရာ၌ ပိတ်ပင်တားဆီးခြင်းမရှိ လောက သုံးပါးကို မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ဖြစ်သော အနာဝရဏဉာဏ်တော် 'ဗောဓိ' သဒ္ဒါကို ရည်ရွယ်၍ ငါ့ရှင်သီလဝံသ စပ်ဆိုခြင်း ဖြစ်ပေမည်။

'မင်္ဂလိုင်' ဟူရာ၌လည်း 'မင်္ဂလာ' သဒ္ဒါနှင့် စပ်ဆိုခြင်းဖြစ်မည်။ 'မင်္ဂလာ' သဒ္ဒါသည် ကြည်လင်ခြင်းအနက်ဟော သဒ္ဒါဖြစ်သည်။ (မင်္ဂလ + အဝန်း–အဝိုင်း–အလယ်–ဟောကို ယူရန်မသင့်)

အဓိပ္ပာယ်ကား ကျယ်၏။ နက်၏။

"ဘုရားရှင်သည် ခပ်သိမ်းသော ကိလေသာတည်းဟူသော အိမ်မိုးအိမ်ခြင်တို့ကို ချိုးဖျက်အပ်လေပြီ၊ မောဟတည်းဟူသော အိမ်အထွတ်ကို သင်ချုရပြီ။ တစ်ဆယ့်တစ်ပါးသော မီးတို့၏ ငြိမ်းရာကုန်ရာဖြစ်သော နိဗ္ဗာန်ကို ငါဘုရား ရတော်မူပြီ၊ ဤသို့ ဘုရားရှင် ဆင်ခြင်တော်မူရာမှ ကိလေသာနောက်ကျုမှု ကင်းစင်လျက် ကြည်လင်ခြင်းသို့ ရောက်လေပြီ"

ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ 'မင်္ဂလိုင်' ဟု (အိုင်ကာရန်ဖြင့်) စပ်ဆိုခြင်းဖြစ်မည်ဟု အနက်အဓိပ္ပာယ်ချုပ်ကို ဖွင့်ပြလေသည်။ ဒကာနှင့် ဆရာတော်တို့သည် အရှင်သီလဝံသ၏ စာနေစာသွားကို ပီတိပွားကြ၏။ အရှင်မဟာသီလဝံသနှင့် တွေ့ရှိပြီးသောအခါ၌လည်း...

"ဤပုဂ္ဂိုလ်ဟာ သီလ သမာဓိ ပညာရှင် မှန်ပေ၏" ဟုလည်း ထိုသီဟိုဠ်ရောက် ဆရာတော်ကြီးကိုယ်တိုင် နှုတ်မြွက်ချီးကျူးခြင်း ခံရလေသည်။

## မင်းကိုးကွယ်တော်မူခြင်း

ထို့နောက် အရှင်သီလဝံသ မထေရ်မြတ်သည် ပစ္စက္ခတမလွန် အကျိုးနှစ်ပါးနှင့် စပ်လျဉ်းသော မေတ္တာစာ ဧကပိုဒ် ရတုတစ်ပုဒ်ကို အဝမင်းခေါင်ထံ ပို့သွင်းစေသည်။ ဘုရင်လည်း နေပြည်တော်၏ စာဆိုရှင် ရှင်ရဋ္ဌသာရအား ပြသတော်မူ၏။ ရှင်ရဋ္ဌသာရလည်း မေတ္တာစာတစ်ပုဒ် ရေးသွင်းပြန်သည်။ ဤသို့ အရှင်နှစ်ပါးတို့သည် မေတ္တာစာများ အပြိုင်ရေးသွင်းခဲ့ကြသည်။

စာဆို အရှင်နှစ်ပါး၏ စာများအနက် အရှင်မဟာသီလဝံသစာက သာလွန်ကောင်းမွန် လေးနက်ကြောင်း နန်းရင်ပြင် စာပွဲသဘင်က အကဲဖြတ်ကြသည်။ ဘုရင်မင်းခေါင် ကိုယ်တိုင်ကလည်း တောင်တွင်းစာဆို၏ စာသည် ဘုရားဟောကျမ်းဂန်နှင့် အညီ အနှစ်အဆီ ပြည့်ဝသော စာခန့်စာသန့်ဖြစ်ကြောင်း ချီးကျူးလေသည်။

mgyoe.com

mgyoe.com

ၾ ငင်းပြင် တောင်တွင်းအရှင်၏ ကဗျာ၊ လင်္ကာများက ပြောသော သီလဝံသသည် သာမန်မဟုတ်၊ ကြောက်လန့်အံ့သြဖွယ်ကောင်းသော မဟာသီလဝံသဖြစ်သည်။ ပိဋကတ်သုံးပုံကို ချောက်ချားလျက် တိပိဋကတ္တယ ပါရဂူလင်းယဉ်ထူပြီး သူမတူအောင် တရားအဆီအနှစ်တို့ဖြင့် ပြွမ်းသော မြန်မာမှုစာဆိုရှင် ကဗျာ့ဝိဒူသခင်ဖြစ်ကြောင်း အရှင်မဟာသီလဝံသ၏ ဂုဏ်ပုဒ်တို့ကို ဖော်ထုတ်နှံ့သိစေ၍ လွန်စွာကြည်ညို လေးစားတော်မူလေသည်။

ထို့ကြောင့်– ဘုရင်မင်းခေါင်သည် 'တိပိဋကတ္တယ ပါရဂူကဗျာ့ဝိဒူ ဖြစ်တော်မူသော အရှင်မဟာသီလဝံသ မထေရ်မြတ်အား ဇေယျပါရုံ စေတီတော်၏ အရှေ့မြောက်ယွန်းရှိ 'ရတနာ ဗိမာန် ရွှေကျောင်းတော်ကြီး' ကို တင်လှူတော်မူလေသည်။ ပစ္စည်းလေးပါး ဒါယကာအဖြစ်လည်း ခံယူတော်မူလေသည်။ 'သီလဝံသမဟာဓမ္မရာဇဂုရု' ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းတော်မူလေသည်။

ပါရမီတော်ခန်းပျို့

တစ်ချိန်၌လည်း၊ အရှင်မဟာ သီလဝံသ၏ 'ပါရမီတော်ခန်း' နှင့် အရှင်မဟာရဋ္ဌသာရ၏ 'ဘူရိဒတ်လင်္ကာ' တို့ကို နန်းရင်ပြင်၌ စာပွဲသဘင် ဆင်ယင်လေသည်။ မင်း မှူးမတ် ပညာရှိများနှင့် နန်း·တွင်းသူ နန်းတွင်းသားတို့အား နားကြားစေသည်။ လင်္ကာအသွားအလာ၊ ကဗျာ၏ အတိမ်အနက်တို့ကို အကဲဖြတ်စေသည်။ ဤပွဲ၌လည်း အရှင်မဟာသီလဝံသ၏ 'ပါရမီတော်ခန်း လင်္ကာ'က အရှင်မဟာရဋ္ဌသာရ၏ 'ဘူရိဒတ်လင်္ကာ' ထက် သာလွန် ကောင်းမွန်ကြောင်း အကဲဖြတ်ချီးကျူးကြလေသည်။ ၎င်းပြင် ဤပါရမီတော်ခန်းလင်္ကာကြီးသည် စာနာသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်လို့ 'ပျို့' စေပါသည်ဟုလည်း တညီတညွတ်တည်း ဂုဏ်ပြုလေးစားခဲ့ကြသည်။ ထိုအချိန်မှစ၍ ပါရမီတော်ခန်း လင်္ကာအဖြစ်မှ 'ပါရမီတော်ခန်းပျို့' ဟု ခေါ်တွင်စေလျက် မြန်မာမှုအနုစာပေနယ်တွင် (အင်း၀ခေတ်)၌ 'ပျို့' စာပေရေးထုံးတစ်ရပ်ကို အသိအမှတ်ပြုခဲ့ကြသည်ဟု အဆိုရှိလေသည်။

ရှင်မဟာသီလဝံသ မထေရ်မြတ်သည် အင်း၀နေပြည်တော် ရတနာဗိမာန် ရွှေကျောင်းတော်ကြီးမှ မွှေးရနံ့ ထုံသင်းသော ကဗျာလင်္ကာ ဖူးပွင့်အစုံအရုံတို့ကို အစီအရီ ဖူးပွင့်စေကုန်သည်။ ပရိယတ် ပဋိပတ် အမြိုက်သီးတို့ကိုလည်း ငိုက်ဖြိုး ကိုင်းညွတ်စေကုန်သည်။ ဤအသီးအပွင့်တို့ကို ကြီးရင့် ကြိုင်မွှေးစေခြင်းငှာ နိကာယ်ငါးရပ် ပိဋကတ်ရွှေမိုးတို့ကိုလည်း ဇွဲဖြိုး ရွာသွန်းစေကုန်သည်။

mgyoe.com

mgyoe.com

## ရွှေနန်းကြော့ရှင်လက်ထက်

သက္ကရာဇ်–၈၆၃၊ ခုနှစ်တွင် ဒုတိယမင်းခေါင်၏ သားတော် မင်းဆွေမင်း (ရွှေနန်းကြော့ရှင်) (၁၅၀၁–၁၅၂၆–အေဒီ) ထီးနန်းဆက်ခံစိုးစံတော်မူပြန်သည်။ ထိုမင်းသည်လည်း အရှင်မဟာသီလဝံသ မထေရ်မြတ်အား ဆက်လက်ကိုးကွယ်မြဲ ကိုးကွယ်တော်မူသည်။ အရှင်မဟာသီလဝံ မထေရ်မြတ်လည်း မေတ္တာစာများ သွင်းပို့ခြင်း မင်းတောင်းပန်လျှောက်ထားသဖြင့် ထိုမင်း၏ အသစ်တည်ဆောက် ဖန်တီးပြီးစဖြစ်သော ရွှေနန်းကြော့ကြော့ကို ဖွဲ့ဆိုသော 'ရွှေနန်းတည်မော်ကွန်း' ကိုလည်း (လောကဝတ်ငဲ့၍) ရေးဖွဲ့တော်မူခြင်း၊ စာပွဲသဘင် ခံစေခြင်း စသော စာပေအမွေအနှစ် ပရိယတ္တိအမွေအနှစ်တို့ကို ဆက်လက်စိုက်ပျိုးတော်မူလေသည်။

အရှင်မဟာရဋ္ဌသာရ စာဆိုအရှင်ကား အရှင်မဟာသီလဝံသကဲ့သို့ အခြေအနေမသာဘဲ ဘုန်းတန်ခိုး ပရိသတ်အခြံအရံ အကျော်အစော နည်းခဲ့လေသည်။ နန်းရင်ပြင်၌ မိမိ၏စာထက် အရှင်မဟာသီလဝံသ၏စာက ပိုမိုကျက်စားခွင့်ရလျက် အခွင့်သာနေသည်ကို မြင်တွေ့ရသဖြင့် 'ယုဂန္ဓရ စသည်ဝန်းရံ' ချီသော အမျက်ဖြေလင်္ကာအဆုံးပိုဒ်တွင် "ဘုရင်မင်းမြတ်သည် နန်းရင်ပြင်၌ ပညာရှိကဝိ ပဏ္ဍိတ်၊ ကရဝိတ်ငှက်မင်း၏ ထိတ်ထိတ်သောင်းသောင်း ရင့်ညောင်း တွန်ကျူးသံကို နာထိုက်တန်ပါလျက် သာမန်သားငှက်တစ်ကောင်၏ မြည်တွန်သံကို နှစ်သက်နေခြင်းသည် အလွန်ဝမ်းနည်းစရာကောင်းလှပေသတည်း" ဟူသော အဓိပ္ပာယ်ဖြင့် စပ်ဆို ဆက်သွင်းတော်မူလေသည်။ ၎င်းပြင် "ငါနှင့်ငါသာ၊ နှိုင်းစရာဟု" လည်းကောင်း။ "ဇာတိပုည၊ ဂုဏ်မာနနှင့်။ သံပတုံးစုံး၊ ဖက်မဲ့ကြုံးသား" ဟူ၍လည်းကောင်း မိမိမာန်ဟိတ်ကို ချွန်းနှိပ်မရဘဲ ဖွင့်ဟသီကုံးခဲ့လေသည်။

## ခန္တီဓာတ်ပါရမီရှင်

အရှင်မဟာသီလဝံသမထေရ်မြတ်သည် မိမိအောက် အသက်သိက္ခာ ထက်ဝက်ခန့် ငယ်ရွယ်သူ အရှင်မဟာရဋ္ဌသာရအား...

"ငါသာ ငါထက်၊ မာန်မတက်နှင့်၊ အထက်နေမင်း၊ လေးကျွန်းလင်း လည်း၊ မလင်းတိမ်တိုက်၊ တကျွန်းမိုက်၏၊ နှိုင်းလိုက်သည်သာ၊ ဤအရာဝယ်၊ ပညာရှိကာ၊ သတိရလိမ့်၊ လကိုနှုန်းထွေ၊ နေကိုနှိုင်းသင့်၊ မြေနှင့်တူစွာ၊ ကျင့်အပ်ရာ၏၊"

ဟူ၍ ပညာရှိဆန်စွာ ဥပမာ အရိပ်အမြွက်ဖြင့် တက်လာသော မာန်စွယ်ကို ကျိုးပျက်စေရန် ရည်သန်၍ ဆုံးမတော်မူရှာသည်။

mgyoe.com

mgyoe.com

ပရိယာယ်အားဖြင့်လည်း တပည့်များကို ဆုံးမဟန်ပြုကာ..

နောင်လာအများ၊ တပည့်သားတို့၊ မှတ်ငြားသိထင်၊ အကျယ်မြင်မူ၊ ဂုဏ်အင်ဆောင်ကြဉ်း၊ စိတ်ကိုမျှဉ်းလော့၊ စိုးစဉ်းကျမ်းဂန်၊ တတ်သောဟန်နှင့်၊ မာန်လည်းပြင်းတင်း၊ နှုတ်ဟင်းလင်းလျှင်၊ အတွင်းတရား၊ ပြင်မှာထား၍၊ ပြင်တရားကို၊ ဝမ်းထဲသိုမှု၊ ထိုသို့ပက်ပါ၊ မြစ်လဟာသို့၊ ပညာရှိလျက်၊ အဝင်နက်ဟု၊ ဝင်လေးချက်မှာ၊ တွတ်တွတ်လာ၏" ဟူ၍ တစ်ဖန် ဆုံးမတော်မူပြန်သည်။

အရှင်မဟာသီလဝံသ မထေရ်မြတ်သည် ပကတိ စိတ်နေသဘောတော်အားဖြင့် ခန္တီဓာတ် မေတ္တာဓာတ် ကြီးမားတော်မူသည်။ ထို့ကြောင့်လည်း ပြိုင်ဆိုင်ထိပါးကာ စာဆို ဝံ့ရဲသော ငယ်ရွယ်သူ အရှင်မဟာရဋ္ဌသာရအား အပြစ်မမြင် တိုး၍သာ ချစ်ကြင်ပြီး သတိသမ္ပဇဉ်ရအောင် သွန်သင်ညွှန်ကြားသော စာများကိုသာ ရေးသားတော်မူလေသည်။

## သီလဝံသ၏ သီလဝံသ

အရှင်မဟာသီလဝံသ မထေရ်မြတ်သည် ရှင်လူဒါယကာနှင့် ဆက်ဆံရာတွင် လောကအရေးထက် ဓမ္မအရေးကိုသာ ဦးစားပေးလျက် ဆက်ဆံတော်မူလေ့ရှိသည်။ မိမိကိုယ်တိုင်သည်လည်း သီလ၏ စင်ကြယ်ခြင်း၊ စိတ်၏ စင်ကြယ်ခြင်း၊ အယူ၏ စင်ကြယ်ခြင်းရှိအောင် ကျင့်ဆောင် သီတင်းသုံးတော်မူ၏။ ထို့ကြောင့် မထေရ်မြတ်၏ ဘွဲ့တော်သည်လည်း မထေရ်မြတ်နှင့် လိုက်ဖက်သော အနွတ္ထသညာ နာမံတော်ဟူ၍ပင် ဆိုထိုက်လှပါသည်။ (သီလ–အကျင့်ကောင်း အကျင့်မြတ်+ဝံသ–အနွယ်)

အရှင်မဟာသီလဝံသမထေရ်မြတ်၏ နေ့ညဥ့်မပျက် အားထုတ်တော်မူသော ကိစ္စများကို ဒုတိယမင်းခေါင်ထံ ပေးဖူးသော မေတ္တာစာ၌

"အနုမြူညင်း၊ မြင်းမိုရ်တွင်းသို့၊ သတင်းဂုန်ချောက်၊ တောင်ကို ဖောက်သား၊ စိန်ကျောက်ပမာ၊ သီလဝါလျှင်၊ ရတနာမွေ့လျော်၊ ဓာတ်တော်စုပုံ၊ ထူပါရုံဟု၊ စည်းခုံလုံးညီ၊ မဟေသီဝယ်၊ စေတီယင်္ဂဏဝတ်၊ နိစ္စပါတ်ဖြင့်၊ လှည်းခတ်တံမြက်၊ ရှိဝတ်တက်၍၊ မပျက်စေရ၊ မျိုးသိပ္ပအား၊ သင်ကြား ကျမ်းဂန်၊ မိပ္ပာယ်ပြန်လျက်၊ ဂန္ထဓူရ၊ ရောက်သမျှနှင့်၊ ဝိပဿနာ၊ စီးဖြန်းပါ သည်" ဟု တွေ့ရှိရလေသည်။ ကြည်ညိုလေးစားဖွယ်ပင် ဖြစ်သည်။

အရှင်မဟာသီလဝံသ မထေရ်မြတ်သည် ပုဂံပစ္ဆိမ သာသနာဝင် ဒုတိယ ဆပဒ

mgyoe.com

mgyoe.com
အနွယ်အဆက်ဖြစ်တော်မူသည်။ ထို့ကြောင့် ဝိနည်းအကျင့်သိက္ခာ၌ လွန်စွာရိုသေသည်။ လေးစားသည်။ ကာယိန္ဒြေ ကျစ်လျစ်သိမ်မွေ့တော်မူသည်။ အထူးသဖြင့် အနွယ်အဆက်ဆက် ဆရာစဉ်မပျက် မြတ်နိုးစွာ ကျင့်သုံးလေ့ရှိသော ဓုတင်အကျင့်တို့ကိုလည်း ဆောက်တည်တော်မူလေ့ရှိသည်။

ထို 'ဓုတင်' အကျင့်အလေ့တို့ကို နှစ်သက်စွာ 'မွေ့' တော်မူတတ်သော အရှင်မြတ်၏ စိတ်အထု၌ ဤသို့လည်း လင်္ကာရတုဖြင့် မှတ်တမ်းတင်တော်မူခဲ့ပြန်သည်။

## ဓုတင်လင်္ကာ

[အရှင်မဟာသီလဝံသဆို ရတုပိုဒ်စုံ]

အရည်ကင်၊ ဓုတင်ရအောင်၊ ရွာကိုရှောင်၍၊ လေးတောင်ထွာမြတ်၊ အစွန်းလွတ်လျက်၊ ကိုင်းညွတ်ကွေးကွေး၊ ကုပ်လုပ်လေးတာ၊ ပြန့်ငါးရာ၌၊ သချာမှန်လှ၊ တဃောသဝယ်၊ နေထကျိန်းအောင်း၊ သခ်မ်းကျောင်းလည်း၊ ညောင်စောင်းဆန့်ရုံ၊ တစုံသင်္ကန်း၊ ဘန်ရည်စွန်းသား၊ ခါးပန်းသင်းပိုင်၊ ကရိဏ်ပဲကွပ်၊ သပိတ်အပ်နှင့်၊ ဘိနပ်ထီး ကုပ်၊ လက်သုတ်ကိုင်သွား၊ ကရားသားရေနယ်၊ ပခုံးလွယ်လျက်၊ လေးဆယ်ကမ္မဋ္ဌာန်း၊ ကသိုဏ်းဝန်းနှင့်၊ စီးဖြန်းထစ်ထစ်၊ ထွာလေးသစ်နှင့်၊ မချစ်ဘော်ရွေ၊ ကိုယ်တည်းနေ၍၊ ဧကစာရ၊ မာန်စောင်ချလျက်၊ လောဘမစော၊ လူ့မနောတည့်၊ တတောထွက်လျှင်၊ တတောဝင်လျက်၊ တပင်ထွက်သွား၊ တပင်နားမှ၊ ခေါင်းပါးအစာ၊ မျှရုံသာလျှင်၊ ပမာ နှိုင်းတု၊ ကြက်ဥတက်မြောက်၊ ဒေါင်းဥအောက်လျှင်၊ ချောက်ချောက်မများ၊ လုပ်ရေစား၍၊ လေးငါးလုပ်လျော့၊ ဖြော့တော့ကိုယ်လက်၊ ပစ္စဝက်လည်း၊ လေ့ကျက်အမြဲ၊ သုံးစွဲတိုင်းပင်၊ ရွတ်ဆင်ခြင်လျက်၊ သုတ်သင်အာပတ်၊ ပရိဝတ်နှင့်၊ မာနတ်ဘန်သွင်း၊ မကင်းစောင့်စည်း၊ သီလဆည်းလျက်၊ ပလလည်းဆင်၊ ကျင့်သောသွင်သို့၊ အောင်မြင်တံခွန်၊ သာမျိုး လွန်သည်၊ နိဗ္ဗာန်ရွှေမြို့ ပျော်မည်သို့။

မရှည်သဘင်၊ စိတ်ကိုသင်၍၊ တောဝင်မွေ့ပြီ၊ ညရီနံနက်၊ ခတ်တံမြက်နှင့်၊ ကိုယ်လက်ကျန်းအောင်၊ သုံးရေဆောင်မှ၊ ညောင်ဗောဓိပင်၊ စေတီပြင်၌၊ သုတ်သင်လှည်းလျက်၊ ကျောင်းသို့တက်မူ၊ ဓမ္မစကြာ၊ တရားသာနှင့်၊ မဟာသမယသုတ်၊ ဗုဒ္ဓဂုဏာ၊ ရတနာရွှေချိုင့်၊
mgyoe.com

mgyoe.com
တန်တိုင်းပမာ၊ စောင်ရံကာ၍၊ မေတ္တာရွှတ်ပြီး၊ ဆွမ်းခံနိုးသော်၊ ကြယ်ကြီးနက္ခတ်၊ ချိန်ခါမှတ်၍၊ လွယ်သွတ်သပိတ်၊ ပရိတ်ရွတ်သွား၊ သင့်ရာနားမှ၊ သုံးပါးအဝန်း၊ ခါးပန်းပတ်ရစ်၊ ပုဆစ်ဒူးမှ၊ ရှစ်သစ်ချလျက်၊ ဝတ်ထသင်းပိုင်၊ ထပ်ပြိုင်ရုံအုပ်၊ ဒုကုဋ် ထိုထက်၊ မကျွတ်တာရှည်၊ လည်လက်ကောက်ဝတ်၊ ဖုံးလွှမ်းပတ်မှ၊ အိပ်သွတ်ရေကျင်း၊ မကင်းလက်၌၊ သပိတ်ပိုက်လျက်၊ ငိုက်ငိုက်မျက်နှာ၊ ပြင်းစွာမသွား၊ ရထားထမ်းပိုး၊ မျှော်ရိုးတည့်တည့်၊ တပြန်ကြည့်မှ၊ မလှည့်အာရုံ၊ ရေလုတ်ငုံသို့၊ ခြေစုံရှေ့တွင်၊ ရပ်သည် မြင်သော်၊ ပွတ်စင် ရောင်မောင်း၊ စလောင်းလက်စွဲ၊ မျှဆဲဆဲ၌၊ လက်ဝဲဖော်ထုတ်၊ ရုံအုပ် လှစ်ခွာ၊ လက်ယာညွတ်ခံ၊ ဝိနည်းကံနှင့်၊ တစံတည်းပင်၊ ယွင်းမတင်သည်။ မဂ္ဂင်ကူးတို့ လော်မည်သို့။

အစဉ် မမြင်၊ ဘုံသုံးခွင်မှ၊ လွတ်ချင်သောထွေ၊ ကျင့်ဘူးလေသား၊ သက်သေ့ သော်ကား၊ ရေသော်များ၏၊ မင်းသားတေမိ၊ ဣသိဇနက်၊ တောထွက်ရေးခါ၊ သုမေဓာတို့၊ မြိုင်သာတောဖျား၊ သစ်သီးစား၍၊ လေးပါးဗြဟ္မ၊ ဝိဟာရကို၊ ရရစီးဖြန်း၊ ကမ္မဋ္ဌာန်းဖြင့်၊ မစွန်းသီလ၊ ဈာန်ပျံ့ရလျက်၊ ဗြဟ္မာ့ဘုံနေ၊ ပျော်ဘူးလေ၏၊ လူ့ မြေခါ သင့်၊ သစ္စာပွင့်က၊ တို့နှင့်တမျှ၊ ဈာန်မရလည်း၊ နောက်မှဝါသနာ၊ ပါစိမ့်ငှာလျှင်၊ သဒ္ဓါ အလွန်၊ ပြုသင့်တန်၏ သုသာန်ရုက္ခ၊ အရညနှင့်၊ ဘောဂနိသစ်၊ ကြိုက်ချစ်ပန့်သကူ၊ ဆောင်ယူမြဲဘိ၊ တိစီဝရိက်၊ ကောင်းစိတ်မကွာ၊ အရိယာလို၊ ယထာသန္တတိ၊ မရှိနိုင်းပြိုင်၊ ဘတ္တပိုင်နှင့် တပ်ပြိုင်ရောရှ၊ ခလုပစ္ဆာ၊ ကောသန၊ မလွတ်ရတည်း၊ ခံထဆွမ်းဝတ်၊ ပိဏ္ဍပါတ်နှင့်၊ မပြတ်သမ္ဘဒါန်၊ အမှန်မြဲပင်၊ ဓူတင်အမျိုး၊ သုံးဆဲ့ကိုးနှင့်၊ ကျင့်ရိုးမှန်ကန်၊ အဓိဋ္ဌာန်လုလ္လ၊ ဝံသလေးသွယ်၊ စင်ကြယ်သီလ၊ သန္တောသနှင့်၊ ဓမ္မကျင့်မှု၊ ဆယ့်တခုကို၊ သာဓုနတ်တို့ ခေါ်မည်ဘို့။

ဤဓူတင်လင်္ကာကို ချောင်းဦးမြို့ အောင်မြေသာစံ ကျောင်းတိုက် ဆရာတော် အရှင်သာဂရဗုဒ္ဓိ (ပထမကျော်) က စာရေးသူအား ပေးအပ်သော ပေမူတစ်ထုပ်မှ ရရှိသောမူ ဖြစ်ပါသည်။ ၎င်းမူကို အမျိုးသား စာကြည့်တိုက် (ရန်ကုန်) ရှိ ပုဂံဝန်ထောက်မင်း ဦးတင်ထံမှတစ်ဆင့် ကူးသော

mgyoe.com

mgyoe.com

လက်ရေးမူ စာအမှတ် ၅ နှင့် တိုက်ဆိုင် တည်းဖြတ် ဖော်ပြပါသည်။]

## အရှင်မဟာသီလဝံသ၏ စာ

ဖော်ပြပါ ရတုလင်္ကာ၌ ပါဝင်သော စာသားအချို့သည် ဆုတောင်းခန်းပျို့လာ စာသားများနှင့် ဆင်ဆင်တူသော စာပိုဒ်များကို တွေ့နိုင်သည်။ ဆုတောင်းခန်းပျို့တွင် ဈာန်အဘိညာဉ် ရသည်ကိုပြသော 'အဘိညာဖလပါပုဏ္ဏအခန်း' အပိုဒ် ၁၀၄ ၌...

"သုမေဓာသည်၊ ဟေမာစလ၊ တောသို့ကြွ၍၊ ပဏ္ဏသာလာ၊ သခ်မ်းခွာလျက်၊ လူစာရှောင်ရှား၊ သစ်သီးစား၍" ဟု စပ်ဆိုသကဲ့သို့ ရတုလင်္ကာ တတိယ အပိုဒ်၌လည်း "မင်းသားတေမိ၊ ဣသိဇနက်၊ တောထွက်ရှေးခါ၊ သုမေဓာတို့၊ မြိုင်သာ တောဖျား၊ သစ်သီးစား၍" ဟု သီကုံးတော်မူ ပြန်သည်။ ထို့အတူ ရတုလင်္ကာ တတိယအပိုဒ်၌ပင်...

"လေးပါးဗြဟ္မ၊ ဝိဟာရကို၊ ရရစီးဖြန်း၊ ကမ္မဋ္ဌာန်းဖြင့်၊ မစွန်းသီလ၊ ဈာန်ပျံ့ရလျက်၊ ဗြဟ္မာ့ဘုံနေ၊ ပျော်ဘူးလေ၏" ဟု ရေးဖွဲ့တော်မူပြီး...

ဆုတောင်းခန်းပျို့ အပိုဒ် ၁၁၀–၌

"ကမ္မဋ္ဌာန်းကို ဖြန်းဖြန်းနှုတ်ဖျား၊ ရွရွထားပြီး၊ ရသေ့ကြီးကား၊ အတီးရှေးဟောင်း၊ သူတော်ကောင်းတို့၊ မြတ်ပေါင်းအကြင်၊ ကျေးဇူးအင်ဖြင့်၊ ပြည့်ထင်ချဉ်းကပ်၊ ဗြဟ္မာ့ရပ်အား၊ တိမ်းမတ်အကယ်၊ ရဘုန်းကြွယ်၏" ဟူ၍လည်းကောင်း...

၎င်းပျို့ အပိုဒ် ၁၁၁ ၌...

"မကောက်ဝမ်းဘဲ၊ စိတ်ပုလဲဖြင့်၊ ဆကဲပျော်ရွှင်၊ ရတုအမည်၊ ဝတ်ဆောက်တည်လျက်၊ မရှည်နေ့ရက်၊ ကသိဏ်းကွက်၌"

ဟူ၍လည်းကောင်း အဓိပ္ပာယ် သဘောတူသော ရေးဖွဲ့မှုမျိုးကို အသီးသီး တွေ့ရှိနိုင်ပေသည်။ ဤနည်းတူ တိုက်ဆိုင်သော အရေးအဖွဲ့များကို များစွာ တွေ့ရှိရပါသည်။

ထို့ကြောင့် ရှားပါးသော တိမ်မြုပ်ပျောက်ကွယ်လုမတတ်ဖြစ်နေသော ဖော်ပြပါ ရတုလင်္ကာသည် အရှင်မဟာသီလဝံသ၏ စာဖြစ်ကြောင်း သံသယ ဝိဝါဒဖြစ်စရာ အကြောင်း မရှိဟု ယူဆပါသည်။ အရှင်မဟာသီလဝံသ၏ စာစုတွင် ထပ်တိုးလျက် မှတ်တမ်းတင်ထိုက်လှပါသည်။

ဤရတုလင်္ကာကြီးသည် ပါရမီတော်ခန်းပျို့၊ ဆုတောင်းခန်းပျို့တို့နှင့် အပြန်

mgyoe.com
အလှန် ရောင်ပြန်ဟပ်လျက်ရှိသည်ကို တွေ့ရပါသည်။ အရှင်မဟာသီလဝံသမထေရ်မြတ်၏ စာရိတ္တ ဝါရိတ္တ 'မစွန်းသီလ' တော်၏ သီလ ဝံသ ပီပြင်သော အရေးအဖွဲ့တော်များဖြစ်ကြောင်း သူ့စာကပြောသော စာဆိုရှင်ကို တစေ့တစောင်း အကဲခတ်နိုင်ပါသည်။

## တော်လှန်သော ခေတ်စမ်းခေါင်းဆောင်စာဆိုရှင်

အရှင်မဟာသီလဝံသ မထေရ်မြတ် ရေးသားပြုစု စီရင်တော်မူခဲ့သော စာပေအမျိုးအစားမှာ စုံလင်လှပါသည်။ ပျို့၊ မော်ကွန်း၊ လင်္ကာ၊ မေတ္တာစာ၊ ကျောက်စာ၊ ရတု၊ နေတ္တိနိဿယ၊ မဟာရဟာနီတိ၊ ရာဇဝင်ကျော်၊ ပါရာယနဝတ္ထုစသော စကားပြေ၊ ဆုံးမစာလင်္ကာ၊ ဆုံးမစာစကားပုံ–စသည်ဖြင့် အဖုံဖုံ အမျိုးစုံ ရေးစီရင်တော်မူခဲ့လေသည်။

"ပေလေးပင် ရှင်လေးပါး" ဟူသော အတိတ်နိမိတ်ထူးဖြင့် ပေဖူးလွှာကို 'ခူး' ၍၊ ပိဋကတ် ပင်လယ်ကို 'ကူး' ၍၊ အသိအလိမ္မာ ပညာအရာ၌ 'ထူး' ၍၊ မြန်မာ့စာပေနယ်၌ 'မြူး' ခဲ့သော ရဟန်းစာဆိုတော် အရှင်မဟာသီလဝံသ မထေရ်မြတ်သည် အရှင်မြတ်ပြုစုသော စာပေအားလုံး၌ ဉာဏ်မီး ဟုန်းဟုန်းတောက်တော်မူခဲ့သည်။ အင်းဝ တစ်ခေတ်လုံးကို ထွန်းလင်းစေခဲ့သည်။

"သီချင်းသည်များ ကဗျာသည်များ" ဟူသော အယူအစွဲကြီးမားသည့် ထိုခေတ်ပတ်ဝန်းကျင်ကို ဗုဒ္ဓ ရှင်တော်ဘုရားဟောကြားတော်မူရင်း နိကယ်ငါးရပ် ပိဋကတ်ဓမ္မက္ခန်ကို နဘောကာရန်တို့ဖြင့် ဘာသာပြန်သော မြန်မာမှုတစ်ရပ်ဖြင့် ရဲရင့် တည်ကြည်စွာ တော်လှန်တော်မူခဲ့လေသည်။ ထို့နောက် ရဟန်းစာဆိုရှင် သီလဝန္တပုဂ္ဂိုလ်ကျော်များပေါ်ထွန်းခဲ့ကြလေသည်။ "ဆင်သွားလျှင် လမ်းဖြစ်သည်" ဟူသော စကားသည်ရှင်မဟာသီလဝံသအတွက် လုံလောက်သောစကားဟု ဆိုသင့်ဆိုထိုက်လှပေသည်။

ထိုအချိန်မှစ၍ မြန်မာ့အနုစာပေ လမ်းမကြီး၌ ရွှင်လန်းရဲဝံ့စွာ လျှောက်တော်မူခဲ့ကြသော ရဟန်း စာဆိုတော် အရှင်မြတ်များမှာ ရှင်မဟာရဋ္ဌသာရ၊ ရှင်ဥတ္တမကျော် (တောလား)၊ ရှင်အုံးညို၊ ရှင်အဂ္ဂသမာဓိ၊ ရှင်တေဇောသာရ၊ ရှင်ဂုဏမုနိန္ဒ၊ ရှင်ပုညသေဋ္ဌ၊ ရှင်စန္ဒမဋ္ဌု (ယသော်ရောကန်တော့ခန်း)၊ ရှင်ဣန္ဒဂုတ္တ၊ ရှင်နန္ဒဓဇ၊ ရှင်အာဒိစ္စရံသီ၊ ရှင်ဩဘာသ၊ ရှင်မုနိန္ဒာဘိဓဇ၊ ရှင်သုမန၊ ရှင်ဇဝန၊ ရှင်ဝိမလ၊ ရှင်ဉာဏ၊ ရှင်မေဓာဝီ၊ ရှင်ရေဝတ၊ ရှင်တိလောက၊ ရှင်ကဝိ၊ ရှင်စာရိန္ဒာဘာသ၊ ရှင်ပညာ စသည်တို့ပင်ဖြစ်ကြသည်။

ထို့ကြောင့် အရှင်မဟာသီလဝံသ မထေရ်မြတ်သည် ရဟန်းစာဆို ခေါင်းဆောင်ကြီးဖြစ်ကြောင်း ထင်ရှားလှပေသည်။ ၎င်းပြင် အင်းဝခေတ် စာပေကို ဆန်းသစ်တီထွင်

mgyoe.com

mgyoe.com
တော်မူခဲ့သော ခေတ်စမ်း စာဆိုခေါင်းဆောင်ကြီးလည်း ဖြစ်ပေသည်။ အရှင်မဟာသီလဝံသ စသော ရဟန်းစာဆိုအရှင်မြတ်တို့က စာပေကို ဖောက်ချ၍ တီထွင်ကာ စည်ပင်စေခဲ့ကြသဖြင့် ဝေဆာစိုပြည်သော ယနေ့ မြန်မာစာပေကို မြင်တွေ့ကြရပေသည်။ သို့မဟုတ်ပါက မြန်မာစာပေ၏ အနှစ်သာရ မြန်မာဘာသာ၏ ဝေါဟာရ ပေါ်ရာဏ စသည်တို့ကား စမ်းတမ်းရှာဖွေ၍ပင် ရမည်မဟုတ်ပေ။

အရှင်မဟာသီလဝံသ မထေရ်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်ကား များပြားလှပါသည်။ စာအစောင်စောင် ပေအဖွဲ့ဖွဲ့တို့ဖြင့် ရေးချဲ့ ဖွင့်ကျူးသော်လည်း ကုန်နိုင်အံ့မထင်ပါ။ ချီးကျူးပြီး၊ ချီးကျူးဆဲ၊ ချီးကျူးပူဇော် လတ္တံ့လည်း ဖြစ်ပေသည်။ မြန်မာစာမြန်မာဘာသာသည် မြန်မာလူမျိုးနှင့် ခွဲခြားမရသကဲ့သို့ မြန်မာလူမျိုးနှင့် အရှင်မဟာသီလဝံသကိုလည်း ခြားနား၍ မရစကောင်းပေ။

## ဂုဏ်ပေါင်းခသည့် အရှင်မဟာသီလဝံသ

ခြုံငုံ၍ဆိုရသော် အသဒိသ ပုဂ္ဂလဝိသေသ ဖြစ်တော်မူသော အရှင်မဟာသီလဝံသ မထေရ်မြတ်သည် 'တစ်ခေတ်မှ တစ်ယောက်' အဖြစ်သာ ပေါ်ထွန်းတော်မူခဲ့သော တိပိဋကတ္တယ ပါရဂူ ကဗျာ့ဝိဒူ သူတော်စင် အရှင်မြတ်ကြီး ဖြစ်တော်မူပေသည်။

"ရန်ထောင် အမျက်၊ အခိုး ထွက်လည်း၊ ညံ့လက်ချချ၊ လျှော့ဘိကလျှင်၊ ရေစရောက်လေ၊ မီးသို့သေ၏၊ မထေမဲ့မြင်၊ မြူမှုန်တင်လည်း၊ ရေစင်သွန်းချိုး၊ ခန္တီမိုးဖြင့်၊ မျက်ငြိုးငြိမ်းစေ" တော်မူသော "အရှင်မဟာသီလဝံသ"။

မြန်မာမှုအနုစာပေ၌ ပျို့စာပေရေးသားမှုဖြင့် ရဟန်းစာဆိုတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူသော "အရှင်မဟာသီလဝံသ"။

ကျမ်းဂန်အရာ ကျနလျက် တရားအဆီအနှစ်တို့ကို ခေတ်စမ်းဘာသာပြန်မြန်မာမှုဖြင့် ပြုစုရာတွင် ဉာဏ်ရည်တူ ရှိတော်မမူသော "အရှင်မဟာသီလဝံသ"။

လောကအကြောင်း ရာဇကြောင်းတို့ထက် ဓမ္မကြောင်း၌သာ အားသန်တော်မူသော "အရှင်မဟာသီလဝံသ"။

"ပျို့စာဆိုနာယက ရှင်မဟာသီလဝံသ" ဟူ၍လည်းကောင်း၊ "သဒ္ဒါတွင်ရှင်မဟာကစ္စည်း၊ ကဗျာတွင် ရှင်မဟာသီလဝံသတည်း" ဟူ၍လည်းကောင်း၊ "တောင်းကိုမဖောက် တောင်ကိုဖောက်သည် စိန်ကျောက်အသွင် သီလဝံ" ဟူ၍ လည်းကောင်း၊ "ပါရမီမသိနှင့်"၊ "ဆုတောင်းခန်း မစမ်းနှင့်"၊ တောင်တွင်းလာဉာဏ်ပတ္တာနှင့်" ဟူ၍လည်းကောင်း၊ စာပေနှင့် စာဆိုရှင်ကို ယှဉ်တွဲ၍ ချီးကျူးအပ်သော "အရှင်မဟာ

သီလဝံသ"။

သီလဝန် ဂုဏဝန် ပညာဝန် အစစ်ဖြစ်တော်မူသော "အရှင်မဟာသီလဝံသ"။ 'ဘုရားဆုပန်' သူတော်စင်သူတော်ကောင်းကြီး ဖြစ်တော်မူသော "အရှင်မဟာသီလဝံသ"။

လောကဝတ် ဓမ္မဝတ် ၂ ရပ်လုံးကို ကျေပွန်စွာ စာပေကျမ်းဂန်ဝန်ဖြင့် ထမ်းဆောင်သွားတော်မူသော အင်းဝခေတ် စာဆို "အရှင်မဟာသီလဝံသ"။

"ဒုတိယမင်းခေါင်"နှင့် သားတော် "ရွှေနန်းကြော့ရှင်"မင်းနှစ်ဆက် တိုင်တိုင် နှစ်သက်ကြည်ဖြူ မင်းဆရာအဖြစ်ဖြင့် ကိုးကွယ်ခြင်းခံတော်မူရသည့် "အရှင်မဟာ သီလဝံသ"။

ဤသို့ 'ဂုဏ်' ပေါင်းခသည့် စာဆိုအရှင်မြတ်သည် သက္ကရာဇ် ၈၈၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် စနေနေ့တွင် အင်းဝမြို့ကို မိုးညင်းစလုံ ဖျက်သဖြင့် အင်းဝခေတ်ကြီး ပျက်စီးမသုဉ်းဆိတ်မီ 'ဓမ္မပါလပျို့' ရေးတော်မူလက်စ ရေးနေတော် မူဆဲဋ္ဌပင် နောင်လာနောက်သားတို့အား စာပေဝန် ပခုံးပြောင်းပြီး နတ်ရွာစံကျောင်းတော် သို့ ကိန်းအောင်းတော်မူရပါသတည်း။

ဤဆောင်းပါးဖြင့် "အရှင်မဟာသီလဝံသ မထေရ်"မြတ်၏
"သီလဂုဏ် စာပေဂုဏ်" တို့ကို ပူဇော်ဦးညွတ်ပါ၏။ ။

mgyoe.com

mgyoe.com

# ဗုဒ္ဓပွဲတော်ပျို့ ရှင်မဟာသီလဝံသရေးသလော

မေမြို့-မိုးကြည်

ဤပျို့နှင့်ပတ်သက်၍ စာပေတရားခွင်သို့ တင်ပြရန် ရည်ရွယ်ထားသည်မှာ ကြာပေပြီ။ လက်ခံလိုက်နာထားသော အစဉ်အလာတစ်ခုကို တွန်းလှန်ပယ်ဖျက်၍ ဆန့်ကျင်ပစ်ရန်မှာ ကောင်းသောအခြင်းအရာမဟုတ်သည်နှင့်အမျှ လွယ်ကူသော ကိစ္စလည်း မဟုတ်ပေ။ သို့ရာတွင် အမှားကိုပြင် အမှန်ကိုမြင်စေ၍ အကျိုးပြုခြင်းကိုမူ ပညာဗိမာန်နန်းသို့ တောက်ပသော ဆီမီးတစ်လက်ဖြင့် လမ်းပြ၍ အရောက်ပို့ဆောင်ခြင်းမည်ပေရာ၏ဟု ထင်မြင်မိသည်။ တွန်းလှန်ပယ်ဖျက်လိုသော် သဘာဝယုတ္တိ၊ အာဂမ ယုတ္တိ၊ အာဂုံအာဂမ အထောက်အထား အကိုးအကား ခိုင်လုံရန် လိုအပ်လှပေသည်။ သို့မှသာ ပညာရှိကြီးများက လက်ခံပေလိမ့်မည်။ ဤသဘောကို ရိပ်စားမိ၍လည်း အခြေအနေအမှန်ကို ငံ့လင့်ကာ တမင်ကြန့်ကြာစေခဲ့ခြင်းဖြစ်သည်။

၁၉၆၀ ခု ဩဂုတ်လထုတ် ယဉ်ကျေးမှုစာစောင်တွင် 'သံဝေဂခန်းပျို့ ရှင်သီလဝံသမရေး' တင်ပြစဉ်ကပင် ဤပျို့ပြဿနာကိုလည်း တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း ဝန်ခံထားသည်။ ထပ်ဆင့်တိုးပွားလာအံ့သော အချက်အလက်ကို မျှော်လင့်နေမိ၍ အချိန်ကြာညောင်းခြင်းဖြစ်သည်။ ယခုမူ ပြည့်စုံသည်ဟု မဆိုလိုသေးပါ။ သို့သော် ပြဿနာနှင့်တူသော ပြဿနာတစ်ရပ် တင်ပြနိုင်ရန် အင်အားသစ်ကား ရှိလေပြီဟု ဆိုချင်ပါသည်။

ကနဦး ဗုဒ္ဓပွဲတော်ပျို့ ရှင်သီလဝံသရေး မရေး စိစစ်ဝေဖန်ခြင်း မပြုမီ လက်ရှိ ဗုဒ္ဓပွဲတော်ပျို့ကို ရှင်သီလဝံသရေး ဟုတ် မဟုတ် စစ်တမ်းထုတ်ရာတွင်...

(၁) အနှုန်းအဖွဲ့နှင့် ပျို့ချုရိုးချစဉ် မတူညီခြင်း၊
(၂) ကျမ်းဂန်များနှင့် ဆန့်ကျင်နေခြင်းဟူသော အချက် ၂ ချက်ကို အခြေခံပြု၍ စစ်တမ်းထုတ်လိုပါသည်။

mgyoe.com

mgyoe.com

## ပျို့ချိုးချစဉ် မတူညီခြင်း

အရှင်သီလဝံသ ရေးပြုတော်မူသည့် ပါရမီတော်ခန်းပျို့၊ ဆုတောင်းခန်း၊ ဓမ္မပါလပျို့၊ တောင်တွင်းလာပျို့တို့၏ အစီအရေး အနှုန်းအဖွဲ့ကို ရှုကြည့်သော် တစ်ပိုဒ်လျှင် အက္ခရာလေးလုံးထား၍ သီကုံးစပ်ဖွဲ့အပ်သော ဥပဒေသနှင့် အညီ၊ တစ်ပိုဒ်တစ်ပိုဒ်လျှင် လေးလုံးလေးလုံးထား၍ လည်းကောင်း၊ ဣန္ဒြေရှိရှိ ပိရိသိပ်သည်းစွာဖြင့် ကျစ်လျစ်ခန့်ညားစေ၍ လည်းကောင်း ဖွဲ့ဆိုထားသည်ကို တွေ့မြင်ရပေမည်။ ယခုလက်ရှိ ဗုဒ္ဓပ္ပတ္တိပျို့တွင်မူ တစ်ပိုဒ်လျှင် ငါးလုံးခြောက်လုံးအထိ ကျော်လွန်ကာ နှုန်းဖွဲ့ထားသည်ကို တွေ့ရသည်။ အချို့သောနေရာတွင် အက္ခရာလေးလုံးထက် စွန်းသော 'ငယ်မှ' 'ကယ်က' စသည့် ခရာသံညှသံ ထေ့သံကလေးများကို ဖတ်ရှုရသောအခါ အဲး ကဗျာတစ်ပိုဒ်ညည်းနေရသကဲ့သို့လည်းကောင်း၊ လေးချိုးကဗျာတစ်ပိုဒ်ကို ရှည်လျားစွာ ဟဲသကဲ့သို့လည်းကောင်း ထင်မှတ်ရပေသည်။

"တောရဂုံမှာ မှုံမှုံငယ်မှိုင်းမှိုင်း၊ မြူခြည်ငယ်ဆိုင်းသည်၊ နတ်သိုင်း မြရည်၊ ပန်းလျှပ် ခြည်နှင့်၊ ပတ်လည်ငယ်တိမ်ပုပ်၊ မိုးကုပ်ကယ်က၊ ရွာရုပ်ကယ် ချိုးခြိမ့်၊ ညိုးငြိမ့်ငြိမ့်နှင့်" နှုန်းဖွဲ့ထားလေသည်။

အဘယ်ကလောက် ကဗျာမမယ် စာငယ်ငယ် ဆန်လေသနည်း။ ဤနည်းအားဖြင့် ပျို့တစ်စောင် တစ်ဖွဲ့လုံး ရစ်သိုင်း ခြယ်မှုန်းထားလေသည်။ တစ်ဖန် ပျို့အချပိုဒ်များသည်လည်း တဖျင့်တပါး ခြားနားလျက် အစပ်အဟပ် ဥပဒေသ ကင်းဝေးလှသည်ကို အောက်ပါအတိုင်း တွေ့ရပြန်သည်။

(၁) ဖြာဖြာမျက်ရည် သွယ်ဆင်းတည်း။
(၂) ဝိဂြိုဟ်လက်ရစ် တမ်းနားတည်း။
(၃) မွေးဖသုဒ္ဓေါ် အကြောင်းတည်း။
(၄) လွမ်းဖိုမပြေ ဆွတ်နူးတည်း။
(၅) ကြည်ညိုနှစ်သိမ့် စေကြောင်းတည်း။
(၆) သောဟစိမ့်ကြ စေကြောင်းတည်း။ (လ)
(၂၅) ရှေးနှောင်းပြစ်မဲ့ ကုန်စင်တည်း။
(၂၆) ပြေလျော့သည်းခံ ပါကြောင်းတည်း။
(၂၇) ထိုရော်အပြစ် စင်ကြောင်းတည်း။

mgyoe.com

mgyoe.com

(၂၈) ဖြေလျှော့သည်းခံ ပါကြောင်းတည်း။

(၂၉) သောင်းသောင်းနတ်လူ ကြည်နူးတည်း။

(၃၀) ကြားသူဖိမ့်ဖိမ့် ကြက်သီးတည်း။

(၃၁) ကြည်နူးရူတ သောင်းသောင်းတည်း။

(၃၂) လကို သူရိန် ဖုံးသို့တည်း။

(၃၃) အများမရှု ရက်အောင်တည်း။

(၃၄) သုံးလူရှင်တော့် ထံရင်းတည်း။

ရှင်မဟာသီလဝံသကား ဆုတောင်းခန်း၊ ပါရမီတော်ခန်းတို့၌ အလင်္ကာချနည်း၊ ရတုချနည်းတို့ဖြင့် တန်ဆာဆင်လျက် အခန်းစအလယ်နှင့် အခန်းဆုံး၊ အခန်းသိမ်းပိုဒ်များကို စနစ်တကျ ချတော်မူခဲ့သည် ပုံစံပြရသော်...

ဆုတောင်းခန်း၌...

(၁) ရွှန်းဖိတ်မဂ်ဖိုလ် ပီတိတည်း။

(၂) တရားဆိမီး လည်ငြိတည်း။

(၃) သဘောဤသို့ပါဠိတည်း။

(၄၂) နှစ်သိမ့်ညွတ်ညွတ်နူးနူးတည်း။ (ရတုချနည်း)

(၁၅၃) တတည်လုပ်ချေ ကောင်းပါလေ၏။ (အလင်္ကာချနည်း)

ပါရမီတော်ခန်း၌

(၁၅၂) ပြုပွာထူးဆန်း ကြယ်၏တည်း။

(၁၅၃) နှုတ်ကောင်းအလှယ်လှယ်၏တည်း။

(၁၅၄) အထွဋ်အောင်ဆုရွယ်၏တည်း။

(၁၅၅) သံချိုကြားတွင် ကြယ်၏တည်း။

(၁၅၆) ကောင်းကင်ရှု သပ္ပာယ်၏တည်း။ (ရတုချနည်း)

(၁၅၇) ထူးဆန်းဤရွှေ့ပြီးစုံစေ၏။ (အလင်္ကာချနည်း)

ဓမ္မပါလပျို့၌လည်း ပါရမီတော်ခန်း၊ ဆုတောင်းခန်းနည်းတူ ချတော်မူခဲ့သည်။ တောင်တွင်းလာပျို့သည်ကား ဆန်းကြယ်သော ဉာဏ်ဖြင့် ပဟေဠိဆန်ဆန် ရေးတော်မူထား၍ ဥပဒေကို မထိန်းမစောင့်အားပေ။ ဤသို့လျှင် ရှင်မဟာသီလဝံသ၏ ပျို့ကြီးများသည် ဗန္ဓလက္ခဏာမလွတ်ခြင်း၊ တစ်ပိုဒ်အချနှင့် အခြားတစ်ပိုဒ်အချ တူမျှခြင်းဟူသော ပျို့ကြီးတို့၏ တင့်နိုးခြင်းဂုဏ်သည် ကုံလုံပြည့်ဖြိုးလျက် ရှိပေသည်။

mgyoe.com

mgyoe.com

ကျမ်းဂန်များနှင့် ဆန့်ကျင်ခြင်း

ရှင်မဟာသီလဝံသရေးသည်ဆိုသော ဗုဒ္ဓပ္ပတ္တိပျို့ကို စ၍ လှန်လိုက်လျှင်ပင် အပြစ်အနာအဆာရှိသော အဖွဲ့ကို မမျှော်လင့်ဘဲ တွေ့ရသည်။

"မိခင်ဖခင်၊ သွန်သင်ဆရာ၊ မြတ်တို့မှာလည်း၊ ဝန္ဒာညွတ်ရုံး၊ ကန်တော့ ဆုံးမှ၊ ဘုန်းတော်နေလ၊ တက်ထွန်းပသို့၊ လောကသမုတိ၊ တိုင်းကြီး သခင်၊ ဘဝရှင်ကို၊ ဦးတင်လက်စုံ၊ ဆယ်ချောင်းရုံလျက်၊ ခိုလှုံ တေဇာ၊ ပြီး၍သာလျှင်..."

ရဟန်းတော်များ ပြုစုတော်မူသည့် ပါဠိကျမ်းဂန်တို့၌လည်းကောင်း၊ ပျို့ကဗျာ လင်္ကာတို့၌လည်းကောင်း၊ ရတနာသုံးပါးအား ရှိခိုးခြင်း ဂန္ထာရမ္ဘပဏာမပြုရိုးရှိသည်ကို သာ ကျွန်ုပ်တို့ သိနားလည်ဖူးသည်။ အမိအဖနှင့် အရှင်သခင်ကို ရှိခိုးခြင်းကမူ ရဟန်းတို့ အား မလျောက်ပတ်သည်နှင့်အမျှ ပြုသင့်ပြုအပ်သည့် အရာလည်း မဟုတ်ပေ...။ ဤအချက်ကို ထောက်၍ ယခုလက်ရှိ ဗုဒ္ဓပ္ပတ္တိပျို့ကို ရှင်မဟာသီလဝံသရေး မဟုတ်ရုံ သာ မကသေး၊ ရဟန်းတော်တစ်ပါး ရေးသားခဲ့သောပျို့ဟုပင် လက်ခံနိုင်ဖွယ်အကြောင်း မရှိချေ။ အကယ်၍ ရဟန်းတော် တစ်ပါးပါး ရေးသားခဲ့လျှင်လည်း ထိုရဟန်းသည် ပညာသေးနုတ် ယုတ်ညံ့သောရဟန်းသာ ဖြစ်ချေသည်။ ထို့ပြင် လောကီရေးရာလူတို့ အယူအဆတို့ကို အောက်ပါအတိုင်း တွေ့ထားရ၏။

"ပြဿဒါးလည်း၊ ပြား၍လည်းကောင်း၊ အကျိုးဆောင်သော်၊ ညောင်ရေလောင်း ၍၊ ပတ်ထမ်းတွေ့မည်၊ ထင်လှသည်တည့်"

ပိဋကတ်အမြင်မှန်ရှိသော စာဆိုကဝိ ရှင်မဟာသီလဝံသအနေဖြင့် မရေးတန် ရာဟုထင်မိသည်။ စုက်လာဘ်၊ ပြဿဒါး ဟူသော အယူအဆတို့သည် ကျမ်းဂန်များတွင် အရိပ်အမြွက်မျှမထင်။ သို့စင်...အာဂမ ဝိရောဓိ ဒေါသအရာ စကားတန်ဆာကို အဘယ် သို့လျှင် ရှင်မဟာသီလဝံသက မိန့်ဆိုပါမည်နည်း။

ဤပျို့ကို ရေးသားသော ပုဂ္ဂိုလ်သည် ကျမ်းဂန်နှင့် ဆန့်ကျင်သော အမှားများ ကို ဆက်ကာဆက်ကာ ကျူးလွန်နေပြီ။ ထို့ကြောင့်လည်း ရှင်မဟာသီလဝံသ ရေးသလော ဟု တွေးတောရန်အတွက်ပင် အားသစ်လောင်း၍ မရနိုင်အောင် အင်အားနည်းချက်များဖြင့် တော့တော့တင်တင် အမြဲရင်ဆိုင် နေရပေသည်။ အပိုဒ် (၃) ၌လည်း ဘုရားရှင်က ကာဠုဒါယီ ကို အတင်းအဓမ္မ ရဟန်းပြုစေပုံဆိုထားချက်မှာ လွန်ကဲလွန်းလှသည်။ ကျမ်းဂန်၏ အဆို အမိန့်နှင့် အလှမ်းဝေးကွာလှသည်။ အင်္ဂုတ္တိုရ် အဋ္ဌကထာကဲ့သို့ ခိုင်ကျည်သော ကျမ်းကြီး

mgyoe.com

mgyoe.com

များကို မှီငြမ်းပြု၍ ရေးသားတော်မူသော ဖိနဝ္တာပကာသနီတွင် ကာဠုဒါယီသည် သုဒ္ဓေါဒန မင်းကြီးအား ဘုရားသခင်ကို ပင့်ပေးပါမည်ဟု ဝန်ခံ လျှောက်ထားလျက် သတင်းစကားကို ယူ၍ ရာဇဂြိုလ်ပြည်သို့ သွားလေသည်။ ရာဇဂြိုလ်ရောက်လျှင် ပရိသတ် အစွန်အဖျားမှ နေ၍ တရားနာလတ်သော် အခြံအရံပိုလ်ပါများနှင့်တကွ အရဟတ္တဖိုလ်ရောက် ဧဟိဘိက္ခု မြောက်ကြောင်းကို လင်းလင်း ဆိုထားလေသည်။ ကျမ်းကြီး ကျမ်းခိုင်တို့၏ အဆိုအမိန့် ကို စာဆိုသည် အလျင်းပင် သတိမူဟန်မတူပေ။ အတ္တနောမတိအမြင်ဆန်းဖြင့် တမင် ရမ်းထားခဲ့ဟန်တူသည်။ ခြွင်းချက်အနေဖြင့် ပမာဒလေခကြောင့်လေလောဟု ငဲ့ညှာ တွေးဆဖွယ်မျှမမြင်၊ တက်တက်စင်ယွင်းမှား တိမ်းပါးစေခဲ့သည်။

အရှင်မဟာသီလဝံသ၏ တပည့်ဖြစ်သော ရှင်အုန်းညိုကပင် သူ၏ ဂါထာ ခြောက်ဆယ်ပျို့ အပိုဒ် (၆) တွင်...

"ကာဠုဒါယီ၊ တိုင်းရပ်မှီ၍၊ ချီလေ ပြောဟို၊ သင်းထောင်းဗိုလ်နှင့်၊ နှောင်းခို ထပ်ဘိ၊ ရောက်လတ်ပြီဟု၊ ဧဟိဘိက္ခူး၊ သံခြေကျူးက၊ ကျေးဇူးအရဟံ၊ ရှင်ပျံရေးနည်း၊ ကျွတ်သည်ချည်းသော်"

ဧဟိဘိက္ခုဖြစ်ကြောင်းကို ကျမ်းဂန်နှင့်အညီ ဆိုတတ်ပါသေးလျှင် အဘယ်မှာ ကျမ်းတတ် ဂန်တတ်လည်းဖြစ်၊ ဆရာလည်းဖြစ်သော ရှင်မဟာသီလဝံသက ယွင်းမှား သော ဤစကားကို ဆိုပါမည်နည်း။ သတိကင်း၍မူ မဆိုလျဉ်းရာ။

ထို့ပြင် အပိုဒ် (၂၂) တွင် ယသော်ဓရာကို ဘုရားရှင်က ရဟန်းပြုခိုင်းပုံ၊ ယသော် ဓရာက ဧဟိဘိက္ခုအဖြစ်တောင်းပုံ၊ ဘုရားရှင်က ခွင့်ပြု၍ ဧဟိဘိက္ခု ရဟန္တာမဖြစ်သွား ပုံကိုလည်း ဉာဏ်ဝါလွတ်ကင်း သိမ်ဖျင်းစွာ စိတ်ပျက်ဖွယ်ရာ ရေးဖွဲ့ခဲ့ပြန်လေသည်။ ဧဟိဘိက္ခု အဖြစ်သည် ရဟန်းယောကျ်ားများသာ ရပိုင်ခွင့်ရှိသည်။ ရဟန်းမိန်းမများနှင့် မတန်နိုးပေ။ ဤကျမ်းလာ စကားရပ်ဖြစ်စဉ်များကို စာဆိုပုဂ္ဂိုလ်သည် အသိခေါက်ခက် အဝင်နက်လေ သလောမသိ၊ မှန်းဆရမ်းချလေသလော မပြောတတ်။ စဉ်းစားဖွယ်ပင်။ ကျွန်ုပ်တို့အနေဖြင့် ဤအမှားစုများကို အထောက်အထားပြု၍ လက်ရှိ ဗုဒ္ဓုပ္ပတ္တိမည်သော "အမှားတကာ့ ထွင့်ခေါင် ပျို့များနောင်" ကို ရှင်မဟာသီလဝံသ ပြုစုသော ပျို့ဟုလည်းကောင်း၊ ရဟန်း တော်တစ်ပါး စပ်ဆိုသော ပျို့ဟုလည်းကောင်း လက်ခံမှတ်သားရန်မှာ မည်သို့သော အကြောင်းအချက်ကြောင့်မျှ မဖြစ်နိုင်ချေ။ ထို့ထက် တစ်ဆင့်တက်ရလျှင်... ရှင်မဟာ သီလဝံသတို့ခေတ်တွင် ပေါ်ထွန်းရေးဖွဲ့ခဲ့သော ပျို့ဟုပင် မမှတ်ယူလိုပေ။

လက်ရှိ ဗုဒ္ဓုပ္ပတ္တိပျို့ကို ရှင်မဟာသီလဝံသရေး ဟုတ် မဟုတ် စစ်တမ်းထုတ်ပြီး နောက် ဗုဒ္ဓုပ္ပတ္တိဟူသော အမည်ဖြင့် ပျို့တစ်စောင် တစ်ဖွဲ့ကို ရှင်မဟာသီလဝံသရေး

mgyoe.com

mgyoe.com
သလော... ဟု စောဒနာလိုပေသည်။ ယင်းသို့ စောဒနာရခြင်းသည်လည်း အခြားကြောင့် မဟုတ် အောက်ပါအချက်များကြောင့် ဖြစ်သည်။

ကိုးကားချက်မပါခြင်း

ရှင်မဟာသီလဝံသပြုစုတော်မူသော ဗုဒ္ဓပ္ပတ္တိပျို့၏ အဆိုအမိန့်ကို ထိုထိုရှေးရေး ကျမ်းများ၌ အကိုးအကား အထောက်အထားသာဓကဟူ၍ စိုးစဉ်းမျှ မတွေ့ရခြင်းသည် အလွန်အံ့ဩစရာကောင်းလှ၏။ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ ပညာရှိကြီး နှစ်ပါးကို နှောင်းစာဆို၊ နှောင်းစာပေသမားတို့သည် စာပေဥကင် စာပေဖခင်အနေဖြင့် အလွန်အကျူး အထူးပင် မြတ်နိုးစွာ ကြည်ညိုကြပေသည်။ ပုဂ္ဂိုလ်ကိုခင်၍လည်း ထိုပညာရှိ ကြီးနှစ်ပါး ပြုစုစပ်ဆိုတော်မူထားခဲ့သော စာပေများကိုလည်း ခုံခုံမင်မင် နှစ်နှစ်ခြိုက်ခြိုက် အမွေခံ၍ သုံးစွဲကြလေသည်။ ဟင်းလျာတွင် ဆားမပါလျှင် ပေါ့ပျက်ပျက် အရသာမရှိ သကဲ့သို့ စာတစ်စောင်တဖွဲ့ပြုစု ပျိုးထောင်ရာတွင်လည်း ထိုပညာရှိကြီးတို့၏ ကျမ်းကဗျာ စာစုကို အမှီသဟဲပြု၍ အထောက်သာဓကေ မပြရလျှင် ခံ့ညားသည်၊ ခိုင်ကျည်သည်၊ လေးနက်သည်၊ ထည်ဝါသည်ဟု မထင်နိုးကြပေ။ ထို့ကြောင့်လည်း အဘယ်မည်သော မြန်မာမှုကျမ်းများ၌ဖြစ်စေ၊ ထိုပညာရှိကြီးတို့၏ အဆိုအမိန့်များသည် မားမားမတ်မတ် ပွဲတိုင်းကျော်လျက် ရှိပေသည်။ အချို့နေရာ ပါဠိကျမ်းဂန် နိဿယများ၌ပင် ထိုးဖောက် ဝင်ရောက်၍ အတင့်အတယ် နေရာယူထားသည်ကို တွေ့ရပေသည်။ စာပေဂန္ထဝင်တွင် ထိုပညာရှိကြီးနှစ်ပါး၏ အဆိုအမိန့်ကို အမှီသဟဲပြုထားခြင်း ကျေးဇူးဂုဏ်ကြောင့် လူကြိုက်များ၍ မက်မဆုံး လက်သုံးဖြစ်နေကာ ဂန္ထဝင်တွင် စံတင်လောက်အောင် မြင့်မား ခမ်းနားသော ကျမ်းကြီးကျမ်းခိုင်တို့သည်ကား မနည်းလှချေ။ ပမာ.. အောက်ပါ ကျမ်းအစုကို ကြည့်ပါလျှင် ကျွန်ုပ်၏အဆို အဘယ်မျှ ခိုင်လုံသည်ကို သိရှိရပေမည်။

ဝေါဟာရတ္ထပကာသနီ ပေါရာဏ ကထာဋီကာ ပေါရာဏကထာ ဒီပကကဗျာ သာရတ္ထဒီပနီ ရှင်ဒီပရေးခဲ့ထားသတ်ပုံ ခင်ကြီးဖျော်၏ မြမ္မာဝစ္စဝါစက လိခနရာသီသတ်ပုံ၊ ရတနာကြေးမုံသတ်ပုံ၊ တွင်းသင်းသတ်ညွှန်း၊ မြန်မာသံယောဂ ဒီပနီစသည်တို့ပင် ဖြစ် သည်။ အထက်ပါ ကျမ်းကြီးတို့တွင် ထိုပညာရှိကြီးနှစ်ပါး၏ အဆိုအမိန့်တို့ကို ထပ်ကာ ထပ်ကာ အဖန်ဖန်တလဲလဲ မြဲစွဲစွာကိုးကား၍ အထောက်သာဓကေပြထားလေသည်။ သို့ပါသော်လည်း ဗုဒ္ဓပ္ပတ္တိ၏ အဆိုအမိန့်ကလေးကိုမူ သတိလွတ်သွား ဉာဏ်ရောင်ဝါး၍ မျှ ကိုးကားပြမထားပေ။ မပါရှိလှာပေ။ ယင်းသည်ကပင် ကျွန်ုပ်တို့အဖို့ ကြီးမားသော စဉ်းစားဖွယ် ပြဿနာရပ် ဖြစ်ပါ၏။
mgyoe.com

mgyoe.com

အမှတ်အသားမနိုင်လုံခြင်း

တစ်ဖန် ရှင်မဟာသီလဝံသရေး ကျမ်းစာရင်းဖော်ပြရာရှေးဟောင်း အမှတ်အသားများ၌ ခိုင်လုံစွာ မတွေ့ရှိရခြင်း၊ တွေ့ရှိသော်လည်း မခိုင်လုံခြင်းတို့ကိုလည်း ပြဿနာတစ်ရပ်အဖြစ် စဉ်းစားနိုင်သည်။ ဥပမာ...အောက်ပါ အမှတ်အသားများကို ကြည့်ပါ။

(က) ရှင်မဟာသီလဝံသ စီရင်သည့် ဓမ္မသတ်လောကဝတ်စာစုမှာ နေတ္တိပါဠိတော် နိသျ ပါရာယနဝတ္ထု မဟာရဟာနီတိ ရာဇဝင်ကျော် ပါရမီခန်းပျို့၊ ဆုတောင်းခန်းပျို့၊ တောင်တွင်းလာပျို့၊ ကမ္ဘာလောင်ကျမ်း၊ စကြာဝဠာချီ ကမ္ဘာလောင်ပျို့၊ ရတနာ မာန်အောင်ကျောင်း ကျောက်စာ ရွှေနန်းကြော့ရှင် နန်းတည်မော်ကွန်း တောင်တွင်းကြီး မြို့ဖွဲ့ရတု။

သံတော်ဆင့် မိုင်းခိုင်းမြို့စားမှတ်စု

(ခ) ရှင်မဟာသီလဝံသသည် ကျမ်းဂန်ပါဠိ ပါဠ်မပြုခဲ့။ ဆုတောင်းခန်းတံတားဦးတည် ပြည်စုံပြည်ဆန်ပါလ ၁၂ ပိုဒ် တောင်တွင်းလာ၊ သည်စာများကို

တောင်တွင်းဆရာတော်အဖြေ

(ဂ) ရှင်မဟာသီလဝံသပြု ပါရမီခန်းပျို့၊ ဆုတောင်းခန်းပျို့၊ တောင်တွင်းလာပျို့၊ ဓမ္မပါလပျို့၊ ဗုဒ္ဓုပ္ပတ္တိပျို့။

ပိဋကတ်သမိုင်းစာတမ်း

(ဃ) တောင်တွင်းမြို့ဖွား ရှင်သီလဝံသ၊ ငယ်မည်မောင်ညိုဆို ပါရမီခန်း ဆုတောင်းခန်း၊ တောင်တွင်းလာ ဓမ္မပါလဗုဒ္ဓုပ္ပတ္တိ။

မက္ခရာကိုယ်တော်ကြီး၏ စာဆိုတော်မှတ်စု

(စာရင်းတစ်ခုအနေဖြင့် ဖော်ပြရသော်လည်း စာစုစာရင်း၏ နိဒါန်းတွင် "သက္ကရာဇ် ၈၀၃ ခုနှစ် နန်းတက်သော စစ်ကိုင်းမြို့၊ ထူပါရုံစေတီတော် ဒါယကာ နရပတိမင်းကြီးလက်ထက် ရဟန်းပညာရှိ၊ လူပညာရှိတို့ စီကုံးရေးသားသည့် ပျို့ကဗျာလင်္ကာ၊ မော်ကွန်း၊ ဧချင်း၊ အဲအန်၊ လူးတား၊ ရကန် စာရင်းများကို ရေးသားဆက်သွင်းစေ၊ သက္ကရာဇ် ၁၂၂၉ ခု၊ ပြာသိုလဆန်း ၈ ရက်နေ့ အရှင်နန်းမတော်ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်

mgyoe.com

mgyoe.com
ထက် ဆင့်ရှက်ရသည့်အတိုင်း သံတော်ဆင့် မိုင်းခိုင်းမြို့စား မဟာသီရိဇေယျာသူရ ရေးသားဆက်သွင်းသည့် ကဗျာ၊ ပျို့၊ လင်္ကာ၊ မော်ကွန်း၊ ချေင်း၊ အဲအန်၊ လူတား၊ ရကန် စာရင်းပါဘုရား..." ဟု ဆိုထားသဖြင့် မိုင်းခိုင်း၏ စာရင်းပင်ဖြစ်သည်)

မိုင်းခိုင်းမြို့စားသည် ပိဋကတ်သမိုင်းတွင် ဗုဒ္ဓုပ္ပတ္တိပျို့ကို ရှင်မဟာသီလဝံသ ပြုစုတော်မူသည့် စာစုစာရင်း၌ ဖော်ပြထားသော်လည်း မိုင်းခိုင်းမြို့စားပင် ပြုစုသည့် ထေ-အစ ပါး-အဆုံး ၄ အင်္ဂါနှင့် ၇ ရွက်ရှိသော "မဟာရဋ္ဌသာရုပ္ပတ္တိကထာကျမ်း" ပေါ်-ချပ်ဝမ်းဘက်တွင်မူ အောက်ပါအတိုင်း မှတ်ချက်ရေးထားပြန်သည်။

"၎င်းဗုဒ္ဓုပ္ပတ္တိပျို့မှာ စာရင်းသာတွေ့ရှိ၍ ရှာဖွေသော် မရ၊ အချို့ပညာရှိတို့က လည်း ဗုဒ္ဓုပ္ပတ္တိပျို့ဟူ၍ အခြားမရှိ-ဗုဒ္ဓသဒ္ဒါဘုရားဟော၊ ဥပ္ပတ္တိသဒ္ဒါ ဖြစ်ခြင်းဟော၊ ဘုရားဖြစ်ခြင်း၏ အကြောင်းဆိုလိုသည်။ ပါရမီဆယ်ပါးကိုဖြည့်မှ ဘုရားဖြစ်သည် ဆိုသည့် စကားကိုထောက်၍ ပါရမီခန်းပျို့ကိုပင် ဗုဒ္ဓုပ္ပတ္တိပျို့ခေါ်ဝေါ်ကြသည်ဟု မှတ်လေ..."ဟု ဆိုထားလေသည်။ ဤမှတ်ချက်ကို လေ့လာလျှင် မိုင်းခိုင်းကိုယ်တိုင်ကပင် စာရင်းအနေဖြင့် ဖော်ပြထားရသော်လည်း ရှင်မဟာသီလဝံသရေးပြုသည့် အဖြစ်ကို နှစ်ခြိုက်ကျေနပ်ဟန် မတူပေ။ မရေးဟူသော အယူအဆဘက်သို့ မဝံ့တဝံ့ ရွံ့တရွံ့ဖြင့် ပြင်းထန်စွာ အရေးတင်း ပေးလိုဟန် ရှိ၏။

တစ်ကြောင်းလည်း စဉ်းစားရန်မှာ စာဆိုပညာရှင်ကြီးနှစ်ပါး ပြုစုခဲ့သော စာပေဟူ သမျှကို ခေတ်အစဉ်စဉ် နန်းအဆက်ဆက်က တမလွန်ဘဝ၏ အကျိုးများရာ မျက်မှောက် ဘဝ၏ သင်ခန်းစာအလား အလွန်အားထား ကိုးစား၍ မှတ်သားကြည့်ရှုကြ၊ အရအမိ ကျက်မှတ်ကြ၊ တယုတယ ထိန်းသိမ်းခဲ့ကြသည်။ ထို့ကြောင့်ပင် စာရင်းစဉ်နှင့် မျက်မှောက် ထင်ထင် တွေ့မြင်နေရသော ထိုပညာရှိကြီးနှစ်ပါး၏ ကျမ်းစာစုကို တိုက်စစ်ကြည့်လျှင် အသေးအမွှား စာဖွဲ့စာညွန့်ကလေးများမှတစ်ပါး ယွင်းမှားပိုမိုခြင်းမရှိ တိကျ၊ မှန်ကန်လှ သည်ကို တွေ့ရပေသည်။ အကယ်၍သာ ကျမ်းကြီးကျမ်းခိုင်ဖြစ်သော ဗုဒ္ဓုပ္ပတ္တိပျို့ကို ရှင်မဟာသီလဝံသရေးရိုးမှန်လျှင် ခေတ်အစဉ်စဉ် နန်းအဆက်ဆက် မပျက်မကွက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် ယနေ့ ကျွန်ုပ်တို့ ထိတွေ့ဖတ်ရှုရမည်မှာ မလွဲပေ။ ဤနေရာ တွင် စိစစ်စေ့ငုတတ်သော ဉာဏ်အမြင်ရှိသည့် ပုဂ္ဂိုလ်များက ကမ္ဘာလောင်ကျမ်း ကမ္ဘာ လောင်ပျို့ စသည်တို့ကိုမူ အဘယ်သို့ ယူဆမည်နည်းဟု မေးပေလိမ့်မည်။ ကျွန်ုပ်တို့ အနေဖြင့် ယခုအချိန်တွင်မူ ထိုကျမ်းစာစုကိုလည်း ရေးပြုခဲ့သည်ဟု မယူဆပေ။

ရေးရိုးမှန်၍ နောင်အခါသော်မှ ပြန်လည် ပေါ်ထွက်ခဲ့မူ ကျွန်ုပ်တို့အယူအဆ သည် အလိုလျောက် ပျက်ပြယ်သွားရာ၏။
mgyoe.com

mgyoe.com

ဗုဒ္ဓုပ္ပတ္တိအမည်ဖြင့် ပျို့များ

(က) ပုဂံရှင်ခေမင်္ဂတ တပည့် ပုဂံရွာသာဇာတိ ရာဇသေဠဆရာ အဝမြို့ အနောက်လုင်ကန်ကျောင်းနေ ဆရာဆို သက္ကရာဇ် ၉၇၆ ခုနှစ်၊ စာပြီး ဗုဒ္ဓုပ္ပတ္တိပျို့ (၄ အင်္ဂါမျှ ရှိ၏။ ယခု မန္တလေးတက္ကသိုလ် မြန်မာစာပေဌာနတွင် တွေ့နိုင်သည်။)

(ခ) ကျမ်းပြီးသက္ကရာဇ်မပါ၊ ၁၃၀၃ ခုနှစ် ဟံသာဝတီ ပုံနှိပ်တိုက်မှ ရိုက်နှိပ်သော ရှင်မဟာသီလဝံသ ရေးဆိုသည့် ဗုဒ္ဓုပ္ပတ္တိပျို့။

(ဂ) ၁၂၉၀ ခုနှစ် သီတင်းကျွတ်လ မန္တလေးမြို့၊ ကူးသန်းရောင်းဝယ်ရေး ပုံနှိပ်တိုက်မှ ရိုက်နှိပ်သော ရေစကြိုလျှင် ဖွားရာဖြစ်ဘိ ပဝတ္တိကန်ဦး ဂုဏ်ထူးတိုးတက်ဦးသာဆက်ရေး ဗုဒ္ဓုပ္ပတ္တိပျို့သစ်ဟူ၍ ပျို့ ၃ စောင်ကိုသာ စာပေဂန္ထဝင်တွင် ကျွန်ုပ်တို့ တွေ့မြင်ဖတ်ရှုဖူးပေသည်။ ဝေဿန္တရာဇာတ်တော်တစ်ခုတည်းကို ပျို့သစ် ပျို့ဟောင်းခွဲ၍ အမျိုးမျိုး ရေးသကဲ့သို့ လည်းကောင်း...။

ဇနက္ကဇာတ်တော် တစ်ခုတည်းကို ပျို့သစ်ပျို့ဟောင်း ခွဲ၍ တစ်မျိုးတစ်ဘာသာစီ ဖွဲ့ဆိုသကဲ့သို့လည်းကောင်း၊ ဘုရားရှင်၏ ဖြစ်တော်စဉ်ကိုလည်း ဗုဒ္ဓုပ္ပတ္တိအမည်ဖြင့် တစ်မူတစ်ညာဏ်စီ ရေးဖွဲ့ဆိုရာသည်ဟု ယူဆနိုင်ပါသည်။ ယူဆနိုင်ရန်လည်း အထက်ပါမူ တစ်ခုတည်းနှင့် အသစ်အဟောင်း အမည်ကွဲနေခြင်းက ထောက်ခံနေသည်။ ကျွန်ုပ်တို့ကား ရှင်မဟာသီလဝံသသည် ဗုဒ္ဓုပ္ပတ္တိအစား အရတူ၍ လုံးဝအမည်ကွဲသော 'ပါရမီခန်း' ဟူသောအမည်ဖြင့် ပျို့တစ်စောင်တစ်ဖွဲ့ကိုသာ ရေးပြုစီရင်ခဲ့သည်ဟုသာ မှတ်ယူလိုလှပါသည်။ ။

mgyoe.com

mgyoe.com

# မဟာသီလဝံသ

ဦးဆန်းထွန်း-မန်းတက္ကသိုလ်

## [ ၂ ]

"တောင်တွင်းအရပ်မှ ရောက်လေသော ရှင်မဟာသီလဝံသ ပုဂ္ဂိုလ်အား ထူပါရုံဘုရား အရှေ့မြောက်ယွန်း ရတနာဗိမာန်ကျောင်းကို တင်တော်မူ၍ ကျွမ်းဂန်ပို့သတော်မူရသည်"

ရှင်မဟာသီလဝံသကား ဤသို့ ရာဇဝင်၌ စာသုံးကြောင်းမျှ စာတင်ခံရသော ရာဇဝင်ကျော် ပုဂ္ဂိုလ်ပါတည်း။

"မကိုအစ၊ ဟကိုဒီဃာ၊ သမှာဤနှင့်၊ စဉ်သင့်ပြီးစွာ၊ လမှာရေးထ၊ ဝ၏အထိပ်၊ ဦးခေါင်းရိပ်တွင် တန်ဆိပ်ကဲ့သို့၊ တင်ပြီးမြို့မှ၊ သကိုအဆုံး၊ နိဒါန်းကုံး၍" (တောင်တွင်းလား)။

ကိုးခန်းပျို့နိဂုံး၌ ရှင်မဟာရဋ္ဌသာရသည် သူ၏ဘွဲ့အမည်ကို ရာ+အဋ္ဌ+သာရ (ရဋ္ဌသာရ) ဟု ဗျတ္တသမတ္တဇာတိမျိုးဖြစ်သော ဝိဒဂ်နည်းဖြင့် ဖွဲ့သည်လောက် မကွယ်ဝှက်သော သန္ဓိရိပ်နည်းသန့်သန့်ဖြင့် 'မဟာသီလဝံသ' ဟူသော ဘွဲ့မည်ကို ဆရာတော်ကိုယ်တိုင် တောင်တွင်းလားပျို့အဆုံး၌ ဖွဲ့သည်။ ('သီလဝံသ မဟာထေရနှ၊ နိုင်ငံအနှံ့၊ ဂုဏ်နံ့ပျံ့သော၊ သီလဝံသအမည်၊ မြတ်သော ထေရ်သည်။ ဗန္ဓကဗျာသ၊ ဘွဲ့သ ထင်ရှား၊ တောင်တွင်းလားဟု၊ နည်းများခက်စွာ၊ ပျို့ကဗျာ၏'။ ။ အဖြေ။)

"သာလှမောသည်၊ တောင်တွင်းပြည်က၊ ရောက်ပါသည်သာ" (တောင်တွင်းလား)။

အထက်ပါ တောင်တွင်းလားစာနှင့် 'တောင်တွင်းအရပ်မှ ရောက်လာသော'

mgyoe.com

mgyoe.com
ဟူသည့် ရာဇဝင်စကား ထပ်မိသည်။

'မျက်ရှင်ရောင်ပျို' ချီ ရတနာဗိမာန်ကျောင်း ကျောက်စာသံပိုင်း၌ 'ထူပါရုံဝယ်၊ လက်ဝံစွယ်က၊ အောင်ရွယ်ချိုးသောင်း၊ မြို့ကောင်းကျောင်း၌၊ နောက်နှောင်း သာသနာ၊ စေ့ခါတိုင်အောင်၊ တည်စိမ့်ထောင်သား၊ ကျောက်ဆောင်လင်္ကာ၊ သံပိုင်းစာကို၊ မဟာသီလဝံသ၊ ထေရ်ကုံလျှင်၊ မဆွရေးစို၊ ကျောင်းရိပ်ခိုသား၊ ပုဂ္ဂိလ်တို့နောက်၊ သျှစ်ဆက်မြောက်' ဟူ၍ ထူပါရုံဘုရားအနီး ရတနာဗိမာန် ကျောင်းနေ (အဋ္ဌမ) ပုဂ္ဂိုလ်ဖြစ်ကြောင်း ဆရာတော်ကိုယ်တိုင် စာဖွဲ့သည်။

ရှင်မဟာသီလဝံသ၏ အတ္ထုပ္ပတ္တိ၊ ပထမဆုံးတွေ့ရသည့်နေရာမှာ လက်ဝဲနော်ရထာလျှောက်ထုံး ဖြစ်သည်။

"ရှင်မဟာသီလဝံသနှင့် ရှင်ဥတ္တမကျော် ငယ်ဆရာ တစ်ချက်တည်းပင်။ နောက်မှ စာသင်အရပ်ရပ် လှည့်ကြရာတွင် ရှင်မဟာသီလဝံသသည် ညောင်ဦး ဆပ္ပဋ္ဌေသ (ဆပ္ပဒေါသ) ဥမင်၌ သီတင်းသုံးသော ရှင်သဒ္ဓမ္မဇောတိပါလအထံတွင် ကျမ်းဂန်စာများ သင်ကြားလေသည်။ ငယ်ဆရာမှာ တောင်တွင်း (ကြီး) မြို့ မြောက်ထူပါရုံ ဘုန်းတော်ကြီး အထံတွင် နှစ်ဦးစလုံးကိုပင် တစ်နေ့တည်းအပ်လာသည်ဟူ၍ သူကြီးသူဟောင်းတို့ ပြောစဉ်ရှိသည်။ ရှင်ဥတ္တမကျော်မှာ ကျမ်းဂန်ပါဠိပါဠိမပြု၊ နရပတိရေလား လင်္ကာတစ်စောင်သာပြုသည်။ ရှင်သီလဝံသလည်း ကျမ်းဂန် ပါဠိပါဠိမပြုခဲ့။ ပါရမီခန်း၊ ဆုတောင်းခန်း၊ တန်တားဦးတည် (ပြည်စုန် ပြည်ဆန်)၊ နန်းဖွင့်၊ ဓမ္မပါလပျို့အစ တဆဲ့နှစ်ပိုဒ်၊ တောင်တွင်းလား၊ သည်စာများကိုသာ ပြုခဲ့သည်" (၁၁၂၃၊ နတ္တော်လ)

ရှင်မဟာသီလဝံသ၏ အတ္ထုပ္ပတ္တိ၊ ဒုတိယတွေ့ရသည့်နေရာမှာ သာသနာလင်္ကာရ ဖြစ်သည်။

"× × × × ထိုအရှင် (မဟာသီလဝံသ) ကား သက္ကရာဇ် ၈၁၅ ခုဖွား၊ အသက် ၄၀ ပြည့်လွှင် အဝသို့ လာသည်ဟူ၍ စာတမ်းများတွင် ဆိုသည်။ ရှင်ရဋ္ဌသာရကား ၈၃၀ ဖွား၊ အဝတွင်ပင် နေရင်းဖြစ်သည်။ ရှင်သီလဝံသက ရှင်ရဋ္ဌသာရထက် ၁၅ နှစ်ကြီး၏။ ထိုဆရာနှစ်ပါးသည် ပျို့ကဗျာလင်္ကာ လေ့လာ၏။ ရှင်သီလဝံသကား နေတ္တိနိဿရည်းနှင့် ပါရာယနဝတ္ထု၊ ဤဓမ္မဝတ်စာ နှစ်ကျမ်းကိုလည်း ပြု၏။ ရှင်ရဋ္ဌသာရပြုသော ဓမ္မဝတ်ကျမ်းမရှိ၊ × × × × " (၁၁၃၉ ခု)။

ရှင်မဟာသီလဝံသ၏ အတ္ထုပ္ပတ္တိ၊ တတိယတွေ့ရသည့်နေရာ သက္ကရာဇ် ၁၂၁၃ခု၊ သီတင်းကျွတ်လဆန်း (၁)ရက်၊ ကြာသပတေးနေ့၊ မင်းလှသီရိသီဟသူ ရေးသော ဆရာတော်များ ဦးရေစာရင်းဖြစ်သည်။
mgyoe.com

(၁) ရှင်မဟာသီလဝံသ

"သက္ကရာဇ် ၈၁၅ ခုနှစ်တွင် ဖွားမြင်သည်၊ နံ–သောကြာ၊ ဇာတိ–တောင်တွင်းကြီးမြို့။ ငယ်မည် × × ×။ သက်တော် ၆၇ နှစ်၊ သက္ကရာဇ် ၈၈၂ ခုတွင် ဘဝပြောင်းတော်မူသည်။ ။"

ရှင်မဟာသီလဝံသ၏အတ္ထုပ္ပတ္တိ၊ စတုတ္ထတွေ့ရသည့်နေရာမှာ ....သက္ကရာဇ် ၁၂၂၆ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့ သံတော်ဆင့် မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်း မဟာသီရိဇေယသူ ကောက်နုတ်ရေးသား ဆက်သွင်းသည့် ပြည်ဘွဲ့မြို့ဘွဲ့လင်္ကာစု ဖြစ်သည်။

ထိုလင်္ကာစု၊ ဆုတောင်းခန်းပျို့၊ ပြည်ဘွဲ့မြို့ဘွဲ့ နိဒါန်းတွင် ရှင်မဟာသီလဝံသ၏ ငယ်မည် ဦးညို ဟု တွေ့ရသည်။

ထို့နောက် သက္ကရာဇ် ၁၂၂၇ ခု၊ နယုန်လဆန်း ၉ ရက်နေ့စာပြီး၊ အမှာရေးမင်းလှဇေယသူ၏ ကဝိလက္ခဏာဒီပနီ၊ နေမျိုးဆက်ပြုန်းချီအဖွင့်၌ "၈၃၀ ပြည့်ဖွားသော ငယ်မည် မောင်ညို၊ ရဟန်းမည် ရှင်မဟာသီလဝံသအကျော်" ဟု တွေ့ရသည်။

ရှင်မဟာသီလဝံသ၏ ဖွားသက္ကရာဇ်ကို ၈၁၅ ခုဟု သာသနာလင်္ကာရတွင် ဦးစွာ တွေ့ရပြီးနောက် ၈၃၀ ပြည့်ဟု ကဝိလက္ခဏာဒီပနီတွင် ဦးစွာတွေ့ရပြန်သည်။

ရှင်မဟာသီလဝံသ ဖွားသက္ကရာဇ် ၈၁၅ ခု အများလက်ခံထားသော အချက်ဖြစ်၍ အထူးဆိုဖွယ်မရှိ၊ ၈၃၀ ပြည့်ဖွားဖြစ်ကြောင်း တစ်ဖန်ဆိုသောနေရာမှာ ဆရာတော်ခင်ကြီးဖျော် အတ္ထုပ္ပတ္တိဖြစ်သည်။ "ငယ်မည် ဦးညို၊ ရဟန်းအမည် ရှင်မဟာသီလဝံသ၊ ဖွားနှစ် သက္ကရာဇ် ၈၃၀ ပြည့်" ဟု ဆိုသည်။

ဆရာတော်ခင်ကြီးဖျော် အတ္ထုပ္ပတ္တိမှာ ဒီမိုင်းဆိုက်၊ စာမျက်နှာအမှတ် ၂၃ ရှိသည်။ ၁၂၀၄ ခုဖွား၊ ၁၂၈၈ ခုစုတိ၊ ငယ်မည် ဦးလုံး၊ ဘွဲ့ ဦးရေဝတ၊ ကန်တော်မင်းကျောင်း ဆရာတော်၊ ၁၂၆၇ ခု၊ တန်ဆောင်မုန်း လပြည့်၊ သောကြာနေ့ စီရင်ပြီးဖြစ်သည်။

"မြက်ဖျားဘုန်းထွတ်၊ ရှင္ဌသာရ၊ မည်ရတွင်ခေါ်၊ တပည့်တော်ကို၊ ကော်ရော်ရှိသေ၊ စူးစမ်းချေဟု၊ မိန့်ထွေမကြာ၊ စူးစမ်းလှာသော်" (တောင်တွင်းလား)။

'ကော်ရော်ရှိသေ' ဟူသော စကားအရ ရှင်ရဋ္ဌသာရထက် ရှင်မဟာသီလဝံသက (၁၅) နှစ်ကြီး၍ ဗုဒ္ဓါပစယန သဘောဖြင့် ရှိသေသလော၊ ရွယ်တူပင် ဖြစ်သော်လည်း "ကျိုးဘုတ်ရှိသေ၊ ဘုတ်ကျိုးရှိသေ"...သမာနတ္တတာ သဘောဖြင့် ရှိသေသလော၊ အတပ်မပြောနိုင်ပေ။

အတွင်းသက်သေ များများမရဘဲ အစဉ်အလာအမှတ်အသားများဖြင့်သာ

mgyoe.com

mgyoe.com

ရေးပြောနေရသည်မှာ အားမရစရာဖြစ်သည်။

၁၂၁၃ ခု၊ 'ဆရာတော်များ ဦးရေစာရင်း' ရေးမှတ်သော မင်းလှသီရိသီဟသူသည် ရှင်မဟာသီလဝံသ၏ငယ်မည်ကိုလည်း မသိ၊ ရှင်မဟာရဋ္ဌသာရ၏ ငယ်မည်ကိုလည်း မသိ။

၁၂၂၆၊ ၁၂၂၇ ခု၊ ပြည်ဘွဲ့မြို့ဘွဲ့ လင်္ကာစုနှင့် ကဝိလက္ခဏာဒီပနီခေတ်တွင် ရှင်မဟာသီလဝံသ၏ ငယ်မည် မောင်ညို၊ ရှင်မဟာရဋ္ဌသာရ၏ငယ်မည် မောင်မောက်ဖြစ်လာသည်။

"ရှင်ဥတ္တမကျော် လူနှင့် စာဆိုလေ့လာချက်" တွင် မိဘများပေးသော သူ၏ငယ်မည်မှာ "မောင်ညို" ဖြစ်သည် ဟူသော အမှတ်အသားကား သီးခြား၊ အဆန်းတစ်ခုဖြစ်သည်။ (ဟံသာဝတီ၊ ၁၉၆၄)

၁၂၄၁ ခု၊ ဝါဆိုလဆန်း (၆) ရက် တနင်္လာနေ့ ၂ ပဟိုရ်အချိန်ပြီး၊ (၁၁) ရက်နှင့် အပြီးရေးသော မဟာရဋ္ဌသာရပ္ပတ္တိကထာ (တာ–ဒီ၊ ၁၁ ကြောင်းရေး၊ ရွှေပိန်း)။ ၆၄ ပါးသော မိန်းမပြတ်တို့လက္ခဏာ–

(ဒီ–ဓိ၊ ၄င်း)။ ရှင်တေဇောသာရအတ္ထုပ္ပတ္တိ

(ဓိ–ဓု၊ ၄င်း)။ ရှင်အဂ္ဂသမာဓိအတ္ထုပ္ပတ္တိ

(ဓု–ဓိ၊ ၄င်း)။ ရှင်မဟာသီလဝံသအတ္ထုပ္ပတ္တိ

(ဓိ–နာ၊ ၄င်း)။

ယင်းအတ္ထုပ္ပတ္တိများကို မိုင်းခိုင်းအတွင်းဝန် ရေးသည်။ စိတ်ကူးယဉ် ပြုံးပြွမ်းလှသည်။

[၂]

ပြည်တွင်းပြည်ပ နိုင်ငံခြားဘာသာဖြင့် ရေးကြကုန်သော စာရေးဆရာများ လည်း ရှင်မဟာသီလဝံသအကြောင်း တစေ့တစောင်းမျှ လေ့လာ၍ ရေးကြသဖြင့် ပွဲတင်သံမျှလောက်သာ ဖြစ်သည်။

ရှင်မဟာသီလဝံသ၏ တကယ်မရေးဘဲ အရေးလုပ်လာခဲ့သော သံဝေဂခဏ်းနှင့် ပတ်သက်၍ ရှင်မဟာသီလဝံသအား တကယ့်တော်လှန်ရေးသမားကြီး တစ်ဦးအဖြစ် အစွမ်းကုန် အမွှမ်းတင်ခဲ့ကြခြင်းအတွက်လည်း စာရေးဆရာ တော်တော်များများ လက်လွန်နှုတ်လွန် ဖြစ်ခဲ့ကြပြီ။

ပုဒ်မ ၄၈၃ ရှိသော ဝေါဟာရ ဝိပလ္လာသ ဒီပကကျမ်း၊ ပုဒ်မ ၁၁၈ (စကားမဆိုမာ) ၌– "ဟံသာဝတီရောက် မင်းသံဝေဂခန်းလင်္ကာတွင် တပြောင်းတပြန်ပြန်၊ လော်ကစံ

mgyoe.com